www.burmeseclassic.com

# ဒိုကိုဇူးဇင

## ရေခဲတောင်မုဆိုး




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# နီကိုရူးဇင်

## ရေခဲတောင်မုဆိုး


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၅၅၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၅၀၅၀၄

၂၀၀၇ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- မျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

မြန်မာပြည်မြောက်ဖျားစွန်း။
ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၅၈၀၀
ခါကာဘိုရာဇီ ရေခဲတောင် ... ။
သူ့ မျက်လုံးတွေက ပြာသည်။

သူ့ဆံပင်တွေက သူ့ပခုံးပေါ်သို့တိုင် ရှည်လျားစွာ ရှုတ်ထွေးခွေကျနေသည်။

သူ့ အရပ်က မြင့်မားသည်။
သူ့ အသားအရည်က ဖြူမလိုနဲ့ နီနေသည်။
သူ့ အသက်က ဆယ့်ကိုးနှစ်။
သူ့နာမည်က လူဒီ ... ။
သူ့ အလုပ်က မုဆိုး ...

www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းသည် ...

ကြမ်းသည် ... ။

သည်ရေခဲတောင်ပေါ်မှာပဲ လုဒီ အနေများသည်။

သူ့လက်ထဲမှာ သတ္တဝါတွေကို သတ်တဲ့ လက်နက်တစ်ခုကို အမြဲကိုင်ထားသည်။

ဆူးချွန်တွေ ...

မှျားတွေ ...

ဓားတွေ ...

ကြမ်းကြမ်းတမ်းတမ်း ကျင်လည်ကျက်စားနေရတာကို လုဒီ ကြိုက်သည်။ သားကောင်နောက်ကို အမြဲလိုက်နေရတာကို လုဒီ ပျော်သည်။

ခုလည်း ...

ရေခဲတောင် တစ်ခုရဲ့ ထိပ်ဖျားစွန်း အစပ်တစ်နေရာကို လုဒီရောက်သည်။

လုဒီ ချောင်းနေတာ ယုန်ဖြူလေး တစ်ကောင်။

ခုန်ဆွ ခုန်ဆွနဲ့ ...

လုဒီရှေ့က ဖြတ်ပြေးသွားသည်။

ရေခဲချောက်ကြီးနားမှာ ပျောက်သွားသည်။

ရှာလို့မတွေ့ ... ။



ငြိမ်နေသည်။

သည် ယုန်ဖြူလေးကို လုဒီ မရလို့မဖြစ်။

ဆေးဖော်ဖို့ ...

ရေခဲစုမြစ် ထဲမှာ စိမ်ပြီ ဆေးဖော်မလို့။

ယုန်ဖြူဆီ ...

အနာကျက်တဲ့ဆေး။

အဆပ်ပြေတဲ့ဆေး။

နေနီ

ဒဏ်ရာရထား၍ တဲမှာကျန်နေခဲ့သည်။

သူမသည်လည်း မျက်လုံးပြာပိုင်ရှင်မလေး ဖြစ်သည်။

ကိုယ်လုံးကိုယ်ပေါက်လှသည်။

အရပ်အမောင်းက မြင့်သည်။

ပေါင်တံတွေက သွယ်ပြီး ရှည်သည်။

သို့သော် ... လုဒီလိုပဲ သူမသည်လည်း ရိုင်းသည်။

စိတ်က ကြမ်းသည်။

မိန်းကလေးမို့ နူးနူးညံ့ညံ့လေး မထင်လိုက်လေနဲ့။

သွားကြမ်း ... လာကြမ်း ... အိပ်ကြမ်း ... စားကြမ်း ...

www.burmeseclassic.com

www.burmeseclassic.com



အဲ ...

အဲကုန်ကြမ်း ...

ကြမ်းလွန်းတော့ သူမဆေးတွေက မခံနိုင်။

ဝက်ဝံကြီးတစ်ကောင်နောက်ကို လိုက်ရင်း ရေခဲချောက်တစ်ခုထဲကို ပြုတ်ကျသွားခဲ့သည်။

သူမ တစ်ကိုယ်လုံး ဒဏ်ရာတွေ ရသွားခဲ့သည်။

အဆိုးဆုံးဒဏ်ရာက ...

သူမ ပေါင်ရင်းကို စိုက်ဝင်သွားတဲ့ ရေခဲဆူး အဆိပ်။

အပြင်းဖျားပြီး မထနိုင်။

တဲထဲမှာ လဲနေတာ သုံးရက် ...

သည်အဖျားကို နိုင်တာ ယုန်ဖြူဆီ။

သည်ရေခဲတောင်ပေါ်က သဘာဝဆေးဥဆေးမြစ်တွေကို စားပြီး အသက်ရှင်နေတဲ့ ယုန်ဖြူလေးတွေ။

သူတို့ ကိုယ်ပေါ်က ထွက်တဲ့အဆီ ...

ယုန်ဖြူဆီ ...

သောက်လည်းသောက် ...

ဒဏ်ရာကိုလည်းလိမ်း။

ရေခဲဆူးအဖျားလောက်တော့ အေးဆေးပဲ။

"ဖျပ် ..."





"ဖလပ် ..."

"ဖျပ် ..."

"ဖျပ် ..."

"ဟော ..."

ရေခဲချောက်အစပ်က ခြုံပုတ်လေးထဲမှာ ယုန်ဖြူလေးဝပ်နေတာ လှဒီတွေ့သွားပြီ။

"ရွှတ် ..."

"ရွှီး ..."

လှမ်းလိုက်တဲ့ လှဒီ။

ဆူးချွန်တစ်ချောင်းသည် လှဒီလက်ထဲက ပြေးထွက်သွား၏။

အရှိန်ပြင်းပြင်းနဲ့ လေထုကို ခွင်းသွားသည်။

ခြုံထဲကို တိုးဝင်သွားသည်။

ကွက်တိ ...

ယုန်ဖြူလေးဆီက ဂီစနဲ့ အော်သံတစ်ချက်ကြားလိုက်ရသည်။

သွားကောက်လိုက်တော့ပဲ။

"ဟင်း ... ဟင်း ..."

နေနီ ...

www.burmeseclassic.com

www.burmeseclassic.com



တဲထဲမှာ ညည်းနေသည်။

ခြေထောက်နှစ်ချောင်းကို ကွေးပြီး ခွေခွေလေး ဘေးစောင်းလှဲအိပ်နေသည်။

အနားမှာ ဘယ်သူမှ မရှိ။

သူ့အဖေ ဦးဖုန်းရမ်လည်း မရှိ။

"ဦးဖုန်းရမ် ..."

"ဦးဖုန်းရမ် ..."

လုဒီသည် ဦးဖုန်းရမ်ကို တဲအနားတစ်ဝိုက်မှာ လိုက်ရှာကြည့်နေသည်။

မတွေ့တော့။ တဲဆီကိုပဲ လှည့်ပြန်လာသည်။

ဒီလောက် ရာသီဥတုဆိုးပြီး နှင်းခဲမုန်တိုင်းတွေကျနေတဲ့အချိန်မှာ ဦးဖုန်းရမ်ဘယ်ကို လျှောက်သွားနေတာလဲ။

"နေနီ ..."

နေနီဘေးမှာပဲ ခမ်ကြမ်းကြမ်းနေထိုင်ပစ်လိုက်တာ လုဒီ။

"ရခဲ့လား ..."

"ရတယ် ..."

"ဟင်း ... ဟင်း ... ငါ အရမ်းဖျားနေတယ် ... လုဒီ"

"နင်မသေပါဘူး ..."



လုဒီသည် နေနီကို မကြည့်ဘဲ ပြောနေသည်။

နေနီကလည်း မျက်လုံးတွေကို မှိတ်ထားသည်။

တင်ပါးတွေကို လုဒီထိုင်နေတဲ့ဘက်ကို စောင်းထားသည်။

"ငါ့ကို ငါ့ကို ဆေးမြန်မြန်တိုက်ပါ ..."

အဖျားဒဏ်ကို နေနီ မခံနိုင်။

"အေး ... တိုက်မယ် ... အခု နင့်အဖေ ဘယ်မှာလဲ ..."

"ထင်း ... ထင်းရှူးတောထဲသွားတယ် ..."

"ဘာ ..."

လုဒီ မကြိုက်ပါ။

ထင်းရှူးတောထဲမှာ ထောင်ချောက်တွေ ဆင်ထားသည်။

မတော်တဆ ပြုတ်ကျသွားရင် ဘယ်လိုလုပ်မလဲ။

"ခက်တာပဲ ..."

လုဒီ မျက်နှာပျက်သွားတာ နေနီကတော့ သိမှာမဟုတ်။

မလိုက်နဲ့ပြောတာလည်း မရ။

လုဒီ သွားတဲ့နောက်ကို တစ်ကောက်ကောက် လျှောက်လိုက်နေတဲ့ အသားအဖ။

www.burmeseclassic.com

www.burmeseclassic.com



နေနီက လုဒီရဲ့ သူငယ်ချင်း။

ဦးဖုန်းရမ်က မုဆိုးကြီး။

ဒါပေမဲ့ အသက်ကြီးပြီ။

သားကောင်တွေနောက်ကို သိပ်မလိုက်နိုင်တော့ပြီ။

"နှင်းအဖေကို ထင်းရှူးတောထဲမသွားဖို့ ငါအတန်တန်မှာထားရဲ့သားနဲ့ … ငါ့စကားကို နှင်းအဖေ ဘာလို့ နားမထောင်တာလဲ …"

"ရေ … ရေသွားရှာတာ …"

"ငါရှာပေးမယ်လို့ ပြောထားတာပဲ …"

"လုဒီ … ရေ"

"လုဒီ …"

"ဟင် …"

ဦးဖုန်းရမ်ရဲ့ အသံ။

အပြင်မှာ တဖွဲဖွဲ တသဲသဲကျနေတဲ့ နှင်းထုတွေထဲက ပေါ်ထွက်လာတဲ့အသံ။

ပြေးလာတဲ့ ခြေသံက ကြမ်းနေသည်။

"ဖျောက် …"

"ဖျောက် …"



"ဖျောက် …"

"လုဒီရေ …"

"လုဒီ …"

အသံမဆုံးခင်မှာ တဲထဲကို ဦးဖုန်းရမ် ရောက်လာသည်။

"ဘာလဲဗျ …"

"ဟို … ဟို"

စကားကို ဆက်မပြောနိုင်။

ဦးဖုန်းရမ်မောနေသည်။ အသက်ကို ဝအောင်မနည်းရှူနေသည်။

"အောက် … အောက်ဘက်က ကျောက်ဖလူးလွင်ပြင်မှာ လူလူတစ်ယောက် ရေခဲချောက်ထဲ ကျနေတယ် …"

"ဘာ …"

"ဒီ … ဒီအတိုင်းဆက်ထားရင် သေလိမ့်မယ် … သွေ့သွားလိမ့်မယ် … ငါတို့ သွားကယ်လိုက်ရအောင် …"

တုန်လှုပ်နေတဲ့ ဦးဖုန်းရမ် …

ချောက်ချားနေတဲ့ ဦးဖုန်းရမ်။

ရေခဲချောက်ထဲကျနေတဲ့လူကို သွားကယ်ဖို့ ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မကယ်ဘူးဗျာ ..."

"ဘာ ..."

"လူဆိုးလားမသိ လူကောင်းလားမသိ ... ရှုတ်တယ် ... သေပေစေ ... ခင်ဗျား ပြန်မသွားနဲ့တော့ ..."

အသည်းမာတဲ့ လုဒီ။

အဲဒီလူကို ကယ်ဖို့ စိတ်မဝင်စား။

"ဟိုမှာ ခင်ဗျားသမီးသေတော့မယ် ... အဲဒါ အရေးကြီးတယ် ... ယုန်ဖြူဆီ ခင်ဗျားထုတ် ... အဲဒီအလုပ်ပဲ ခင်ဗျားလုပ် ..."

လုဒီ ထွက်သွားပြီ။

တဲအပြင်ကို ရောက်သွားပြီ။

အေးခဲနေတဲ့ ရေခဲတွေထဲ။

ထောင်ချောက်တွေထဲမှာ ညက ဘာကောင်တွေ ကျခဲ့သလဲဆိုတာပဲ လုဒီ သိချင်နေသည်။

သူက စုတ်ဖွား။

ဆံပင်တွေက နီကြောင်ကျား။

"ဟေး ..."

"ဟေး ..."

လုဒီ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။





အသံ တိုးတိုးလေး ...

အသံသေးသေးလေး ...

အဝေးကြီးက လာနေသည်။

မမြင်ရတဲ့ နေရာတစ်ခုက လာနေသည်။

"ဒီအတိုင်းဆက်ထားရင် သေလိမ့်မယ် ... သေသွားလိမ့်မယ် ... ငါတို့သွားကယ်လိုက်ရအောင် ..."

ဦးဖုန်းရမ် ပြောလိုက်တဲ့ စကားတွေ။

လုဒီနားထဲမှာ ပဲ့တင်ထပ်သလို ပြန်ကြားနေရသည်။

လုဒီ ရှေ့မှာ ရေခဲပြင်ကြီး။

အက်ကွဲရာတွေနဲ့ ပြည့်နေသည်။

အက်ကွဲကြောင်းတွေနဲ့ ထပ်နေသည်။

ထင်းရှူးတောက အောက်ဘက်မှာ။

အဲဒီမှာ ဝက်ဝံတွေကို ထောင်ထားတဲ့ ထောင်ချောက်တွေရှိသည်။

ကျောက်ဖလူးလွင်ပြင်။

တဲကလေးကနေ ... မိုင်ဝက်လောက် သွားရတဲ့ နေရာ။

တောက်လျှောက် အဆင်းတွေချည်းပဲ ဖြစ်သည်။

ကျောက်တုံးတွေပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူးခြုံတွေများသည်။

ဝက်ဝံကြီးတွေ လာတတ်တဲ့ နေရာ။

"ဟေး ... "

"ဟေး ... "

ရေခဲချောက်ထဲကလူ။

အဲဒီလူ အော်နေတဲ့အသံလား။

ရှတ်လိုက်တာ။

လူတွေ ...

ဒီလောက် အသက်အန္တရာယ်များတဲ့ နေရာကို ဘာ လာလုပ်တာလဲ။

မကယ်ချင်ပါဘူး။

သေသွားတာပဲ ကောင်းတယ်။

လုဒီ နှာခေါင်းရှုံ့နေသည်။

အဲဒီလူအော်နေတဲ့အသံကို ခေါင်းထဲက မောင်းထုတ်နေသည်။

လုဒီ စိတ်ဝင်စားတာ။

ဝက်ဝံထောင်ချောက်။

ဆယ့်ငါးရက်ကျော်ပြီ။

ခုထိ ...





တစ်ကောင်မှ မကျသေး။

ညက နှင်းမုန်တိုင်းကြီးကျတော့ ... လေကွယ်တဲ့ ရာမှာ ဝက်ဝံကြီးတွေ ခိုနေမှာ သေချာသည်။

နေနီကလည်း အားကိုးလို့မရ။

ဦးဖုန်းရှမ်ကတော့ အတွေ့အကြုံများသူမို့ နည်းနည်း တော့ အားကိုးလို့ ရသေးသည်။

"ဟေး ... "

"ဟေး ... "

အသံတွေ ကြားနေရပြန်ပြီ။

ဇွဲမလျှော့ဘဲ အော်နေတဲ့လူ။

ရေခဲချောက်တွေက အနက်ကြီး။

သေမှာပဲ ...

ကယ်မဲ့သူမရှိရင် ဘယ်လိုမှ ပြန်တက်လို့မရ။

တစ်သက်လုံးပြန်လမ်းမရှိ။

"ဟေး ... "

"ဟေး ... "

အသံတွေက ဝေးသွားလိုက် နီးလာလိုက်နှင့် ပဲ့တင် သလို ပြန်လာနေသည်။

"လုဒီ ... "



www.burmeseclassic.com

www.burmeseclassic.com



"လုဒီ ..."

အဖိုးကြီး ဦးဖုန်းရမ်။

လုဒီနောက်မှာ။

"အဲဒီလူကို ငါ သွားကယ်မယ် ... မင်း မလိုက်ချင်လည်း နေခဲ့ ..."

"ဘာ ..."

ဦးဖုန်းရမ် ...

သူ့ပခုံးပေါ်မှာ ကွင်းဆက်ကြိုးထုံးကြီးကို ထမ်းလာ သည်။

မျက်နှာမှာ ချွေးတွေနဲ့ရွဲနေသည်။

မျက်လုံးတွေက နီရဲနေသည်။

အရက်နံ့ ...

ဦးဖုန်းရမ်ဆီက လာတဲ့ ခေါင်ရည်နံ့။

"ခင်ဗျား ... ခင်ဗျား တော်တော်အလုပ်ရှုပ်တာပဲဗျာ ... သူ့ကိုကယ်တော့ ... ခင်ဗျား ဘာရမှာမို့လို့လဲ ... ကိုယ့်ဘာ ကိုယ်ရှာလို့ ..."

"ငါ ပစ်မထားနိုင်ဘူး လုဒီ ..."

ဦးဖုန်းရမ် ပြတ်သည်။

စကားကို ရှည်ရှည်ဝေးဝေး သိပ်ပြောချင်ပုံမရ





ရေခဲချောက်တွေရှိတဲ့ဘက်ကို သူအမြန်ဆုံး ရောက် သွားချင်နေပြီ။

"မင်း မလိုက်ချင်လည်း နေခဲ့ ... ငါ ရအောင်ကယ်မယ်ကွ"

"ဦးဖုန်းရမ်"

"ဟင် ..."

လှည့်ထွက်သွားမလိုလုပ်ပြီးမှ ဦးဖုန်းရမ်ရဲ့ ခြေလှမ်း တွေ ပြန်ရပ်သွားသည်။

"ခင်ဗျား မကယ်ရဘူး ..."

"မင်း ... မင်း ရက်စက်လှချည်လားဟင် လုဒီ ... လူ့အသက် ဆိုတာ ရခဲတယ်ကွ ... နားလည်လား ... လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် ... ကယ်ရမဲ့ တာဝန်က ... ငါ့ရဲ့ တာဝန် ပဲ ..."

"နှင်းမုန်တိုင်းတွေ ဒီလောက်ကျနေတာ ... ခင်ဗျားပါ ရေခဲ ချောက်အောက်ကို ရောက်သွားချင်လို့လား ... ခင်ဗျား သေသွားချင်လို့လား ..."

"ငါ သေရဲတယ် လုဒီ ..."

"ဘာ ..."

"ငါသွားပြီ"

ဦးဖုန်းရမ် နောက်ကို လှည့်မကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖလူးလွင်ပြင်ဘက်ကို ထွက်သွားပြီ။

ယိုင်တိယိုင်ထိုးနဲ့ ...

ခေါင်းရည်တွေ ခပ်များများ သောက်သွားပုံရသည်။

"သေတော့မှာပဲ ..."

လုဒီ

နဂိုကမှ စိတ်ကြမ်းကိုယ်ကြမ်း။

စိတ်မြန် လက်မြန်။

ရေခဲချောက်ထဲက လူကို သူဘယ်လိုကယ်မှာလဲ။

ဖွီး ...

တော်တော်ရှည်ကြောတဲ့ အဖိုးကြီး။

နေရာတကာ ဝင်ပါချင်တဲ့ အဖိုးကြီး။

"ဦးဖုန်းရမ် ခင်ဗျားနေဦး ..."

လုဒီ ပြေးလိုက်သွားသည်။

ဦးဖုန်းရမ်ကိုယ်ကြီးကို သူ့ဘက်ရောက်အောင် ခပ်ကြမ်းကြမ်း ဆွဲလှည့်သည်။

"နေနီကို ဘာလုပ်ထားခဲ့လဲ ..."

"ဆေး တစ်ခွက်တိုက်ခဲ့တယ် ..."

"ဟေး ..."

"ဟေး ..."





"ဟာ ... ဟိုလူ အော်နေပြီကွာ ..."

ဦးဖုန်းရမ် ...

ဒယီးဒယိုင်နဲ့ ထွက်သွားမြန်ပြီ။

ကွင်းဆက်ကြိုးခွေက အလေးကြီး။

လဲကျမသွားတာ ကံကောင်း။

"ပေးစမ်းပါဗျာ ..."

လုဒီ မနေသာတော့ ...

ဦးဖုန်းရမ်း မျက်နှာဝင်းလက်သွားသည်။

မုဆိုးကြီးပေမဲ့ ...

စိတ်ကောင်းရှိတဲ့ မုဆိုးကြီး ဦးဖုန်းရမ်။

"ကျွန်တော်လိုက်ခဲ့မယ် ..."

စကား သိပ်မပြော။

လုဒီကတော့ ...

တစ်ခွန်းဆိုတစ်ခွန်း ...

တိုတိုတုတ်တုတ်ပဲ ... ။

ခပ်ပြတ်ပြတ်ပဲ။

"ဘယ်မှာလဲ ..."

"ကျောက်ဖလူး လွင်ပြင်အဆုံးမှာ ..."

"သွားဗျာ ... သွား ... ရှေ့က မြန်မြန်သွား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... "

"ဝေါ ... "

နှင်းမှုန်တိုင်းတွေ။

မိုးသီးကြီးတွေလို ကျလာနေသည်။

ရေခဲပြင်ကြီးပေါ်မှာ လူနှစ်ယောက် ...

နှင်းတွေထဲကို တရွေ့ရွေ့ တိုးဝင်ပျောက်ကွယ်သွားသည်။

---- ❀ ----





## အခန်း (၂)

"ပျော ... "

"ပော ... "

"ဝေး ... "

ဦးဖုန်းရမ်

ဝမ်းသာအားရ ပြန်အော်နေသည်။

အသံကိုပဲ ကြားနေရသည်။

လူကို မမြင်ရ။

ရေခဲချောက်လည်း ဘယ်လောက်နက်မှန်း မခန့်မှန်းတတ်။ အောက်ခြေသည် ပြာနက်ပြီး မည်းမှောင်နေသည်။

"ဘယ် ... ဘယ်နေရာလဲ ... "

"ဒီနေရာလောက်က လာတဲ့အသံပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းရှမ်သည် အတွေ့အကြုံအရ ခန့်မှန်းပြီး ရေး
ပြောနေခြင်းဖြစ်သည်။

မြင်မှ မမြင်ရတဲ့ဟာ။

ဘယ်လိုလုပ်အတိအကျ သိမှာလဲ။

"ဟေး ... "

"ဝေး ... "

"ဟေး ... "

"ဝေး ... "

နောက်တစ်ကြိမ် ထပ်အော်ကြည့်သည်။

အသံတွေကတော့ ပြန်လာသည်။

ဒါပေမဲ့ ...

သည်အသံတွေက ဦးဖုန်းရှမ်ဆီကို ပြန်လာနေတဲ့
ပဲ့တင်သံတွေ။

ဦးဖုန်းရှမ် အော်လိုက်တဲ့အသံတွေ။

ကဲ ...

နောက်တစ်ကြိမ် ...

နောက်တစ်ကြိမ်။

"ဟင် ... "

အသံပျောက်နေပြီ။





ဦးဖုန်းရှမ် အသံတွေပဲ ရေခဲချောက်ကြီးထဲကို ဆင်း
သွားနေသည်။

ဟိုလူဆီက အသံကိုမကြားရတော့။

"အသံပျောက်သွားတယ်ကွ ... "

ဦးဖုန်းရှမ် စိတ်ဓာတ်ကျသွားသည်။

တစ်ချိန်လုံး အော်သံကြားနေခဲ့ပြီ။ သူတို့ရောက်လာ
မှ အသံပျောက်သွားရတယ်လို့။

တော်တော် ကံဆိုးတဲ့လူပဲ။

"တော်ပြီထင်တယ် ... "

ဦးဖုန်းရှမ် ခေါင်းကို အဆက်မပြတ်ခါယမ်းနေသည်။

လုဒီ ပြန်လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်နေသည်။

တာဝန်ကျေပြီလေ ...

"ဦးဖုန်းရှမ် ခင်ဗျားကျေနပ်တော့ ... ခင်ဗျားလူ အမောဆို့
ပြီး သေပြီ ... ပေတစ်ရာ နှစ်ရာမက နက်တဲ့ ရေခဲချောက်
ကြီးထဲ မှာ ခင်ဗျားလူ အသက်ရှုကြပ်ပြီး သေပြီ ... "

"ပြန်တာအကောင်းဆုံးပဲ ... "

"လုဒီ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါ မကျေနပ်သေးဘူး ..."

"ဗျာ ..."

နီကြောင်နေတဲ့ ဆံပင်တွေကို မျက်လုံးရှေ့ကနေ ဖွတ်ခနဲ ခါတင်လိုက်ရင်း နောက်ပြန်လှည့်လာတဲ့ လုဒီ။

"ခင်ဗျားလူ သေပြီဗျ ..."

"မဖြစ်နိုင်ဘူး လုဒီ ..."

ခေါင်းမာတဲ့ ဦးဖုန်းရှမ်။

ﾍ မျက်နှာကြောတင်းတင်း၊ ရဲနေတဲ့ မျက်လုံးတွေနဲ့ လုဒီကို စိုက်ကြည့်နေသည်။

"ခင်ဗျားလူ အသံပျောက်သွားပြီလေ ... ဦးဖုန်းရှမ်း ... အဲဒါ သေပြီပေါ့ဗျာ ..."

"မဖြစ်နိုင်ဘူးကွာ ..."

"အဲဒါဆိုလည်း ခင်ဗျားကိုယ်တိုင် ခုန်ချကြည့်တော့ဗျာ"

"ဘာကွ ..."

"ကျွန်တော် သွားတော့မယ် ..."

"လုဒီ ..."

အသံနက်ကြီး။

ဦးဖုန်းရှမ်ဆီက ပေါ်ထွက်လာတဲ့ ကြောက်မက်ဖွယ်ရာ အသံနက်ကြီး။





"မင်းမှာ လူစိတ်မရှိဘူးလားကွ ..."

အော်သည်။

ခါးကိုင်းပြီးတော့ကို အော်နေသည်။

"ငါကိုယ်တိုင် အောက်ကို ကြိုးနဲ့ဆင်းမယ် ..."

"ဘာပြောတယ် ..."

"ဒီလူ မသေဘူး ... ဒီလူ မသေစေရဘူး ..."

ဦးဖုန်းရှမ် ...

မှုန်မှုန်နဲ့ ပြောနေတာလား။

သူ့ကိုယ်သူတောင် ဒီရောက်အောင် မနည်းသယ်လာရတာ။

ရေခဲချောက်ကြီးထဲကို ခင်ဗျား ဘယ်လိုဆင်းမှာလဲ။

"ဟေး ..."

"ဟေး ..."

"ဟာ ..."

"ဟင် ..."

ရေခဲချောက်ထဲက ပြန်ပေါ်လာတဲ့အသံ။

စောစောက ပျောက်သွားတဲ့အသံ။

"ဟော့ကောင်လုဒီ ... ငါလူမသေဘူးကွ ... ငါ့လူမသေဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွ … မင်းကြားတယ်မို့လား … အောက်ကနေပြန်အော်နေတာ … ”

ဦးဖုန်းရမ် …

ဆောက်တည်ရာမရအောင် … စိတ်လှုပ်ရှားသွားသည်။

ရေခဲချောက် အစွန်းထိပ်အစပ် အက်ကွဲကြောင်းနေရာထိ ကမ္ဘူးရှူးထိုး တိုးသွားသည်။

“အဘိုးကြီး ခင်ဗျား သေတော့မှာပဲ … ”

လုဒီ အချိန်ဆွဲနေလို့ မဖြစ်တော့။

သူ့အဖေ ပြုတ်ကျသွားမှ …

နေနီရဲ့ ပြဿနာတတ်တော့မှာ

နေနီလိုက်လာတာလည်း သူ့အဖေကို စိုးရိမ်ပြီးလိုက်လာတာ။

“နောက်ဆုတ်စမ်း … ”

လက်မောင်းတွေကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြီးရေခဲချောက်အကွဲကြောင်းနဲ့ဝေးအောင် တွန်းထုတ်ပစ်လိုက်ရသည်။

“သွား ခင်ဗျားနောက်ကိုသွား … ”

စိတ်ကြမ်း ကိုယ်ကြမ်း လုဒီအကြောင်းကို ဦးဖုန်းရမ်လည်း သိပြီးသား။





“မင်း ဘာလုပ်မလဲ … ”

“ဆင်းမယ် … ”

“ဘာ … ”

“ကျွန်တော် ကိုယ်တိုင်ဆင်းမယ် … ”

“ငါ … ငါ ဘာလုပ်ပေးရမလဲ … ”

လုဒီ ဆင်းမယ်ဆိုတော ဦးဖုန်းရမ် ဝမ်းသာသွားသည်။

“မလိုဘူး … ”

ကြိုးကို ငုတ်ရိုက်ပြီး အောက်ချဆင်းသွားရုံပဲ။

လုဒီ …

အကြိမ်ကြိမ်အခါအခါ ဆင်းခဲ့ဖူးတဲ့ ရေခဲချောက်ကြီးတွေ။

ချောက်မှာ အနက်ကြီး။

နှင်းမှုန်တိုင်းကျပြီး … နေရောင်ပျောက်နေတော့အောက်မှာလည်း ပြာနှမ်းမဲမှောင်နေသည်။

မမြင်ရ။ ဘာကိုမှ မမြင်ရ။

“ခင်ဗျား ဓာတ်မီးပေး … ”

ဦးဖုန်းရမ် ခါးမှ ချိတ်ထားတဲ့ လေးထောင့်ထိုးဓာတ်နှိပ်ဓာတ်မီး။



www.burmeseclassic.com

www.burmeseclassic.com



လုဒီ ခါးမှာ ပြောင်းချိတ်လိုက်၏။

"အသံကတော့ ဒီချောက်တည့်တည့်က လာတဲ့အသံပဲ"

"မြန်မြန်ဆင်းပါ လုဒီရာ ..."

ဦးဖုန်းရမ် တုန်လှုပ်နေ၏။

နှုတ်မှလည်း တဖွဖွရွတ်ပြီး ဆုတောင်းနေသည်။

သေချာအောင် ငုတ်ရိုက်ပြီး ကွင်းဆက်ကြိုးခွေကြီးကို အောက်ရောက်အောင် လုဒီ ပစ်ချလိုက်ပြီ။

"ခင်ဗျား မူးနေတယ် ဦးဖုန်းရမ် ... ဒီအစပ်နားကို ခင်ဗျား မလာနဲ့ ..."

"ငါ မင်းကို စိတ်မချဘူး ..."

"တော်စမ်းပါဗျာ ..."

လုဒီကို အထင်သေးတာ နည်းနည်းမှ မကြိုက်။

ရေခဲတောင်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့လုဒီ။

ဒီလောက်ကတော့ အေးဆေးပဲ။

"ခင်ဗျား မလာနဲ့နော် ..."

"မလာဘူး ..."

"ခင်ဗျား ပြုတ်ကျလာရင် ကျွန်တော်မကယ်ဘူးနော်"

"မကယ်နဲ့ကွာ မကယ်နဲ့ ... ပစ်ထားလိုက် ..."

"ခင်ဗျားသမီးနေနီကို ... ဘယ်လိုလုပ်မှာလဲ ..."





"မင်း ယူလိုက် ..."

"ဟား ... ဟား ..."

အဘိုးကြီး ဒေါကန်ပြီး ကျန်ခဲ့မှာ သေချာသည်။

လိုက်ရိုက်ချင်လို့လည်း မရတော့။

ကွင်းဆက်ကြိုးကို နင်းပြီး ရေခဲချောက်ကြီးအောက်ကို လုဒီ ဆင်းသွားပြီ။

လူကြမ်း လုဒီ။

ဘာလုပ်လုပ် အသက်စွန့်ရမှာ မကြောက်တဲ့လုဒီ။

သွက်လိုက်တာ ...

သတ္တိရှိလိုက်တာ။

ဦးဖုန်းရမ် ငုတ်တုတ်ထိုင်ရင်း တွေးနေသည်။

တဲမှာ တစ်ယောက်တည်း ကျန်ခဲ့တဲ့ နေနီကိုလည်း စိတ်မချ အဖျားက ပြင်းသည်။

ခုလောက်ဆို အဖျားရှိန်တက်နေတော့မှာပဲ။

ဒီက ပြန်မှ ယုန်ဖြူဆီ ဖော်ရတော့မယ်။

လုဒီ ဆင်သွားတဲ့ ကြိုးကို ကိုင်ကြည့်တော့ ...

ကြိုးက လှုပ်နေဆဲ။

အောက်ခြေကို လုဒီ မရောက်သေး။

ပေသုံးရာကျော်တဲ့ ကြိုးခွေ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းရမ် စိတ်တော့ချနေမိ၏။

အောက်ကို ခပ်သွက်သွက်ဆင်းလာခဲ့တဲ့ လုဒီ။

ခြေတွေလက်တွေက သန်မာနေသည်။

အကြောအချဉ်တွေက အားပြည့်နေသည်။

"ပေါ့ ..."

"ပေါ့ ..."

အောက်ကလူ။

အမှောင်ကြီးထဲကနေ ရှမ်းသမ်းအော်နေသည်။

"ပေါ့ ..."

"ပေါ့ ..."

သူတစ်ခါအော်လိုက်တိုင်း ရေခဲချောက်နံရံကြီးတွေဆီက ပဲ့တင်သံတွေ တစ်ခါပြန်လာနေသည်။

သိပြီ ...

သူ ဘယ်မှာရှိတယ်ဆိုတာ လုဒီ သိပြီ။

လုဒီ ဆင်းလာတဲ့နေရာနဲ့ အများဆုံးကွာရင် ပေသုံးဆယ်ပဲ။

"လာပြီ ..."

"မအော်နဲ့ ..."

"ပေါ့ ..."





"ပေါ့ ..."

အများဆုံး ဆယ်မိနစ်ပဲ။

အောက်ခြေကို လုဒီရောက်သွားပြီ။

"ဟင် ..."

လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်လိုက်တော့။

လူတစ်ယောက်။

ကျောက်နံရံကို ခြေဆင်းပြီး ထိုင်နေသည်။

မျက်လုံးတွေက ဖြူဆုတ်နေသည်။

လူတစ်ယောက်ဆင်းလာတာကိုသိပြီး စိတ်လျှော့လိုက်ပုံရသည်။

"ဟော့လူ ..."

"ဟော့လူ ..."

သူ့ အသက်ရှူနေဆဲ။

သူ့ရင်ဘတ်တွေ နိမ့်လိုက်မြင့်လိုက်ဖြစ်နေဆဲ။

အောက်ခြေမှာ ရေတွေ။

တဝေါဝေါစီးနေတဲ့ရေတွေ။

ကံကောင်းထောက်မစွာ သူရေထဲကို ပြုတ်ကျသွားခဲ့တာပဲ။ ရေထဲကမှ ကျောက်ဖျာချပ်တစ်ခုပေါ်မှာ သူဆက်အသက်ရှင်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်သူလဲ ... "

"ဟင်း ... ဟင်း"

သူ မျက်လုံးတွေကို မဖွင့်နိုင်။

လုဒီ ...

သူ့ကို လေးတောင့်ထိုး ဓာတ်မီးနဲ့ ထိုးထားသည်။

"ခင်ဗျား ဘယ်သူလဲလို့ မေးနေတယ်လေ ... "

သူ အားမရှိ။

နှုတ်ခမ်းတွေလည်း ဖြူဆုတ်နေသည်။

သူ့လက်တွေကလည်း တဆတ်ဆတ်တုန်ချင်နေသည်။

"သေတော့မှာပဲ ... "

နဂိုကမှ ဆင်း မကယ်ချင်တဲ့လုဒီ။

မေးလို့မှ မရရင် ...

သည်အတိုင်းထားခဲ့ပြီး ... အပေါ်ပြန်တက်သွားမိတော့မှာပဲ။

"ဟင်း ... ဟင်း"

မျက်လုံးကို တစ်ချက်ဖွင့်လိုက်ပေမဲ့ သူကြာကြာ မဖွင့်နိုင်။ ဓာတ်မီးရောင်ကို သူ့မျက်လုံးတွေက မခံနိုင်အောင် ဖြစ်နေသည်။





"ကဲ ... ကြာတယ်"

လုဒီ စိတ်မရှည်။

သူ ... ဘယ်လိုမှ ကြိုးကွင်းဆက်ကို တက်နိုင်မှာ မဟုတ်။

သူ့ကိုထမ်းပြီး ပြန်တက်ဖို့ကလည်း မလွယ်။

သူ့ပခုံးတွေကို ကြိုးကွင်းစွပ်ပြီး ရအောင်ဆွဲတင်ရတော့မှာပဲ။

လုဒီ ...

လုပ်စရာရှိတာ လုပ်ပစ်လိုက်သည်။

"ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ ... "

သူ့ပခုံးနှစ်ဖက်မှာ ကြိုးတွေကို ချည်လိုက်ရင်း လုဒီ ဆုတောင်းလိုက်သည်။

ဦးဖုန်းရမ် ရှည်လို့

အဘိုးကြီးကြောင့် လုဒီ ဆင်းကယ်ရတာ။

ဟင်း ...

အပေါ်ကို ဆွဲတင်လို့ အသက်ရှိသေးရင်လည်း မင်း ကောင်းတာပေါ့။

ဦးဖုန်းရမ်သည် ပြန်လှုပ်လာတဲ့ ကြိုးကိုကိုင်ကြည့်ပြီး ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လုဒီ ...

ပြန်တက်လာပြီ။

သွက်လိုက်တဲ့လုဒီ။

"ဟော့ကောင် ... ဘယ်လိုလဲ ..."

"ဆွဲတင်ရမယ် ..."

"ဟေ ..."

"လာ ခင်ဗျားပါ ဝိုင်းဆွဲ ..."

ဦးဖုန်းရမ်။

အသက်ထွက်လုမတတ် ဆွဲတင်လိုက်ရသည်။

အပေါ်ရောက်တော့ ...

သတိလစ်နေသည်။

"ဟော့လူ ..."

"ဟော့လူ ..."

အသက်ရှိသေးပေမဲ့ ခေါ်လို့မရ။

လုဒီ။

စိတ်တိုတိုနဲ့ သူ့ကို ထမ်းရပြီ။

လူနှာနှစ်ယောက်။

တစ်ယောက်ဖျားနေသည်။

တစ်ယောက်က သတိလစ်နေသည်။





ဦးဖုန်းရမ် အလုပ်ရှုပ်သွားသည်။

အားလုံးကို လုဒီ ပစ်ထားခဲ့သည်။

ဝက်ဝံကြီးတွေ ထောင်ထားတဲ့ ထောင်ချောက်တွေဘက်ကို ထွက်လာခဲ့၏။

ရှုပ်လိုက်တဲ့ ဦးဖုန်းရမ်။

ဘယ်ကမှန်းမသိ။

ဘယ်သူမှန်း မသိတဲ့လူကို အလုပ်ရှုပ်ခံပြီး ကယ်ချင်ခဲ့သည်။

လုဒီကတော့ ...

အဲဒါတွေ ဝါသနာမပါ။

လုဒီ လိုချင်တာ ...

ထောင်ချောက်ထဲကို ကျနေမဲ့ ဝက်ဝံကြီးတွေ။

လုဒီ လိုက်ချင်တာ။

စျေးကောင်းကောင်းရမယ့် သားရေကောင်ကြီးတွေ။

လုဒီဆိုတဲ့ကောင်မှာ အသည်းနှလုံးမရှိ။

အဲဒါ အခုမှမဟုတ် ...

လုဒီ ငယ်ငယ်လေးကတည်းက။

လုဒီရဲ့အဖေ ...



www.burmeseclassic.com

www.burmeseclassic.com



ဟော့ဒီ ... ရေခဲတောင်ပေါ်မှာပဲ ဝက်ဝံကြီးတစ်ကောင်နဲ့ ရင်ဆိုင်သတ်ပုတ်ရင်း သေခဲ့ရသည်။

ဝက်ဝံကြီးတွေနဲ့တွေ့တိုင်း ...

လုဒီ ကမ္ဘာမကြေ။

အဖေ့ကို သတ်ခဲ့တဲ့ကောင်တွေ။

အဖေ့ကို သတ်ခဲ့တဲ့ ဝက်ဝံကြီးရဲ့ မျိုးဆက်တွေ။

အားလုံးကို လက်စားချေဖို့ ...

ရေခဲတောင်ပေါ်မှာ လုဒီ ကျင်လည်လာခဲ့ရခြင်းဖြစ်သည်။

"သွားစမ်းကွာ ..."

"ကဲ ..."

"ကဲ ..."

ရေခဲသားဖွေးဖွေးတွေကို ခြေထောက်နဲ့ တအားပိတ်ကန်ရင်း ဦးဖုန်းရမ်ကို ဒေါသဖြစ်နေတဲ့စိတ်တွေကို လုဒီ ဖောက်ခွဲပစ်လိုက်သည်။

ဟိုလူ ...

သေသွားစမ်းပါစေ ...

သေသွားလို့ကတော့ အဲဒီလူရဲ့အလောင်းကို ရေခဲချောက်ထဲ ပစ်ချပြီးသားပဲ။





လုဒီ ...

တစ်ယောက်တည်း တွေးရင်း ...

နှုတ်ခမ်းတွေကို ဖိကိုက်ပစ်လိုက်သည်။

---- ❀ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ဦးဖုန်းရမ်ရဲ့ ဆေးတွေနဲ့ သတိပြန်ရလာပြီ။

အားရှိအောင် ဆန်ပြုတ်ပူပူလေးတစ်ခွက်ကို ဦးဖုန်းရမ် ကိုယ်တိုင်တိုက်နေသည်။

လုဒီက အဲဒီလူရဲ့ မျက်နှာကို မကြည့်။

နေနီကိုပဲ ကြည့်နေသည်။

နေနီလည်း ယုန်ဖြူဆီနဲ့ အဖျားကျသွားခဲ့ပြီဖြစ်သည်။

"သောက် ... သောက် ... ဆန်ပြုတ်ပူပူလေးသောက်လိုက်"

ကြင်နာတတ်တဲ့ ဦးဖုန်းရမ်။

လူတစ်ယောက်အသက်ကို ကယ်ခွင့်ရလိုက်၍ ဝမ်းသာနေသည်။





မနက်လေးနာရီလောက်ကတည်းက အေးခဲနေတဲ့ နှင်းတွေအောက်က တဲကလေးထဲမှာ ဦးဖုန်းရမ်နိုးနေခဲ့သည်။

ရေနွေးပူပူကျိုက်ကျိုက် တစ်အိုးတည်သည်။

မနက်လင်းရင် စားဖို့ အစားအသောက်တွေကို စီစဉ် ချက်ပြုတ်သည်။

မီးလင်းဖိုကြီးကတော့ ညကတည်းက ဖိုထားခဲ့သော မီးလင်းဖိုကြီး ဖြစ်၏။

လေလုံအောင်ဆောက်ထားတဲ့တဲကလေးမို့ အနွေး ဓာတ်က အထဲမှာ ကောင်းစွာရနေခဲ့သည်။

"သောက်ပါကွ ... ထည့်ထားတဲ့ဟာလေးတော့ကုန်အောင် သောက်လိုက် ..."

ဦးဖုန်းရမ် ...

ရေခဲချောက်ထဲက ကယ်လာခဲ့ရတဲ့လူကို အနီးကပ် ပြုစုပေးနေသည်။ အခုမှ သူ့ကို သေသေချာချာအနီးကပ်ကြည့်လိုက် မိ၏။

အသက်က အများဆုံးရှိရင် သုံးဆယ်။

သို့သော် သူ့မျက်နှာက တင်းမာနေသည်။

တစ်ခုခုကိုတွေးပြီး ဂနာမငြိမ် ဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ပြီး ရေခဲတောင်ပေါ်ရောက်လာခဲ့ရတာလဲ။

ဦးဖုန်းရမ် မစဉ်းစားတတ်။

ပြီးတော့ ရေခဲချောက်ထဲပြုတ်ကျခဲ့တာ ... မသေကောင်း၊ မပျောက်ကောင်း။

လုဒီ စိတ်ကောင်းဝင်ပြီး ကယ်လို့။

လုဒီ မကယ်ရင် ဒီကောင်သေပြီ။

"မင်း နာမည် ဘယ်သူလဲ ... "

ခေါင်းမွေးစုတ်ဖွားဖြစ်နေတဲ့အပြင် မုတ်ဆိတ်မွေးတွေ ပါးသိုင်းမွေးတွေနဲ့ ရှုပ်ပွနေတဲ့ ဦးဖုန်းရမ်ကို သူ စိုက်ကြည့်နေသည်။

"ဟော့ ... မင်းကို မေးနေတယ်လေကွာ ... "

"မသိဘူး ... "

"ဘာ ... "

"ကျွန်တော် ဘာမှ မသိဘူးဗျာ ... "

"ဘုရားသခင် ... "

ဦးဖုန်းရမ် မျက်လုံးပြူးနေရပြီ။

"ကျွန်တော် သွားတော့မယ် ... "

"ဟာ ... "





ဒယီးဒယိုင်နဲ့ ထဖို့ ကြိုးစားနေတဲ့ ကောင်လေး။

"ဟော့ကောင် ... မင်း ပြန်ထိုင်စမ်း"

"မထိုင်ဘူး ... "

"ငါ ... ပြောနေတယ်နော် ... မင်းကို ပြန်ထိုင်စမ်းလို့ ငါ ပြောနေတယ် ... "

"ခင်ဗျား ကျွန်တော့်ကို အမိန့်မပေးနဲ့"

"ဘာပြောတယ် ... "

ဆတ်ခနဲ တွန့်သွားတာ နေနီ။

ဘယ်လိုလူလဲ။

သူ့အသက်ကို လုဒီနဲ့ဖေဖေက ကယ်ခဲ့တာ ...

ကျေးဇူးတရားကိုတောင် မထောက်။

အဖေ့ကို ကလန်ကဆန်ပြန်လုပ်နေသည်။

"အဖေ ... ဆက်မပြောနဲ့ ... "

နေနီ ဝင်ပါလာနေပြီ။

"ရှင် ထွက်သွား ... "

နေနီသည် ကျားရိုင်းမ။

ကျေးဇူးမသိတတ်တဲ့လူကို ... သည်ထဲမှာ ဘာလို့ ဆက်ထားနေတော့မှာလဲ။

"သွားမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မျက်နှာကြောတင်းတင်းပင်။

"သွား ... သွား"

နေနီက ခပ်ကြွမ်းကြွမ်း ...

တွန်းထိုး ရိုက်ပုတ်ပစ်လိုက်မှာကို ... ဦးဖုန်းရမ် ကြောက်နေသည်။

ဒါတောင် အနားမှာ လုဒီ ရှိမနေလို့။

ရှိနေရင် သွားပြီ။

စကားပြောနည်းတဲ့ လုဒီ။

အစကတည်းက သေပစေဆိုပြီး ပစ်ထားချင်နေရတဲ့ကြားထဲ။

ခုလို ...

မာကြောကြော ကျွတ်ဆတ်ဆတ်ပုံစံကိုသာ တွေ့ရင်၊ ခါးကနေ ကိုင်မြှောက်ပြီး ရေခဲချောက်ထဲ ပစ်ချလိုက်မှာပဲ။

လုဒီ အကြောင်းကို ဦးဖုန်းရမ် သိနေသည်။

နေနီ့စိတ်ဓာတ်ကိုလည်း ဦးဖုန်းရမ် ကြောက်နေသည်။

နှစ်ယောက်စလုံးက ...

ခပ်ကြွမ်းကြွမ်းတွေ။





ဘာကိုမှ ဂရုမစိုက်ဘဲ တစ်ဇွတ်ထိုး တစ်ဇောက်ကန်းလုပ်မဲ့သူတွေ။

အဲလို လူမျိုးတွေနဲ့မှ ...

ဒီလူ လာတွေ့နေရပြီ။

"သွားမယ် ... သွားမယ်"

ဘယ်လိုမှ ပြောလို့မရ။

တဲအပြင်ကို တစ်ယောက်တည်း ထွက်သွားပြီ။

"အဖေ ... "

"ဟင် ... "

"အဖေ့လူက ဘာလဲ ... "

နေနီ့အမေးကို ဦးဖုန်းရမ် မဖြေတတ်။

"ရိုင်းတယ် ... "

နေနီတက်တခေါက်ခေါက်နဲ့ ကျန်ခဲ့သည်။

"သေမှာပဲ ... ဒီအတိုင်းသွားရင် ချောက်တစ်ခုခုထဲကို ပြုတ်ကျပြီး သေမှာပဲ ... "

နေနီ ...

တစ်ယောက်တည်း တဲအပြင်ထိ ထွက်လိုက်ကြည့်နေမိသေး၏။

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



လုဒီနဲ့ တိုးပြီ။ တိုးတာမှ မျက်နှာချင်းဆိုင်ပဲ။

လုဒီ ...

နေနီကို စိတ်မချသေးလို့ တဲကို ပြန်လာခဲ့တာပါ။

အဖိုးကြီး ဦးဖုန်းရမ်း ...

အသက်ကယ်ထားတဲ့လူ။

နီကြောင်ကြောင်မျက်လုံးတွေနဲ့ လုဒီဆီကို တည့်တည့်ကြီး လျှောက်လာနေ၏။

"ဟိတ် ..."

"ဟင် ..."

လုဒီ မျက်လုံးတွေ ပြူးဝိုင်းသွားသည်။

"မင်း ဘယ်သူလဲ ..."

"ဗျာ ..."

"မေးတာကို ဖြေစမ်း ..."

ဘယ်လိုလူလဲ။

အသံက မာလိုက်တာ။

လုဒီကိုတောင် ရန်မူတော့မဲ့ အတိုင်း။

သူ့အဝတ်အစားတွေက ဖရိုဖရဲ ဖြစ်နေသည်။

ပါးသိုင်းမွှေးကြမ်းတွေကလည်း သူ့မျက်နှာပေါ်မှာ ပေါက်နေသည်။



တစ်ကိုယ်လုံးလည်း နံစော်ညစ်ပတ်နေ၏။

အဆိုးဆုံးက ...

အဲဒီလူရဲ့ မျက်လုံးတွေ။

"ခင်ဗျား ဘာဖြစ်လို့ တဲထဲက ထွက်လာတာလဲ ... ခင်ဗျားကို ဦးဖုန်းရမ် ပြုစုပေးနေတာ မဟုတ်ဘူးလား ..."

"ဦးဖုန်းရမ် ဟုတ်လား ..."

"ခင်ဗျားအသက်ကို ကယ်ပေးခဲ့တဲ့ ဦးဖုန်းရမ်လေဗျာ ... အဲဒီဦးဖုန်းရမ်ကိုတောင် ခင်ဗျား မသိတော့ဘူးလား"

"မသိဘူး ..."

"ဟင် ..."

မသိဘူးတဲ့။

သူ့ခေါင်းကို တအားခါနေသည်။

ယိုင်တိယိုင်ထိုးဖြစ်နေတဲ့ ကိုယ်ကိုလည်း ထင်းရှူးပင်ကြီးတစ်ပင်မှာ ကျောကပ်မှီရင်း ထိမ်းထားလိုက်၏။

"လုဒီ ..."

နေနီ ထွက်လာသည်။

"အဲဒီလူ ... အရူး"

"ဘာ ..."

"အဖေစိတ်ပျက်သွားပြီ ... သူ့ကို မကယ်ချင်တော့ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



လုဒီ မျက်မှောင်ကြုတ်သွား၏။

"သူနာမည်ကို အဖေမေးတာ မပြောဘူး ... အမေ့ကို ကလန်ကဆန်လုပ်ပြီး ... ဒယီးဒယိုင်နဲ့ ထွက်သွားတာ ... အခု အိပ်ရာထဲမှာ အဖေပက်လက်လဲနေပြီ ... သူ့ကို ဒီ တောင်ပေါ်ကနေ မောင်းထုတ်လိုက်တာ အကောင်းဆုံးပဲ"

မနေနီ ရှင်းပြနေသည်။

"ဟား ... ဟား ... ဟား ... "

"ဟား ... ဟား ... ဟား ... "

ရုတ်တရက် ရယ်ချလိုက်တဲ့အသံ။

တကယ့်ကို အူလှိုက် အသည်းလှိုက်၊ ခွက်ထိုးခွက်လန်။

နေနီနဲ့ လုဒီ ...

သူ့ကိုကြည့်ပြီး ကြောင်နေသည်။

မှင်သက်မိသလို ဖြစ်နေသည်။

ဒီလူ ...

ဘယ်လိုဖြစ်သွားတာလဲ။

ဦးနှောက် သိပ်ကောင်းချင်ပုံမရ။

အားရပါးရ ရယ်နေသည်။





ပြီးတော့ ထင်းရှူးပင် ခြေရင်းမှာ ခွေညွတ်ကျသွား၏။

မော့နေသည်။

အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်နေသည်။

"နေနီ ... "

"ဟင် ... "

"သူ့ကို ထားခဲ့တော့ ... "

လုဒီ ချာခနဲ လှည့်ထွက်သွားပြီ။

စိတ်ပြတ်တဲ့ လုဒီ။

စကားအပိုတွေလည်း မပြောချင်။

လုဒီနောက်မှာ နေနီ ပါလာသည်။

ဦးဖုန်းရမ်သည် တဲထဲမှာ လဲနေသည်။ မျက်လုံးတွေကို စုံမှိတ်ထားသည်။

"အဖေ ... "

"ဟင် ... "

နေနီသည် ဦးဖုန်းရမ်အနားသို့ တိုးကပ်သွားပြီး အနားမှာ ဝုန်းခနဲပင် ထိုင်ချလိုက်သည်။

သည်တော့မှ ဦးဖုန်းရမ်သည် မျက်လုံးဖွင့်ကြည့်သော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ ထွက်သွားပြီလား ..."

စိတ်ဓာတ်ကျနေတဲ့အသံ။

ဆို့နင့်အက်ကွဲနေတဲ့အသံ။

"မသွားသေးဘူး ... ထင်းရှူးပင်အောက်မှာ လဲနေတယ်"

"ဒုက္ခပါပဲ ..."

ဦးဖုန်းရှိန်သည် လုဒီ ထောင်ထားတဲ့ ဝက်ဝံထောင်ချောက်တွေကို သတိရသွားသည်။

ကျသွားမှဖြင့် ...

ဦးဖုန်းရှိန်သည် ဆက်မတွေးရဲ။

သူ ဒီလောက် လုဒီရဲ့ အတိုက်အခံပြောပြီး အသက်ကိုရအောင် ကယ်လာခဲ့ပြီးမှ တစ်ခုခုပြန်ဖြစ်သွားခဲ့ရင် ဘယ်တော့မှ စိတ်ကောင်းနိုင်မှာ မဟုတ်တော့။

"လဲနေတယ် ... ဟုတ်လား"

စိတ်ထဲမှာ နောက်ကျိသွားသည်။

ရင်ထဲမှာ ပူလောင်သွားသည်။

"မေထားလိုက်စမ်းပါအမေရာ ... ဒီရေခဲတောင်ပေါ်မှာ အဲဒီပုံစံမျိုးနဲ့ သူဘယ်လိုလုပ် အသက်ဆက်ရှင်နေနိုင်မှာလဲ ... သေမှာပဲ ... အားပြတ်ပြီးတော့ကို သေမှာပဲ ..."

နေနီသည် ...



လုဒီလိုပင် အသည်းမာသူဖြစ်သည်။

ဦးဖုန်းရှိန်နဲ့ တခြားစီ ...

ဦးဖုန်းရှိန်သည် မုဆိုးပေမဲ့ ... ချစ်တတ် ခင်တတ် ကြင်နာသနားတတ်သူဖြစ်သည်။

လူတွေအပေါ်မှာ မေတ္တာထားသည်။ နူးညံ့သော သည်းခံစိတ်ကို အမြဲမွေးသည်။

အခုလည်း ...

သူ့အသက်ကယ်လာတဲ့လူကို မုန်းလို့မရ။

သူ့အတွက် စိတ်ပူနေသည်။

ဝက်ဝံထောင်ချောက်ထဲကျသွားမှာ စိုးရိမ်နေသည်။

ပြီးတော့ ...

ရေခဲချောက်တွေ။

လျှိုမြောင် ချောက်ကမ်းပါးတွေ ... ။

"သူ အားပြတ်ပြီးလဲသွားတာပဲ ဖြစ်မယ် ..."

"မပြောနဲ့တော့ အမေ ... အဲဒီလူအကြောင်းကို အမေ့ခေါင်းထဲက ဖယ်ထုတ်လိုက်တော့ ..."

"မင်း မသိဘူးနေနီ ... နင် မသိတဲ့ ဘာမှမပြောနဲ့ ..."

ဦးဖုန်းရှိန်သည် လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်လောက်က အဖြစ်အပျက်တွေကို ပြန်စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းမုန်တိုင်းတွေ စကျလာတဲ့နေ့ မတိုင်ခင် တစ်ရက်က အဖြစ်အပျက်။

မနက်အစောကြီး အိပ်ရာကနိုးတော့ နှင်းတွေပေါ်မှာ လူခြေရာတွေ ဦးဖုန်းရမ် တွေ့ခဲ့သည်။

လုဒိကိုလည်း မပြောမိ။

နေနီကိုလည်း မပြောမိ။

ထိုခြေရာသည် ရေခဲချောက်ထဲကျသွားခဲ့သည့် ဟိုလူရဲ့ ခြေရာတွေလား။

သည်တုန်းက နေနီသည် ရေခဲဆူးဒဏ်ရာကြောင့် ဖျားနေခဲ့သည်။

သည်အချက်သည် အခုမှ ဦးဖုန်းရမ်ခေါင်းထဲ ပြန်ဝင်လာခဲ့ခြင်းဖြစ်သည်။ သည်အချက်ကြောင့် ဦးဖုန်းရမ် စိတ်ထင့်သွားခဲ့သည်။ တဲနားအထိ ရောက်လာခဲ့သော ထိုခြေရာသည် အဘယ်ကြောင့် အသံမပေးဘဲ ပြန်ထွက်သွားခဲ့ရပါသည်။

ထိုလူသည် ... ရေခဲချောက်ထဲမှ သူကယ်တင်ခဲ့သူ မဟုတ်ခဲ့လျှင် တခြားတစ်စုံတစ်ယောက်သည် သူ့တဲနားသို့ ရောက်ခဲ့ပြီး ပြန်လှည့်ထွက်သွားခဲ့ခြင်း ဖြစ်လိမ့်မည်။ ထိုလှည့်ထွက်သွားခဲ့သူသည် မည်သူနည်း။





ဦးဖုန်းရမ် တွေးနေသည်။

လုဒိကို ပြောပြလိုက်လျှင် ကောင်းမလား စဉ်းစားနေသည်။

ဟင် ပြောလို့မဖြစ်သေးပါဘူး။

လုဒိ စိတ်ရှိင်းဝင်ပြီး ဟိုလူ့ကို ရန်ရှာနေမှဖြင့် ...

"အဖေ ..."

"ဟင် ..."

"အဖေ အရက်တွေ သိပ်မသောက်နဲ့တော့ ..."

နေနီ အဖေ့အတွက် စိတ်ပူသည်။

"ဝက်ဝံကြီးတွေ မကြာခင် ရောက်လာတော့မယ် အဖေရဲ့ ဟိုဘက်နားမှာ တောင်မလဲရှက် တွေ ထွက်နေပြီ ..."

ဝက်ဝံကြီးတွေနဲ့ ရင်ဆိုင်တွေ့တဲ့အချိန်မှာ အဖေ မူးနေရင် ခက်ရချည်ရဲ့။ လုဒိ အဖေတောင် ဝက်ဝံကြီးတွေ တိုက်ခိုက်လို့ ဒီရေခဲတောင်ပေါ်မှာပဲ သေခဲ့ရတာလေ။

လုဒိဆို ခုထိ စိတ်နာနေတုန်း။

"နည်းနည်းပါဟာ ..."

အဖေ ...

နေနီ့ကို မကြည့်[illegible] ပြန်ပြောနေသည်။

"လုဒိ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"နင်လည်း မသောက်နဲ့ ..."

လုဒီ ဘာမှပြန်မပြော။

တဲအပြင်ဘက်က ရေခဲချပ်တွေကိုပဲ ငေးစိုက်ကြည့်နေ၏။

"ဟင် ..."

လုဒီ အံ့အားသင့်သွားသည်။

ဟိုလူ ...

လုဒီတို့ တဲရှေ့ကို ပြန်ရောက်လာပြန်ပြီ။

မျက်လုံးတွေက နီရဲလို့။

"ဦးဖုန်းရမ် ..."

"ဦးဖုန်းရမ် ..."

နာမည်ခေါ်သံကြောင့် ခေါင်းထောင်သွားကာ ... ဦးဖုန်းရမ်နာမည်ကို ဘယ်လိုလုပ်သိသွားခဲ့ပါလိမ့်။

နေနီများ ပြောလိုက်သလား။

"ကျွန်တော် ခင်များနဲ့ပဲ နေတော့မယ် ..."

"ဘာ ..."

လုဒီ အပြင်ကိုပြေးထွက်သွားပြီ။

"ခင်ဗျား ... ခင်ဗျား"



သူ ...

လုဒီကို မကြောက်ပါ။

သူ့ ခြေထောက်တွေက နောက်ဆုတ်မသွားပါ။

နှင်းချပ်တွေပေါ်မှာ ရပ်နေသည်။

လုဒီကို ရှုတ်ခမ်းကိုက်လျက် ပြန်ကြည့်နေသည်။

"ကဲကွာ ..."

"ကဲကွာ ..."

"ရွပ် ..."

"ရွပ် ..."

လက်သီးတွေ။

တရစပ် ပြေးဝင်သွားတော့ ဖင်ထိုင်လျက်လဲကျသွားသည်။

"လုဒီ ... မလုပ်နဲ့"

အမောတကောပြေးထွက်လာတာ ဦးဖုန်းရမ်။

"ငါ တောင်းပန်ပါတယ်လုဒီရာ ... မလုပ်ပါနဲ့ ... သူ့စိတ်တွေ သိပ်မမှန်တာ ငါသိတယ် ..."

လုဒီရှေ့မှာပင်ရပ်နေသည်။

"ဒီလူ အရမ်းရိုင်းတယ် ဦးဖုန်းရမ် ..."

ဦးဖုန်းရမ် စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



လုဒီ အကြောင်းကို သိနေတော့ ခက်နေသည်။

"နေနီ ... လုဒီကို ခေါ်ထားစမ်း ... "

လဲကျသွားတဲ့လူကို ဆွဲထူဖို့ ဦးဖုန်းရမ် ကြိုးစားနေသည်။

"ခင်ဗျား မကိုင်နဲ့ ... "

ဦးဖုန်းရမ် လက်ကို ပုတ်ချနေ၏။

နေနီ ဒေါကန်သွားသည်။

"ရှင် ... ရှင် ဘယ်လိုလူလဲ ... ရှင် ရိုင်းလှချည်လားဟင်"

"မင်း ... မင်း ဝင်မပါနဲ့ ... "

နေနီ့ကိုပါ ပြန်အော်နေသည်။

နေနီ ဒေါသကို ဘယ်လိုမှ မထိန်းနိုင်။

"ကဲဟာ ... "

"ဖြန်း ... "

"ဖြန်း ... "

နေနီရဲ့ လက်ဝါးကြမ်းကြီးတွေက ထိုလူ့ပါးပေါ် ဘယ်ပြန်ညာပြန် ဆက်တိုက်ကျသွားသည်။

"နေနီ နင် နောက်ဆုတ်စမ်း ... "

ဦးဖုန်းရမ်ကိုယ်တိုင် နေနီ့ကို ဆောင့်တွန်းပစ်လိုက်သည်။



ယိုင်သွားသော နေနီကို လှမ်းထိန်းလိုက်တာ လုဒီ။

"လာစမ်းပါကွာ ... "

ဦးဖုန်းရမ် ...

ထိုလူကို တွဲခေါ်သွားသည်။

တဲအနောက်ဘက်မှာ လေပြင်းတိုက်ပြီး လဲကျသွားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိသည်။

သစ်ခက်သစ်ရွက်တွေက စိမ်းနေဆဲ။

ထိုသစ်ခက်သစ်ရွက်တွေ အောက်ကို ဦးဖုန်းရမ် ဆွဲခေါ်လာခဲ့ခြင်းဖြစ်သည်။

အောက်ခြေသည် ရှင်းပြောင်နေ၏။

"ထိုင်စမ်းကွာ ... "

သူလည်း လူငယ်တစ်ဦး။

သို့သော် စိတ်ရိုင်းတွေ ဝင်နေသည့်လူငယ်။

"မင်း ဘယ်သူလဲဆိုတာ ... ငါ့ကို မှန်မှန်ပြောစမ်း ... ဒီအတိုင်းဆက်နေရင် ... မင်းသေလိမ့်မယ် ... လုဒီက မင်းကို သတ်လိမ့်မယ် နားလည်လား ... "

"ဘာ ... "

"မင်းကို သတ်လိမ့်မယ်ကွ ... "

"သတ်ချင်လည်း သတ်ပေါ့ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ဂရုမစိုက်သလို ပြန်ဖြေနေသည်။

"ဟိုတစ်နေ့ညက ဒါတို့တဲနားကို မင်းလာသေးသလား ..."

ဦးဖုန်းရှမ် ကြိတ်မေးလိုက်ခြင်း ဖြစ်၏။

သည်မေးခွန်းကို မေးတာ လုပ်ရိုးနဲ့ နေနိ ကြားလို့ မဖြစ်ပေ။

"မသိဘူး ... ကျွန်တော် မမှတ်မိဘူး ..."

ကောင်လေး ...

ဦးဖုန်းရှမ်ကို ခေါ်ကြောင်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေသည်။

"ကျွန်တော် ဗိုက်ဆာတယ်ဗျာ ..."

သူ တကယ်လည်း ...

ဆာလောင်မွတ်သိပ်နေပုံရသည်။

"ဒါဆို ... မင်း ဒီမှာ စောင့် ..."

ဦးဖုန်းရှမ် စေတနာတွေ ပိုမိုရပြန်ပြီ။

လက်ကျန်ဆန်ပြုတ်တွေနဲ့ အသားခြောက်မီးကင်တွေ။ တဝကြီး ချကျွေးပစ်လိုက်သည်။

"မင်း နာမည်ကို သေသေချာချာစဉ်းစားပြီးပြောစမ်းပါကွ"

"ကျွန်တော့် နာမည် ဟုတ်လားဦးဖုန်းရှမ် ..."



"ဟုတ်တယ်လေကွာ ... မင်း အကြောင်းတွေ ငါသိချင်လို့ မေးနေတာ ... မင်းဘယ်သူလဲ မင်းဘယ်ကလာတာလဲ... မှတ်မိအောင် စဉ်းစားစမ်းပါကွ ..."

ဦးဖုန်းရှမ် ချော့မေးမိသည်။

ငှက်ပျောသီးခြောက်တွေကိုလည်း ချကျွေးလိုက်မိ၏။

"ကျွန်တော့်နာမည် ..."

"အေးလေကွာ ... ငါမေးနေတာ မင်းနာမည်"

"အဏ္ဏ ..."

"ဘယ်လို ..."

ဦးဖုန်းရှမ် မျက်မှောင်ကြုတ်သွားသည်။

"အဏ္ဏ ... အဏ္ဏ ... ကျွန်တော့်နာမည် အဏ္ဏ"

ပြောပြီး သူဟာသူ တစ်ယောက်တည်း ရယ်နေတဲ့ အဏ္ဏ ဘယ်လိုလူပါလိမ့်။

ဦးဖုန်းရှမ် စဉ်းစားရတော်တော်ခက်နေသည်။

"အဏ္ဏ ဟုတ်လား ..."

"ဟုတ်တယ် ..."

"မင်း ဘယ်မှာနေတာလဲ ..."

"ကျွန်တော်နေတာ ..."

www.burmeseclassic.com

www.burmeseclassic.com



အတ္တ ရုတ်တရက် မဖြေနိုင်။

နှုတ်ခမ်းတွေကို ဖိကိုက်ပြီး စဉ်းစားနေသည်။

"မသိတော့ဘူးဗျာ ..."

အတ္တ စိတ်ရှုပ်ထွေးသွားသည်။

တကယ်တော့ အတ္တ ဟန်ဆောင်နေတာ ဘယ်သူမှ မသိ။

ဦးဖုန်းရမ် ဆက်မမေးချင်တော့။

အတ္တ အတိတ်မေ့နေတာ သေချာနေပြီ။

ဒီတောင်ပေါ်ကိုလာရင်း ဒဏ်ရာတစ်ခုခုရပြီး သွေးပျက်ချောက်ချားစွာ အတိတ်မေ့သွားတာ ဖြစ်နိုင်သည်။

အတ္တဆိုတဲ့ နာမည်ကရော အမှန်မှ ဟုတ်ရဲ့လား။

သူ စိတ်ထဲထင်တာတစ်ခုကို ကောက်ကာငင်ကာ ပြောလိုက်တာများလား။

"အတ္တ ..."

"ဗျာ ..."

နာမည်ကို ခေါ်ကြည့်တော့လည်း အတ္တပြန်ထူးနေသည်။

"မင်း နေကောင်းရင် ... တောင်ခြေကို ပြန်ဆင်းပါကွာ... ဒီရေခဲတောင်ပေါ်မှာ အကြာကြီး မနေစမ်းပါနဲ့ ..."



သည့်စကားတွေကို စေတနာနဲ့ ဦးဖုန်းရမ် ပြောလိုက်မိခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲဗျ ..."

အတ္တ ပြန်မေးနေသည်။

"မင်း ဒီမှာရှိနေတာကို လုဒီက မကြိုက်ဘူးကွ ..."

"လုဒီ ..."

"ဟုတ်တယ် ... ခုန ဆံပင်ရှည်ရှည်နဲ့ ကောင်လေးဟာ ... လုဒီပဲ ... မင်းကို ရိုက်တဲ့ ကောင်မလေးက နေနီ ... နေနီက ငါ့သမီးပေါ့ကွာ ..."

အတ္တသည် ငြိမ်ပြီးတော့ နားထောင်နေသည်။

ပြီးတော့ နှုတ်ကနေ ဖွဖွလေး ရွတ်ပြီးတော့လည်း နာမည်တွေကို လိုက်မှတ်နေ၏။

"ငါတို့က မုဆိုးတွေကွ ..."

"ဘယ်လို ... ဦးဖုန်းရမ် ... ခင်ဗျားတို့က မုဆိုးတွေ"

"ဟုတ်တယ် ... ဝက်ဝံထောင်တဲ့ မုဆိုးတွေ ... ဒီတောင်ပေါ်ကို ရောက်နေတာ ... ဆယ့်ငါးရက်ကျော်နေပြီ ... ခုထိ တစ်ကောင်မှ မရသေးလို့ စိတ်ပျက်နေတာ ... ဒီအချိန်မှာ ရေခဲချောက်ထဲ ပြုတ်ကျနေတဲ့မင်းကို ကယ်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ... အေး ... မင်းကို အဓိကအသက်စွန့်ပြီး ကယ်တာ၊ ငါတော့ မဟုတ်ဘူး ...”

“ဟင် ... ဒါဖြင့် ... ကျွန်တော့်ကို ဘယ်သူကယ်တာလဲ”

အဏ္ဏ အထိတ်တလန့် ထမေးနေသည်။

“လုဒီ ...”

“ကျွန်တော့်ကို ကယ်တာ လုဒီ ... ဟုတ်လား ဦးဖုန်းရှမ်၊ ကျွန်တော့်ကို ကယ်တာ လုဒီ ...”

ဓားစာက သူ့ကို ထိုးခဲ့တဲ့ လုဒီ။

ဒီတောင်ပေါ်မှာ အဏ္ဏရှိနေတာကို မကြိုက်တဲ့လူ။

အဲဒီ လုဒီဆိုတဲ့ကောင်က သူ့ကို ကယ်လိုက်တာတဲ့။

အဏ္ဏ မယုံနိုင်။

မည်းမှောင်နေတဲ့ ရေခဲချောက်ကြီးထဲကနေ သူ့အပေါ်ကို ဘယ်လိုက ဘယ်လို ပြန်ရောက်လာမှန်းပင် အဏ္ဏ မသိလိုက်။

အဏ္ဏ သတိရတဲ့ အချိန်ဟာ မနက်စောစောလင်းလင်းအားကြီးတဲ့အချိန်ပဲ။

အဏ္ဏ သတိရလာတာကို စောင့်ကြည့်နေခဲ့တဲ့ မျက်လုံးတွေက ဦးဖုန်းရှမ်ရဲ့မျက်လုံးတွေ။





“ကျွန်တော့်ကို အစုလို ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ ...”

အဏ္ဏ မျက်လုံးတွေ ပြန်မှိတ်သွားသည်။

ပြီးတော့ ...

တခေါခေါနဲ့ အိပ်ပျော်သွားခဲ့ပြီ။

အဏ္ဏကိုကြည့်ပြီး ပင့်သက်ချလိုက်မိတာ ဦးဖုန်းရှမ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ည ...

ပိန်းပိတ်အောင် မှောင်နေတဲ့ည ... ။

မီးလင်းဖိုကြီးဘေးမှာ။

လုဒီ ...

နေနီ ...

ဦးဖုန်းရှမ် ...

မီးဖိုကြီးကို ခေါင်းဆိုင်ပြီး အိပ်ပျော်နေကြသည်။

အိပ်ပျော်နေတာမှ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက်။

"ဖြောက် ... "

"ချောက် ... "

သစ်ကိုင်းခြောက်တွေကို ဖိနင်းလာတဲ့ခြေသံ။





လုဒီ ဆတ်ခနဲ လန့်နိုးသွားသည်။

အကျင့် ... ။

အမြဲသတိထားပြီး အိပ်တတ်တဲ့ လုဒီရဲ့ အကျင့်။

"ဖြောက် ... "

"ချွတ် ... "

လုဒီ လက်က ဓားပေါ်ရောက်သွားသည်။

မျက်လုံးတွေကို ဖွင့်ပြီးသား ...

ဆတ်ခနဲ ငုတ်တုတ်ထ,ထိုင်ပြီးသား။

တဲအနောက်ဘက်က လာတဲ့အသံ။

ထင်းပုံဘေးက လာတဲ့အသံ။

အပြင်မှာ မှောင်နေသည်။

ကြယ်ရောင်တွေ ရှိပေမဲ့ ဖြတ်သားခြင်းမရှိ။

"ဟင် ... "

လူ ...

လူတစ်ယောက်။

"ဟိတ် ဘယ်သူလဲ ... "

"ဖြောက် ... "

"ဖြောက် ... "

"ဖြောက် ... "



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ပြန်လှည့်မကြည့်။

မအောက်ဘက်က ထင်းရှူးတောကြီးထဲကို ပြန်ဆင်းပြေးပြီ။

"ဘာလဲ ... ဘာဖြစ်တာလဲ လုဒီ ... "

သတိကြီးတဲ့ နေနီ။

သူလည်း သွက်သွက်လက်လက် ထလာသည်။

"လူတစ်ယောက် တဲနားကိုလာတယ် ... "

"ဟင် ... "

"ထင်းရှူးတောဘက်ကို ဆင်းပြေးပြီ ... "

"အတ္တလား ... အတ္တဆိုတဲ့လူလား ... "

"နင့်အဖေကို နှိုးစမ်း ... "

"ငါ နိုးနေပါပြီကွ ... "

အလေ့အကျင့်ရှိတဲ့ မုဆိုးကြီး ဦးဖုန်းရမ်ပဲ။

"နေနီ ... ငါသွားကြည့်လိုက်ဦးမယ် ... "

လဲကျနေတဲ့ သစ်ပင်ကြီးဆီကို ဦးဖုန်းရမ် ချက်ချင်းရောက်သွားသည်။

သစ်ကိုင်းတွေကြားထဲကို ကြည့်လိုက်တော့ ...

"ဟင် ... "

အတ္တ ... ။





အိပ်နေလိုက်တာ သိုးလို့။

"အတ္တ ရှိတယ်ကွ ... "

အားလုံး စိတ်ထဲမှာ ထင်သွားသည်။

အတ္တရှိရင် ဘယ်သူဖြစ်မလဲ။

ရန်သူပဲ ဖြစ်ရတော့မှာပေါ့။

ရေခဲတောင် တစ်နေရာမှာ လုဒီတို့သုံးယောက်ကို အနီးကပ်စောင့်ကြည့်နေတဲ့ ရန်သူအဖွဲ့ တစ်ဖွဲ့ ရောက်နေပြီဆိုတာ သေချာသွားခဲ့ပြီ။

ဦးဖုန်းရမ်သည် ခြေရာတွေကို ပြန်သတိရသွားသည်။

တရားခံ ပျောက်နေတဲ့ ခြေရာ။

သဲလွန်စ ပျောက်နေတဲ့ ခြေရာ။

"ဦးဖုန်းရမ် ... "

"ပြော ... လုဒီ"

"ဒီလူဟာ အတ္တကို လာရှာတာဖြစ်နိုင်တယ် ... "

"ဒါ စဉ်းစားစရာပဲ ... "

"အတ္တကို လာရှာတာဆိုရင် ငါတို့ကို လာမေးရမှာပေါ့ ... အခု ဘာလို့ မမေးဘဲ ထွက်ပြေးလဲ ... "

နေနီ ထောက်ပြတဲ့အချက်။

အဖြေက ရှင်းရှင်းလေး ...



www.burmeseclassic.com

www.burmeseclassic.com



လုဒီတို့ တဲကို လျှို့ဝှက်ပြီး လာချောင်းတာ။

တစ်ယောက်ယောက်ရဲ့ အသက်ကို လိုချင်တာလား။

တစ်ယောက်ယောက်ရဲ့ ရမ္မက်ကို လိုချင်တာလား။

နေနီ ...

နုတလော ...

အရမ်း ဖွံ့ထွားလာနေသည်။

တင်တွေ ရင်တွေ စွင့်ကားလာနေသည်။

လုဒီက ဒါကိုမသိ။

လုဒီသိတာ ဝက်ဝံကြီးတွေ ထောင်ချောက်ထဲကျဖို့။

ထောင်ချောက်တွေ ပျက်မပျက် နေ့စဉ် စစ်ဆေးဖို့။

ထင်းရှူးတောအဆုံးထိသွားပြီး ရိက္ခာအတွက် သားကောင်လေးတွေ ရှာဖို့။

နေနီသည် အရင်လိုမဟုတ်။

ကြမ်းတဲ့အသားအရေက နုချင်နေသည်။

ခြောက်တဲ့အသားအရေက စိုချင်နေသည်။

ဝင်းတဲ့အသားအရည်က ထင်းချင်နေသည်။

အဖုအထစ် ...

အနိမ့်အမြင့် ...





အစွင့်အကား ...

လုဒီ ဒီနေ့မှ သတိထားမိသွားရပြီ။

နေရောင်ခြည်နုနုလေးအောက်မှာ နေနီ ထိုင်နေသည်။

မြားတံတွေကို ဓားတစ်ချောင်းနဲ့ ချွန်နေသည်။

နေရောင်အောက်မှာမို့ နေနီ အသားအရေက ဝင်းဝါနေသည်။

နေနီအနားကို ကပ်လာတာ လုဒီတော့မဟုတ်။

အဖွား ... ။

"နေနီ ..."

"ဟင် ..."

ကပိုကရို ဖြစ်နေတဲ့ နေနီကို မျက်လုံးစူးရဲရဲကြီးတွေနဲ့ သိမ်းကြုံးကြည့်နေတာ အဖွား ... ။

"ဦးဖုန်းရမ် ဘယ်မှာလဲ ..."

"တဲထဲမှာ ..."

နေနီ ခပ်ပြတ်ပြတ်ပဲ ဖြေလိုက်၏။

"ငါ ဗိုက်ဆာတယ်ကွာ ..."

"အဲဒါ အဖေ့ကို သွားပြော ..."

"လုဒီကို ငါကြောက်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... "

အတ္တ ...

စိတ်တော့ နည်းနည်းပြန်မှန်လာပြီ။

"လုဒီက ရှင့်ကို ဘာလုပ်လို့လဲ ... "

"မနေ့က ငါ့ကိုထိုးတယ်လေ ... "

ပါးတွေကို လက်နဲ့ပြန်ပွတ်ရင်း အတ္တပြောနေသည်။

ဒီနေ့ကျတော့လည်း အတ္တဆိုတဲ့လူ ...

အေးအေးဆေးဆေးပင် ဖြစ်နေသည်။

ငြိမ်ငြိမ်သက်သက် ဖြစ်နေသည်။

"လုဒီ ကယ်လို့ ငါ့အသက်ရှင်ခဲ့ရတာကို နားလည်ပါတယ် အဲဒီအတွက် လုဒီကိုလည်း ငါ ကျေးဇူးတင်ပါတယ် ... ဟို နေ့ကတော့ ငါ့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေခဲ့တာ အမှန်ပဲ ... မူးယစ်ဆေးတစ်ခုခုကို ငါ အကြောထဲထည့် ပြီး အထိုးခံထားရတဲ့ လူတစ်ယောက်လိုမျိုး ... "

"ဘာ ... "

အတ္တ လိမ်ပြောလိုက်သည်။

သူ ဟန်ဆောင်ခဲ့တာကို ရိပ်မိသွားမှာစိုးလို့။

"ငါ ရူးသွပ်သွားသလို ဖြစ်ခဲ့ရတာကို ဝန်ခံပါတယ် ... "

နေနီ အံ့ဩနေသည်။



သူ အမှန်တွေကို ပြောနေတာပဲ။

သူ ပြောတဲ့အချက်တွေက ... တကယ်ဖြစ်နိုင်တဲ့ အချက်တွေပဲ။

"ရှင် နာမည် အတ္တဆိုတာဟုတ်လား ... "

"ဟုတ်တယ် ... "

"ရှင်ဘယ်မှာ နေတာလဲ ... "

"မန္တလေး ... "

"ဪ ... ဪ"

အဖေသိရင် ဝမ်းသာသွားမှာပဲ။

"ဟော ဟိုမှာ အဖေထွက်လာပြီ ... "

ဦးဖုန်းရမ်သည် နေနီတို့နှစ်ယောက်ရှိရာကို ခပ်သွက် သွက် လျှောက်လာနေသည်။

ဦးဖုန်းရမ် လက်ထဲမှာ စားစရာသောက်စရာတွေ ပါလာသည်။

"မင်း နိုးပြီလား အတ္တ ... "

"ဟုတ်ကဲ့ နိုးပါပြီ ဦးဖုန်းရမ် ... "

"ဟင် ... "

မနေ့ကနဲ့ မတူဘဲ လန်းဆန်းတက်ကြွနေတဲ့ အတ္တ ကို ကြည့်ပြီး ဦးဖုန်းရမ် အံ့ဩသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ဒီနေ့ မင်းကို ကြည့်ရတာ ကြည်လင်လန်းဆန်းနေပါလားကွ ... အတ္တ ... မင်း နေကောင်းသွားပြီလား"

"ကောင်းသွားပါပြီ ..."

"ငါ ... မင်းအတွက် စားစရာတွေလာပို့ပေးမလို့ ထွက်လာတာကွ ... ခုတော့ အတော်ပဲ လာ ငါနဲ့ တဲကိုပြန်လိုက်ခဲ့"

"ကျွန်တော် လုဒီကို ကြောက်တယ် ..."

"ဘာ ..."

"လုဒီ ကျွန်တော့်ကို ထပ်ပြီး ထိုးနေပါဦးမယ်ဗျာ ..."

"ဟား ... ဟား"

အတ္တစကားကို နားထောင်ပြီး ဦးဖုန်းရှမ် ရယ်လို့မဆုံး။

အတ္တ ...

ဒီနေ့မှ သတိကောင်းကောင်း ပြန်ရသွားခဲ့ပြီပဲ။

စကားပြောတာကို ကြည့်ပြီး အတ္တအခြေအနေကို ဦးဖုန်းရှမ် တွက်လို့ရသွားသည်။

"စားကွာ စား ..."

တဲထဲမှာပဲ ချကျွေးနေမိသည်။

"ဦးဖုန်းရှမ် ..."

"ဟင် ..."





"လုဒီရော ..."

"တောင်ချောက်တွေ သွားကြည့်တယ်ကွ ..."

"ဘယ်မှာလဲ ..."

"ကျောက်ဖလူးလွင်ပြင်အဆုံးမှာ ..."

အတ္တ ကျောက်ဖလူးလွင်ပြင်ကို မသိ။

တောက်ချောက်တွေကို မသိ။

အတ္တသိတာ ကြမ်းတမ်းလွန်းတဲ့ လုဒီ။

အတ္တကြောက်တာ ရှူးရဲတောက်ပလွန်းတဲ့ လုဒီရဲ့မျက်လုံးတွေ ...

"ကျောက်ဖလူးလွင်ပြင်အဆုံးက တောင်ချောက်တွေ ..."

အတ္တ မျက်လုံးဝိုင်းနေသည်။

"အဲဒီမှာ ဝက်ဝံကြီးတွေကို ထောင်ထားတဲ့ တောင်ချောက်တွေ ရှိတယ်လေကွာ ... မိမမိ ကျမကျ သွားကြည့်တာပေါ့ကွ ..."

"လုဒီက ... ကြမ်းတယ် ..."

"မင်း သိထားရင် ပြီးတာပဲကွာ ..."

"နေ့နေ့လည်း ကြမ်းတာပဲ ..."

"ဟား ... ဟား ..."

ဦးဖုန်းရှမ်။



www.burmeseclassic.com

www.burmeseclassic.com



တဟားဟားနဲ့ ရယ်လို့မဆုံး။

အတ္တသည် တဲကလေးကို အခုမှ သေသေချာချာ အကဲခတ်လေ့လာနေသည်။

မှဆိုးတွေကို တတ်တဲ့လက်နက်တွေက တဲထဲမှာ အပြည့်။

ပုံထားတဲ့ တောင်ဆိတ်ချိုတွေ သားရေတွေကလည်း အများကြီး။

"ဒါတွေက ဘယ်သူသတ်ထားတာလဲ ... "

"လုဒီ ... "

အတ္တ ကျောချမ်းသွားသည်။

ကြမ်းတမ်းလွန်းတဲ့ လုဒီ။

သူ့မှာ သိမ်မွေ့နူးညံ့တဲ့ နှလုံးသားဆိုတာ ရှိပုံမရပေ။

သူ့ကိုယ်ပေါ်မှာ လက်နက်တွေ အမြဲရှိနေသည်။ သူ့မျက်လုံးတွေက အမြဲလိုလို မာကျောအေးစက်နေသည်။

ဦးဖုန်းရှမ်သည် လုဒီအကြောင်းတွေကို အတ္တ သိထားရအောင် ပြောပြလိုက်၏။

"တို့ မှဆိုးရွာမှာတော့ ... လုဒီဆိုရင် အကုန်ကြောက်ရတယ်၊ စကားလည်း များများ မပြောဘူး ... ဘယ်သူနဲ့မှလည်း ပတ်ပတ်သက်သက် ရှုပ်ရှုပ်ယှက်ယှက် မလုပ်တတ်ဘူး ...





ပြီးတော့ လုဒီက တစ်ကောင်ကြွက်လေ ... ဒီနေ့အထိ လုဒီရဲ့ အဖေနဲ့ အမေဘယ်ကနေ မှဆိုးရွာကို ရောက်လာသလဲ ဆိုတာ ဘယ်သူမှ ခုထိ မပြောနိုင်ကြဘူး ... "

စကားများများ ပြောလိုက်၏။ ဦးဖုန်းရှမ်မောသွားသည်။

"ကဲ ... မင်းကရော ဘယ်လိုလဲ မင်းအကြောင်းတွေ ခေါင်းထဲမှာ ပြန်စဉ်းစားလို့ ရလာပြီလား ... "

"ကျွန်တော် မှတ်မိပါပြီ ... "

"ဟေ ... "

"ကျွန်တော် မန္တလေးက လာတာ ... "

"မန္တလေး ... "

ဦးဖုန်းရှမ် မျက်လုံးတွေ အရောင်လက်သွား၏။

မန္တလေးက လာတာတဲ့။

"မင်းတစ်ယောက်တည်း လာတာလား အတ္တ ... "

ဦးဖုန်းရှမ် သိချင်စိတ်များနေသည်။

ခပ်လောလောပဲ မေးလိုက်မိ၏။

"မဟုတ်ဘူး ... "

အတ္တမျက်နှာပေါ်မှာ သွေးရောင်တော့နည်းနည်းမဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေ ပါသေးလဲ ..."

"ကျွန်တော့်ကို လိုက်သတ်နေတဲ့ အဖွဲ့တွေ ..."

"ဘာ ..."

"သူတို့ သူတို့ကြောင့် ... ရေခဲချောက်ထဲ ကျွန်တော် ပြုတ်ကျသွားတာ ..."

အတ္တအမှန်တွေကို ပြောပြီ။

အဖြစ်အပျက်တွေကို ပြန်သတိရလာပြီ။

မန္တလေးကနေ ...

အတ္တနောက်ကို တောက်လျှောက်လိုက်လာတဲ့ အဖွဲ့။

လူသုံးယောက် ...။

တစ်ယောက်က လေမွေ ...

တစ်ယောက်က မုန်တိုင်း ...

တစ်ယောက်က ရေလှိုင်း ...

ပြေးသူက တစ်ယောက်၊ လိုက်သူက သုံးယောက်။

"မင်း ... မင်း ပြောတာ အမှန်တွေနော် ... အတ္တ ..."

"အမှန်တွေပါဗျာ ..."

"အခု သူတို့ဘယ်မှာ ကျန်ခဲ့လဲ ..."

"အဒွန်းဝမ်ချောင်"





သည်ကနေထွက်လျှင် သိပ်မဝေးသောနေရာ။

ရေစီးသန်သော အဒွန်းဝမ်ချောင်း။

တောင်တက်လမ်း တစ်နေရာက ချောင်း။

ဦးဖုန်းရှမ် ကြိတ်ရယ်လိုက်သည်။

အတ္တပြောတဲ့လူတွေ၊ သည်ရေခဲတောင်ပေါ်ထိ ရောက်လာပြီဆိုတာ အတ္တမသိသေးပါ။

သိခဲ့လျှင် ...

အတ္တသည် သွေးပျက်ချောက်ချားစွာ စိတ်ဓာတ်ကျသွားပေတော့မည်။

"မင်းကို သူတို့ ဘာကြောင့် လိုက်သတ်နေတာလဲဟင် ..."

"လူတစ်ယောက်က ငွေပေးပြီးခိုင်းလို့ ..."

"ဘယ်သူလဲ ..."

"ခင်ဗျား မသိပါဘူး ... ဦးဖုန်းရှမ်ရယ် ... အဲဒီအကြောင်းတွေ ဆက်မပြောတာ ကောင်းမယ် ... ကျွန်တော် စိတ်ညစ်သွားပြီဗျာ ..."

အတ္တ ...

တဲထဲက ပြန်ထွက်သွားပြီ။

စိတ်ညစ်သွားပြီတဲ့။

ဦးဖုန်းရှမ် တစ်ယောက်တည်း ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မလွယ် ... ။

အတ္တသည် သူ့နောက်ကို လိုက်လာတဲ့ လူ့သတ္တဝါ သမားတွေလက်ကနေ ဘယ်လိုမှ ပြေးလို့ လွတ်မှာ မဟုတ်တော့။

သူတို့ တောင်ပေါ်ကို ရောက်နေကြပြီ။

အတ္တကို လိုက်ရှာနေကြပြီ။

ညက သူတို့တဲမှာ အတ္တ မအိပ်တာ ကံကောင်းသွားသည်။

သည်အကြောင်းတွေကိုသာ ...

လုဒီနဲ့ နေနီသိခဲ့လျှင် ... ။

.... ❀ ....





## အခန်း (၅)

လုဒီ ...

မကျေနပ်ပါ။

ညသန်းခေါင်ကျော်က တဲအနားကို ကပ်လာတဲ့သူ။

သူ ဘယ်သူလဲဆိုတာ လုဒီ သိချင်နေသည်။

အဲဒီလူကို ခြေရာခံဖို့ ထင်းရှူးတောဘက်ကို လုဒီ တစ်ယောက်တည်း ဆင်းလာခဲ့ခြင်းဖြစ်သည်။

ခြေရာက ပျောက်နေသည်။

နှင်းမုန်တိုင်းကြီးက ခြေရာတွေကို ဖျက်ချသွားတာ ဖြစ်ပါလိမ့်မည်။

ရှာလို့မတွေ့။

ထင်းရှူးတောသည် ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲလွှင့်တွေက ထင်းရှူးတောအခြေမှာ ဖွေးဖွေး လျှပ်နေသည်။

ထောင်ချောက်တွေကလည်း သည်အတိုင်းပင်။

ခြေရာလက်ရာ လုံးဝမပျက်။

"လုဒီ ... "

"ဟင် ... "

အဝေးက လှမ်းခေါ်နေတဲ့ နေနီရဲ့အသံ။

လုဒီနောက်ကို နေနီလိုက်လာပြီ။

နေနီသည် ...

ကိုယ်ကျပ်ဘောင်းဘီရှည်ကို ဝတ်ထားသည်။

လည်သာအပွစား ဂျင်းဂျာကင်အထူကြီးကို ဝတ်ထား၏။

"နင် ဘယ်သွားမလို့လဲ ... "

တောင်ကုန်းထိပ်က ကျောက်တုံးကြီးပေါ်မှာ ရပ်နေတဲ့ နေနီ။

လုဒီရှိနေတဲ့ အောက်ဘက်ကို ငုံ့ကြည့်ရင်း မေးနေသည်။

"ဟိုဘက် ... "

တိုတိုတုတ်တုတ် ဖြေတတ်တာ လုဒီရဲ့ အကျင့်။





"ငါလည်း လိုက်မယ် ... "

နေနီ ကျောက်တုံးပေါ်ကနေ အောက်ကို လွှားခနဲ ခုန်ဆင်းလာပြီ။

ရှိသမျှ အစိုင်အခဲတွေ ...

တစ်စုမကျန် လျှပ်ခါသွားတဲ့နေနီ။

အဲဒါတွေကို ဘာတစ်စုမှ သူ မသိလိုက်တဲ့ မျက်နှာအမျိုးနဲ့ လုဒီနားမှာ လာရပ်သည်။

"ရှုပ်တယ် နင်မလိုက်ပါနဲ့ ... "

"ငါ ပျင်းတယ် ... "

"ပျင်းရင် တဲမှာပြန်အိပ် ... "

လုဒီသည် နေနီစုလို သူ့နောက်ကို လျှောက်လိုက်တာ မကြိုက်။

"နင်ကလည်းဟာ ... "

နေနီ နှုတ်ခမ်းဆူတတ်နေပြီ။

နေနီ မဈိုတရို့လုပ်တတ်နေပြီ။

"ဟို့ အရွှေဆိုတဲ့လူက ငါ့ကိုပဲ လိုက်လိုက်ကြည့်နေတယ် ဟာ ... "

"ဘာ ... "

"အဲဒါကြောင့် နင့်နောက်ကို ငါလိုက်လာတာ ... "



www.burmeseclassic.com

www.burmeseclassic.com



အတ္တ ...

ရှုပ်လိုက်တာ။

သူ့ကို ဘာဖြစ်လို့ ဦးဖုန်းရမ်က ဒီလောက်တောင် ကယ်တင်ချင်နေရတာလဲ။

ဘာဖြစ်လို့ ဒီလောက်တောင် စေတနာတွေ ပိုနေရတာလဲ။

လုဒီ မကြိုက်။

အဲဒီ့ အတ္တဆိုတဲ့ မပတ်သက်ချင်လို့ တဲကနေ လုဒီ ရှောင်ထွက်လာတာ။

"ကြည့်တော့ ဘာဖြစ်လဲ ..."

"ငါ မနေတတ်ဘူး ..."

မှင်လင်းတဲ့ နေနီ။

သူမ ပြောတာ ရှင်ရှင်းလေး။

ငါ မနေတတ်ဘူးတဲ့ ...။

ခေါင်းငုံ့ပြီး ဖြေနေသည်။ လုဒီကိုလည်း မကြည့်

သူမ နှုတ်ခမ်းတွေကို သူ့ဟာသူ မသိမသာ ပြန်ကိုက်ထားသည်။

နေနီကို အထူးအဆန်းတစ်ခုလို ပြန်ငုံ့ကြည့်နေတာ လုဒီ။





နေနီ ...

မှိုအစ်နေသည်။

ထစ်ကြနေသည်။

အတ္တကြည့်တာ အဲဒါတွေကြောင့်။

"အခု အတ္တဆိုတဲ့လူ ဘယ်မှာလဲ ..."

"ထွက်သွားပြီ ..."

"ဟင် ... ဘယ်ကိုထွက်သွားတာလဲ ..."

"ရေခဲချောက်တွေဘက် ..."

"ဘာသွားလုပ်တာလဲ ..."

"သူကျသွားတဲ့ နေရာကို ပြန်သွားကြည့်ချင်လို့တဲ့ ... အဖေ လိုက်သွားတယ် ..."

တော်တော် ရှုပ်တဲ့လူ။

နောက်တစ်ခါထပ်ကျသွားလည်း အေးတာပဲ။

"သူ့ကို တဲကနေ မောင်းထုတ်ပစ်ရမှာ ..."

လုဒီကတော့ ခပ်ပြတ်ပြတ်ပဲ။

လုဒီ သဘောနဲ့ လုဒီသာဆို ကိစ္စကပြီးပြီ ...

အဘိုးကြီး ဦးဖုန်းရမ် ခံနေလို့။

"သူ သွားမှာ မဟုတ်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ …”

“သူ့အကြောင်း တချို့တစ်ဝက်ကို ပေပေ ပေါ်ပြူးပြူး … သူ့ကို လူသုံးယောက်က လိုက်သတ်နေလို့ … ထွက်ပြေးလာတာတဲ့ …”

“ဘာ …”

“ဒါကို အခုပဲ အပေ ပြောလိုက်တယ် … ဘယ်သွားသွား သတိထားပြီး သွားတဲ့ …”

လုဒီ အံ့သြသွားရသည်။

လူသုံးယောက်က လိုက်သတ်နေလို့ ထွက်ပြေးလာတာတဲ့။

ဟုတ်ပါ့မလား …။

စိတ်ထဲ ထင်တာတွေ လျှောက်ပြောနေတာလား။

“အဲဒါ နင်ယုံလား …”

“အပေ ပြောတာပဲ … ငါလည်း အပေပြောတဲ့အတိုင်း နင့်ကို ပြန်ပြောတာပဲ …”

နေနီသည် သူသိရသမျှကို လုဒီသိအောင် တစ်ဆင့် ပြန်ပြောနေခြင်းဖြစ်သည်။ ဟုတ်မဟုတ်ကတော့ အတ္တဆိုတဲ့ လူတစ်ယောက်ပဲ အသိဆုံးနေမှာပဲ။





“ငါ တစ်ခုတော့ စဉ်းစားမိတယ် လုဒီ …”

“ပြော …”

“ညက … ထွက်ပြေးသွားတဲ့လူဟာ … အတ္တကို လာရှာတဲ့ လူဖြစ်မယ် … လာတာလည်း ခိုးကြောင်ခိုးဝှက်နဲ့ … ပြီးတော့ အတ္တရေခဲချောက်ထဲကျသွားတုန်းက … သူ့ကိုယ်ပေါ်မှာ မူးယစ်ဆေးတစ်မျိုးမျိုး အထိုးခံထားရတယ်တဲ့ အဲဒါကြောင့် သူ ကယောင်ချောက်ချားတွေ ဖြစ်ခဲ့ရတာတဲ့…”

ဖြစ်နိုင်တယ်။

ဒါ လုံးဝ ဖြစ်နိုင်နေတဲ့ အချက်ပဲ။

“ဘယ်ကလူတွေက သူ့ကို လိုက်သတ်နေတာလဲ …”

“မန္တလေးကလို့ ပြောတာပဲ …”

လုဒီ စဉ်းစားရပြီ။

ပြဿနာ အရှုပ်ထုပ်တွေနဲ့ တောင်ပေါ်ကို ရောက်လာခဲ့တဲ့ အတ္တ။

လူသတ်သမား သုံးယောက်ကလည်း နောက်က လိုက်လာသတဲ့။

“တော်ပြီ ရှုပ်တယ် အဲဒီကိစ္စဟာ … ငါတို့နဲ့ဘာမှ မဆိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ သူတို့ သတ်ပဲသတ်သတ် ... ရေခဲချောက်ထဲပဲ ပစ်ချ ပစ်ချ ... ငါသွားမယ် ... "

"ဟင် ဘယ်ကို သွားမှာလဲ လုဒီ ... "

"စွန်သွားပစ်မယ် ... "

ကျောက်လွှာပြတ်ကြီးတွေ ရှိတဲ့နေရာ။

ရှဉ့်ပေါက်ကလေးတွေ ပြေးလွှားဆော့ကစားတတ်တဲ့ နေရာ။

စွန်ကြီးတွေ ကောင်းကင်မှာ ပျံဝဲပြီး ရှဉ့်ပေါက်ကလေးတွေကို ချောင်းနေတတ်၏။

လေထဲမှ မြေပြင်ကို ထိုးစိုက်ချပြီး ရှဉ့်ပေါက်ကလေးတွေကို သုတ်ချီသွားတတ်တဲ့ စွန်ညိုကြီးတွေ။

နေနီ ပျော်နေသည်။

တစ်လမ်းလုံး ခုန်ပေါက်လိုက်လာသည်။

သူတို့နှစ်ယောက်စလုံး အတ္တကိစ္စကို မေ့သွားကြပြီ။

စွန်ကြီးတွေဝဲနေတဲ့ ကျောက်တုံးကြီးတွေကြားထဲကို ခက်ခက်ခဲခဲ ဆင်းလာခဲ့ကြပြီ။

လုဒီ ... ။

ပခုံးမှာ စလွယ်သိုင်းလွယ်လာတဲ့ မြားကို ဖြုတ်ယူလိုက်သည်။





"ဖရော ... "

"ဖရော ... "

သစ်ရွက်တွေ ကြွေကျနေသည်။

ကျောက်တုံးတွေကြားထဲကို လွင့်စဉ်နေသည်။

ရွက်ခြောက်တွေ ...

"ဖြောက် ... "

"ရွှတ် ... "

နင်းမိလိုက်တာနဲ့ အသံတွေ မြည်နေသည်။

"အို ... "

ခြေချော်ပြီး လဲတော့မလို ဖြစ်သွားတဲ့ နေနီ။

လုဒီ အချိန်မီ လှမ်းဆွဲလိုက်လို့။

"ဟင် ... "

ရင်ခွင်ထဲ အလိုက်သင့်ကျလာသည်။

လုဒီ လက်တွေက ဆွဲမိဆွဲရာ ဆွဲလိုက်တော့ ထိချင်ရာတွေနဲ့ စွတ်ထိသွားသည်။

"ဟာ ... "

ရွှေခနဲ ခံစားလိုက်ရသည်။

ပြင်းပြလိုက်မောတဲ့ ခံစားမှုတစ်ခု။

"တော် ... တော်သေးတယ် လုဒီ ... ဟင်း ... ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



နေနီပါးနှစ်ဖက်စလုံး ရဲတွတ်သွားသည်။

လုဒီ ဘာမှမပြော။

နေနီကို ချက်ချင်းဆွဲပယ်ပစ်လိုက်ပြီ ... ။ အောက်တစ်ဆင့်ကို အလိုက်သင့် နှန်ဆင်းလိုက်သည်။

ဝါးရုံတော။

ဗွန်ကြီးတွေကို ချောင်းပစ်လို့ရတဲ့ ပစ်ကွင်းနေရာကို ရောက်ပြီ။

ဗွန်ညိုကြီးသုံးကောင်။

ကောင်းကင်ပေါ်မှာ တငြိမ့်ငြိမ့်ဝဲလို့။

လုဒီနဲ့ နေနီ။

ကျောက်တုံးကြားထဲမှာ ပုန်းနေသည်။

မမြင်ရ။

ကျောက်တုံးကြီးတွေက လုဒီတို့နှစ်ယောက်ကိုအမိုးတစ်ခုလို ကွယ်ပေးထားကြသည်။

"လုဒီ ..."

"ဟင် ..."

"ဗွန်ကြီးတွေက ကြောက်စရာကြီး ..."

နေနီ တအံ့တသြမော့ကြည့်ပြီး ပြောနေသည်။

"ဘာကို ကြောက်တာလဲ ..."



"နှုတ်သီးကြီးတွေနဲ့ ... ခြေသည်းကြီးတွေ ..."

အသားစား ဗွန်ကြီးတွေ။

ရှဉ့်ပေါက်ကလေးတွေကို လစ်တာနဲ့ တအားထိုးသုတ်ဖို့ အဆင်သင့်။

မျက်လုံးတွေ လျင်သည်။

လှုပ်ရှားမှုတွေက မြန်သည်။

ဗိုးစနဲ ထိုးဆင်းလာတာနဲ့ ရှဉ့်ပေါက်ကလေးတစ်ကောင်ပါပြီပဲ။

"ကျွီ ..."

"ကျွီ ..."

"ဟော ..."

မြေပြင်ပေါ်ကို ဖျတ်ခနဲ ဆင်းပြေးလာတဲ့ ရှဉ့်ပေါက်ကလေး။

သစ်ရွက်ခြောက်တွေကြားထဲမှာ ...

စုန်ဆွ စုန်ဆွနဲ့ လျှောက်ပြေးနေ၏။

"ဖလပ် ..."

"ဖလပ် ..."

"ဖျတ် ..."

"ဖျတ် ..."

www.burmeseclassic.com

www.burmeseclassic.com



စွန်ကြီးတစ်ကောင်ရဲ့ အတောင်ပံခတ်သံ တစ်ဖျတ်ဖျတ်ကို ကြားလိုက်ရပြီ။

"လုဒီ စွန်ကြီးဆင်းလာပြီ ..."

"ဝှစ် ..."

"ရှီး ..."

လုဒီ တွက်ပြီးသား။

အနိမ့်အမြင့် အကွာအဝေး အချိန်အဆ။

"ဒုတ် ..."

"ဂီး ..."

တစ်ချက်တည်းပဲ။

လှုပ်ရှားမှုတွေအားလုံး ကွက်တိပဲ။

"ဘုန်း ..."

မြေပေါ်ကို ဘုန်းခနဲ ပစ်ကျလာတဲ့အသံကြီးတစ်သံကို ကြားလိုက်ရသည်။

"ကျပြီကွ ..."

"ဟေး ..."

နေနီ ...

လက်ခုပ်တဖြောင်းဖြောင်းတီးရင်း ပြေးထွက်သွားသည်။





အဲဒါ နေနီရဲ့ ပထမဆုံးအမှား။

သူတို့ စွန်အုပ်ထဲက တစ်ကောင်ကို ပစ်ချလိုက်၏။ အခြားအမျက်ချောင်းချောင်းထွက်သွားသော စွန်ကြီး နှစ်ကောင်က နေနီခေါင်းပေါ်ကို ဝှီးခနဲ ထိုးဆင်းလာတာကို နေနီလည်း မသိလိုက်။

"ဟာ ..."

လုဒီ ကြောင်နေသည်။

မြန်လိုက်တဲ့ စွန်ကြီးနှစ်ယောက်။

နေနီကို ဝိုင်းပြီး တိုက်ခိုက်ကြပြီ။

"အား ..."

နှုတ်သီးကြီးတွေက ရှူးသည်။

ခြေသည်းကြီးတွေက ကြမ်းသည်။

"ဟေး ..."

"ဟေး ..."

လုဒီ ပြေးထွက်သွားသည်။

"ဖြောင်း ..."

"ဒေါင်း ..."

"ဂီး ..."

"ဂီး ..."

www.burmeseclassic.com



စုန်သည်။ ပျံသည်။

ရိုက်သည်။ နှက်သည်။

နောက်ဆုံး စွန်ကြီးတွေ ပျံဝဲတက်သွားတော့ ...

မြေပြင်ပေါ်မှာ လဲကျန်ခဲ့တာ ခနီ။

"ခနီ ..."

"ခနီ ..."

ခနီလည်း အင်္ကျီတွေ ဆုတ်ပြဲထွက်နေသည်။

ရင်သားနုနုနေရာတွေ ကုတ်ဖဲ့ခံထားရသည်။

လည်တိုင်တစ်လျှောက်မှာ ပွတ်ရာခြစ်ရာတွေနဲ့ သွေးစွန်းနေသည်။

"ရလား ..."

ခနီ ပြန်ထလာသည်။

လုဒီသည် ခနီ့ကို မကြည့်။

မျက်နှာကို ရှက်ရှင်း လွှဲပစ်လိုက်၏။

"ကဲဟယ် ..."

"ကဲဟယ် ..."

"ဘုန်း ..."

"ဘောင်း ..."



နောက်ဆုံးတော့ ခနီ့ခေါ်သကာ မြားမှန်ပြီးသွေးအိုင်ထဲ လဲကျနေသော စွန်ညိုကြီးကိုပဲ ခြေထောက်နဲ့ တအားဖိတ်ကန်ရင်း စဝ်ကြွမ်းကြွမ်း ကျိန်ဆဲနေသည်။

"နင့်ကို ပြုတ်ပြီး နတ်နတ်စင်းမယ် ... ဟင်း ... ဟင်း ..."

အပြန်မှာတော့ ...

ရှေ့ကသွားတာ လုဒီ။

နောက်က လိုက်တာ ခနီ။

"နင် လှည့်မကြည့်နဲ့ ..."

ပရိုမရှဲဖြစ်နေတဲ့ပုံကို လုဒီ မကြည့်စေချင်။

ရင်နှစ်မွှာကို လက်နှစ်ဖက်နဲ့ ယှက်ပြီး ခနီရအောင်ဖွယ်ထားသည်။

ဒါပေမဲ့ ... ထင်းခနဲပေါ်နေတဲ့ ဗိုက်သားဝင်းဝင်းကလေးကိုတော့ ခနီ ရအောင်ကွယ်မထားနိုင်။

ပြန့်ပြူးနေတဲ့ ကုန်းမြေနုနုလေးတစ်ခု။

အောက်ကို သက်ဆင်းသွားရင် ကျောက်ကမ္ဘား။

မြုပ်တွေနဲ့ ဝိုင်းကာထားသည်။

ဘယ်သူမှ မသွားရဲ။

ကျသွားရင် ပြန်တက်လို့မရ။

လုဒီသည် ရှေ့ကနေ့ ကျော့ပတ်သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေနီသည် ရှက်လည်းရှက် ဒေါသလည်းဖြစ်နေတဲ့ မျက်နှာရဲရဲလေးနှင့် နောက်က လိုက်နေသည်။

ပတ်ဝန်းကျင်မှာ

ဘယ်သူမှ မရှိဟု နေနီထင်နေသည်။

တကယ်တော့ ...

နေနီထင်တာမှားနေသည်။

ကျောက်တုံးကြီးတစ်ခုရဲ့ အကွယ်မှာ လူသားတေ စွန်ကြီးသုံးကောင် ရှမ္ဘက်စိုးတွေဝေနေတဲ့ မျက်လုံးခြောက်လုံးနဲ့ ချောင်းကြည့်နေသည်။

သူတို့ ဘယ်သူမှ ...

မသက်မရှူနိုင်အား။

တစ်လှမ်းချင်း လှမ်းလာနေတဲ့ နေနီကိုကြည့်ပြီး အသက်ရှူဖို့ကိုပင် ခမ့်နေကြသည်။

သက်ပြင်းကြီးချတော့လည်း ဖြိုင်တူ။

အကြည့်ခံရတဲ့သူက မမော ...

ကြည့်တဲ့သူတွေ မောသွားသည်။

လက်မှာကပ်သွားတဲ့ မြေမှုန့်တွေကို ဘင်ပါးမှာပွတ် ရင်း တစ်လှမ်းချင်းသွားနေတဲ့ နေနီ။





အဲဒီ နေနီကို စောင့်ကြည့်နေတဲ့ မျက်လုံးခြောက် လုံးသည် ...

အတ္တနောက်ကို လိုက်လာတဲ့ ...

ကြေးစားလူမိုက်သုံးယောက်။

---- ❀ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူတို့သုံးယောက်။

အိပ်မပျော်။

ထင်းရှူးတောအဆုံးက ... ကျောက်လွှာပြတ်ကြီးတစ်စုရဲ့ အောက်မှာ ကျွေးတဲ့လူက ကျွေးနေသည်။

တွေးတဲ့လူက တွေးနေသည်။

ဆွေးတဲ့လူက ဆွေးနေသည်။

လေပွေ ...

မှန်တိုင်းနဲ့ ရေလှိုင်း။

သူတို့ သန်မာထွားကျိုင်းကြသည်။

ဗလတွေ တောင့်တင်းကြသည်။

ဆိုးတာက ...





သူတို့ မျက်နှာပေါက်တွေ။

ကြမ်းသည်။

ခက်ထန်သည်။

မာကြောအေးစက်သည်။

သူတို့သိတာ အမိန့်တစ်ခု ...

ထိုအမိန့်သည် အတ္တနောက်ကို မျက်ခြေပြတ်မခံဘဲ သိုက်ဖို့။ အတ္တရဲ့ လှုပ်ရှားမှုတွေကို အနီးကပ်စောင့်ကြည့်နေဖို့။

လက်ဖျားနဲ့တောင် တို့ခွင့်မရှိ။

အတ္တအသက်ကို ရန်ရှာခွင့်မရှိ။

မမလေး အနော်မာရဲ့ အမိန့်။

မမလေး အနော်မာသည် သူတို့သုံးယောက်ကို ဇက်ကြိုးကိုင်ထားသည်။ သူတို့သုံးယောက်လည်ပင်းတွေမှာ ကြိုးကွင်းစွပ်ထားသည်။ သူတို့သုံးယောက် အကြောက်ဆုံးအရာသည် မမလေးအနော်မာ၏ မျက်လုံးတွေကို ဖြစ်သည်။

မမလေး အနော်မာသည် သူ့ဘော်ဒီဂတ်တွေနဲ့ ဟောင်ကောင်းဒန်းရွာမှာ ကျန်နေခဲ့သည်။

ခုလောက်ဆို ...

ရေခဲတောင်ထိပ်ကို လိုက်လာနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်ဝက်အကွာကို ရောက်နေနှင့်လောက်ပြီ

ခရီးက ခရီးကြမ်း ...

ခနော်ခနဲ ကြိုးတံတားတွေ ... ဝါးတံတားတွေ

အကြိမ်ကြိမ်အခါခါ ဖြတ်လာခဲ့ရတဲ့ ခရီးကြမ်း။

အသက်ကိုဖက်နဲ့ထုပ် ...

ပြတ်ကျလိုက်လို့ကတော့ ... အရိုးတခြား အသား

တခြားပဲ။

သူတို့ အလုပ်တွေကနိမ့်ချနိမ့်တော့ရောက်မှာမဟုတ်

ရေကြီးရှစ်ထပ်ကို တစ်ထပ်ပြီး တစ်ထပ်ရောက်သွားဖို့ပဲ သေရေး

နေသည်။

ကောင်းတဲ့အလုပ်တွေမှ မဟုတ်တာ။

ဖြတ်စားလပ်စား။

ခုတ်စား ရိုက်စား။

ဝိသမလောဘသားတွေ။ ဘနမှုး သိုက်တူးချင်နေ

တဲ့ အဖွဲ့တွေ။

ခုလည်း ...

သတင်းတစ်ခုကြောင့် အတ္တနောက်ကို သဲကြီး မဲ

ကြီးလိုက်လာခဲ့ကြတာ။

လမ်းမှာ ...





အတ္တနဲ့ ပြေးတမ်းလိုက်တမ်း ကစားခဲ့သည်။

ဉာဏ်များလွန်းတဲ့ အတ္တ။

အကွေ့အကောက် အလှည့်အပတ်တွေနဲ့ ရှုပ်ထွေး

လွန်းတဲ့ အတ္တ။

ခုတော့ ...

ပြေးစရာ မြေမရှိတော့။

ရေခဲတောင်ပေါ်မှာ ပုန်းနေသည်။

အပြင်မထွက်ရဲ။

လှုပ်လှုပ်ရှားရှား သိပ်မလုပ်ရဲ။

သူတို့သုံးယောက်ရှာတာလည်း နှံ့နေပြီ။

ခုထိ ...

ရှာလို့ မတွေ့သေး။

တောင်ပေါ်က မှုဆိုးတဲ့။

သူတို့သွားချောင်းတာ နှစ်ညှ။

မှုဆိုးတွေနိုးလာလို့ မှန်တိုင်းပြေးခဲ့ရသည်။

သူတို့ ပြဿနာထဲမှာ မုဆိုးတွေကို ဆွဲမထည့်ချင်

သေး။

ကိုယ့်ပြဿနာနဲ့ကိုယ် ရှင်းဖို့ သူတို့ဆုံးဖြတ်ထား၏။

"လေမွှေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မုန်တိုင်း ..."

"အိပ်လို့ မပျော်ဘူးကွ ..."

တစ်ယောက်လှုပ်တော့ ... တစ်ယောက်ကလည်း လှုပ်လာသည်။ တစ်ယောက်က အိပ်မပျော်တော့ နောက်တစ်ယောက်ကလည်း အိပ်လို့မပျော်။

"အေးကွာ ... ဒီညကြမှ အိပ်လို့မရဘူးဖြစ်နေတယ် ..."

"မင်း ဘာတွေ တွေးနေလဲ မုန်တိုင်း ..."

"ငါလား ..."

"အေး ..."

"ဟို မုဆိုးတဲက နေနီဆိုတဲ့ ကောင်မလေးအကြောင်း ..."

"ဘာ ..."

မုန်တိုင်းသည် မညာတတ်။

ရင်ထဲမှာ ရှိတဲ့အကြောင်းအရာတစ်ခုကို ဖြောင်ပဲ ပြောတတ်သူ ... ။

"အရမ်းလှတယ်ကွာ ..."

မချိုတင်ကဲ ပြောနေသည်။

လွမ်းလွမ်းဆွေးဆွေး တမ်းတနေသည်။

ပင့်သက်ကြီးတစ်ခုကိုလည်း ဟူးခနဲနေအောင် မှုတ်ထုတ်ပစ်လိုက်၏။





"အဲဒါ ဘာဖြစ်တာလဲ ..."

"မောလို့ ..."

"ငါလည်း မောတယ် ... ပြီးတော့ ... တစ်ကိုယ်လုံးမှာရှိတဲ့ အကြောအချဉ်တွေ အားလုံး တောင့်သလိုကြီး ဖြစ်နေတယ် ..."

"ဟင်း ..."

"ဟောဗျာ ..."

တစ်ချိန်လုံး ငြိမ်နေတဲ့ ရေလှိုင်း။

ဘာမပြောညာမပြောနဲ့ ပင့်သက်ကြီးတစ်ခုကို မှုတ်ထုတ်နေပြန်ပြီ။

"ဟော့ကောင် ... တို့အဖွဲ့ထဲမှာ မင်းလည်းပါနေပြီလားကွ၊ ဟေ ... ရေလှိုင်း ..."

"အေးပါတယ် ..."

ရေလှိုင်းကလည်း ဖြောင်ပဲ။

ပါတယ်တဲ့။

ရေလှိုင်းဆီက အဖြေကြောင့် သုံးယောက်သား ရယ်ဆိုက်မိကြသည်။

"ကောင်မလေး နာမည်က နေနီတဲ့ကွ ..."

"နာမည်လေးကလည်း ချစ်စရာလေး ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ကြပြီ။

"ဟော့ကောင် မုန့်တိုင်း ..."

"ဟင် ..."

"မမလေး အနော်မာနဲ့ဆို ဘယ်သူက ပိုလှသလဲ"

"အင်း ..."

မုန့်တိုင်း ဖြေရခက်သွားသည်။

မမလေး အနော်မာ ...

သူလည်း လှတာပဲ။

တင်းသည်။

ဝင်းသည်။

စိုသည်။

အိသည်။

"ဖြေလေကွာ ..."

"မမလေး အလှက ပိုပြီး ပွလောင်သလိုပဲ ..."

"ဘယ်လောက်ထိ ပွလောင်သလဲ ..."

"ဟဲ ... ဟဲ ... ထောင့်ငါးရာကျော်တယ် ..."

လေပွေ။

မမလေး အနော်မာနားကို ကပ်နေတာကြာပြီ။

မရလို့။





မုန့်တိုင်းလည်း ဘာထူးလဲ။

ရလို့ကတော့ နဖူးပေါ်တင်ထားမဲ့ ကောင်တွေ။

"ငါကတော့ နေနီလေးကို ပိုကြိုက်တယ် ... မိုက်သားလေးကိုမြင်ရတာ ရင်တွေတုန်တယ် ..."

ရေလှိုင်း ...

သူကတော့ နေနီလေးမှ နေနီလေးဖြစ်နေ၏။

သည်နေ့ ...

နေနီမလေးရဲ့ တစ်ရစ်နေတဲ့အလှတွေက ရေလှိုင်းဆိုတဲ့ ကောင်ကို သိမ်းကြုံးဆွဲငင်သွားခဲ့သည်။

မနေနိုင်။

သတိရနေသည်။

မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီး ပြန်မြင်နေသည်။

"ဘာမှ ပြောမနေနဲ့ ဟော့ကောင်တွေ ... အရေးကြီးတာ အတွက်ကို တွေ့အောင်ရှာဖို့ပဲ ... ဒီကောင် တို့ကို အစဖျောက်ပြီး လစ်ပြေးမှာပဲ ကြောက်ရတယ် ..."

"ဒီည သွားရှာမလား ..."

"ဘယ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မုဆိုးတဲနား တစ်ဝိုက်မှာလေ ... "

ရေလှိုင်း အကြံပေးနေ၏။

"ဟော့ကောင် အပိုတွေလျှောက်ပြောမနေနဲ့ ... နေနီမလေး ကို သွားချောင်းချင့်တာမို့လား ... မင်းအကြံကို မသိတာ မှတ်လို့ ... ချောင်းချင်ရင် ... အခု ထသွားမယ် ... "

"အပြင်မှာ အရမ်းအေးနေတယ်ကွ ... "

လေပွေက မလိုက်ချင်။

ကိုယ့်နေရာလေးမှာပဲကိုယ် ဓိမ်နဲ့ နပ်နေချင်သည်။

သည်ကျောက်ဖျာချပ်ကြီးအောက်က လေမတိုး။ လေမတိုးတော့ မြေငွေ့နဲ့တင် နွေးနေသည်။

ညကဆို ...

အိပ်လိုက်တာ တစ်ရေးပဲ။

"မင်း မလိုက်ချင် နေခဲ့ ... တို့နှစ်ယောက်ပဲ သွားမယ်"

"ဟာ ... အဲလိုတော့ မလုပ်နဲ့လေကွာ ... ငါတစ်ယောက် တည်း မအိပ်ရဲဘူး ... သရဲကြောက်တယ် ... သွားရင် သုံး ယောက်စလုံး သွားမယ် ... "

သည်လိုနဲ့ ...

မုဆိုးတဲနားကို ရောက်သွားသည်။





နေနီသည် မအိပ်သေး။

စွန်ကုတ်ထားတဲ့ ဒဏ်ရာတွေက တစ်ဆစ်ဆစ်နဲ့ နာနေသည်။

ဦးဖုန်းရမ်သည် ... နေနီကို စောင့်ကြည့်နေသည်။ ကိုယ်ကို တအားလှည့်ပြီး ဆေးငုံ့ထည့်နေတဲ့ နေနီ့ကျောပြင်ကို ကြည့်ရင်း သမီးအတွက် စိတ်ပူနေသည်။

စွန်ညိုကြီးတွေရဲ့ ခြေသည်းတွေက အဆိပ်ပြင်းတဲ့ ခြေသည်းတွေ။

အကုတ်ခံရလျှင် အနာက တော်တော်နဲ့ မကျက်။

အနာရှိတဲ့ နေရာကို ဦးဖုန်းရမ် ကိုယ်တိုင်လည်း ကြည့်လို့မရ။

လုဒိလည်း ...

ခုထိ တဲဆီကို ပြန်မလာ။

ဝက်ဝံကြီးတွေ တက်လာမဲ့လမ်းကို တစ်ယောက် တည်း စောင့်ကြည့်ဖို့ ညစာ စားပြီးကတည်းက ထွက်သွားသည်။

နည်းနည်းတော့ လှမ်းသည်။

တဲကနေ လှမ်းကြည့်ရင်တောင် ကျောက်ဖလူးလွှင် ပြင်ကို မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖလူးလွှင်ပြင်ရဲ့ အဆုံးထိ သွားတာဆို တော့ ပိုဝေးသွားသည်။

ကျောက်ဖလူးလွှင်ပြင်။

ရေခဲတောင်ထိပ်နဲ့ ထင်းရှူးတောကြား။

သစ်ပင်ခဲတွေ မရှိ။

ကျောက်တုံးကြီးတွေ မရှိ။

ထောင်ချောက်တွေပဲ ရှိသည်။

သည်နေရာကို ဝက်ဝံကြီးတွေ လာတတ်သည်။

"သမီး နေနီ …"

"ရှင် …"

"ဒဏ်ရာက သက်သာရဲ့လား …"

"နည်းနည်းရောင်နေသလိုပဲ …"

"တောင်ဆိတ်ဆီနဲ့ နာနာဖိလိမ်းစမ်း …"

"လိမ်းတယ် မရဘူး …"

"အဲဒါ အဆိပ်တက်နေလို့ဟ …"

ဦးဖုန်းရမ် …

သမီးနေနီကိုယ်ပေါ်က ဒဏ်ရာကို ကြည့်လို့မရ တော့ ခက်နေသည်။





နေနီကလည်း စ,ဖြစ်လာကတည်းက ဘယ်သူ့ကိုမှ မပြ။

ကိုယ့်ဘာသာကိုယ် ရှိသမျှဆေးတွေနဲ့ ကြိတ်ကုနေ သည်။ ကြိတ်လိမ်းနေသည်။

ဒဏ်ရာက ဆေးကြိတ်လိမ်းလေလေ ပိုရောင်လာ လေလေ။ တင်းနေသည် …။ အစ်နေသည် …။

"စွန်ခြေသည်းဆိပ်ကို နိုင်တာ … ဝက်ဝံသွေးပဲ … ဒီည ဝက်ဝံ တစ်ကောင်လောက် ထောင်ချောက်ထဲကျလိုက်ရင် သိပ်ကောင်းမှာပဲ …"

ဦးဖုန်းရမ် ဝက်ဝံသွေးကို တမ်းတနေသည်။ ဝက်ဝံ တစ်ကောင်လောက်ကို လိုချင်နေသည်။

"လုဒီကလည်း ကြာလိုက်တာ အဖေ …"

"အေး ကြာတာမယ် …"

"ဝက်ဝံတွေက လာဦးမှာ မဟုတ်သေးပါဘူး အဖေရာ …"

နေနီမလေး။

လုဒီအတွက် စိတ်ပူနေသည်။

ဟိုသုံးယောက်။

တဲဘေးကို ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုကြီးဆီက မီးအလင်းရောင်နဲ့ နေနီမလေး ဆေးကြိတ်လိမ်းနေတာကို မြင်နေရသည်။

ဝင်းလို့ ...

တင်းလို့ ...

သို့သော် ...

ကံကောင်းမလို့နဲ့ သူတို့ ကံမကောင်း။

သူတို့နောက်မှာ ...

လုဒီ။

ပုန်းနေရာက ထွက်လာသည်။

လုဒီ လက်ထဲမှာ ဓား။

ပခုံးမှာ လွယ်ထားတာမြား။

"ဟိတ် ..."

"ဟာ ..."

သုံးယောက်သား နောက်ကျသွားသည်။

"ရှီး ..."

"ဗိုး ..."

"ဖေါင်း ..."

"ဖြောင်း ..."

ပထမဆုံး အတိုက်ခံလိုက်ရတာ လေပွေ။





အငိုက်မိသွားတော့ ...

ဖေါင်းခနဲ ဖြောင်းခနဲ ခုန်ကန်တာကို ခံလိုက်ရသည်။

"ဟေ့ကောင် ..."

"စွတ်မလုပ်နဲ့ ..."

"မှားမယ် ..."

"မှားမယ်နော် ..."

မုန်တိုင်း။

ခြေလှမ်းတွေကို နောက်ပြန်ဆုတ်ရင်း အော်နေသည်။

"ငါတို့ မင်းရဲ့ ရန်သူမဟုတ်ဘူး ... အတွက်ကို လာရှာတာ၊ အတ္တနောက်ကို လိုက်လာတာ ..."

အသည်းအသန် အော်ပြောနေသည်။

ရှောင်ရင်းတိမ်းရင်း ဖြေရှင်းနေသည်။

"လုဒီ ..."

"ဘာဖြစ်တာလဲ ..."

နေနီနဲ့ ဦးဖုန်းရမ် ...

လက်နက်ကိုယ်စီကိုင်ပြီး ထွက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းရှမ်သည် လက်နှိပ်ဓာတ်မီးနဲ့ သူတို့ကို ထိုးထားသည်။

"ကျွန်တော်တို့တဲကို လာချောင်းတဲ့လူတွေ ..."

"ဟေ ..."

ဦးဖုန်းရှမ် မျက်လုံးပြူးသွားသည်။

လုဒီ စောင့်ဖမ်းနေတာပဲ။

အကွက်မြင်တဲ့ လုဒီ။

ထုံးစံအတိုင်း ခပ်မိုက်မိုက် ခပ်ကြမ်းကြမ်းပဲ။

လုဒီ ဆော်ထားတာ။

လေပွေမနည်းနှာနှိပ်ယူလိုက်ရ၏။

ဒါတောင် ကျားကိုးစီး စားလို့မကုန်တဲ့ ကိုယ်ခန္ဓာပိုင်ရှင် ဖြစ်နေလို့။

"ကျွန်တော်တို့ အစ္စကို လိုက်ရှာနေကြတာပါဗျာ ..."

မုန်တိုင်းရှင်းပြနေသည်။

လုဒီ ငြိမ်သွား၏။

"ဒီ ... ဒီမှာ အစ္စရှိလား ..."

"မရှိဘူး ..."

နေနီက ဝင်ပြေလိုက်ခြင်းပင်ဖြစ်၏..,

"မညာပါနဲ့ဗျာ ... ကျွန်တော်တို့ အစ္စကို မတွေ့ချင်လို့ပါ"





"မင်းတို့က အစ္စကို ဘာကြောင့် လိုက်ရှာနေတာလဲ ... ဘာဖြစ်လို့ တွေ့ချင်နေတာလဲ ..."

ဦးဖုန်းရှမ် မေးပြီး ...

"ဟောကောင် ဖြေလိုက်စမ်းလကွာ ..."

ရေလှိုင်း ...

မုန်တိုင်းကို လက်တို့ပြီး ဖြေခိုင်းနေသည်။

"ဟို ... ဟို"

မုန်တိုင်း ဘယ်လိုဖြေရမှန်းမသိ။

"သူ ... သူ့ကို စောင့်ရှောက်ဖို့ ကျွန်တော်တို့ မမလေးက ခိုင်းထားလို့ ..."

"ဘာ ..."

လိမ်ပြောနေတဲ့ ကောင်တွေ။

အစ္စပြောတာနဲ့ တခြားစီပဲ။

ဦးဖုန်းရှမ်သည် မျက်မှောင်ကြီးကြုတ်ပြီး မုန်တိုင်းကို စိုက်ကြည့်နေသည်။ မုန်တိုင်း မျက်နှာကို အကဲခတ်နေသည်။

"ကျွန်တော်တို့ ပြောတာကို ယုံပါခင်ဗျာ ... ကျွန်တော်တို့ တကယ်ပြောနေတာပါ ..."

"မယုံဘူးကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... "

"မင်းတို့ကို ငါမသက်သာဘူး ... "

"ကျွန်တော်တို့ ဦးကို မညာရပါဘူးခင်ဗျာ ... "

ရေလှိုင်း မနေသာ။

ဦးဖုန်းရမ်ယုံအောင် မျက်နှာကလေးနဲ့ သူကပါ ဝင်ပြောနေသည်။

"ကြာတယ်ဗျာ ... ဆက်မပြောနဲ့တော့ ... အတွက်ကို တွေ့ချင်ရင် တခြားနေရာမှာ သွားရှာ ... ဒီမှာ မရှိဘူး ... သွားသွားကြတော့ ... ခင်ဗျားတို့သုံးယောက်စလုံး ဒီနေရာကနေ အမြန်ဆုံး ထွက်သွားကြတော့ ... "

လုဒီ ခပ်ပြတ်ပြတ် ပြောပြီးမောင်းထုတ်လိုက်သည်။

"ဟောကောင်တွေ သွားမယ် ... "

"သွားမယ်နော် ... "

မုန်တိုင်း ...

မျက်နှာပြောင်သလားမမေးနဲ့။

နေနီတစ်ယောက်တည်းကို ကွက်ပြီး နှုတ်ဆက်လိုက်သေး၏။ နေနီက မျက်စောင်းထိုးသည်။

"ဟင် ... "





"ရှုပ်တဲ့လူတွေ ... "

လုဒီ တဲဆီကို ဝင်ခဲ့သည်။

ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ အိပ်ဖို့ကြိုးစား[illegible]၏။

သို့သော် ...

လုဒီ မျက်လုံးထဲ ပေါ်လာတာ နေနီ။

---- ✿ ----

www.burmeseclassic.com



## အခန်း (၇)

"နေနီ ... "

"ဘာလဲ လှဒီ"

ရေခဲချောက်ကြီးတစ်ခုရဲ့ ထိပ်ကို နေနီနဲ့လှဒီ နှ
ယောက်တည်း ရောက်သွားသည်။

"ဟိုမှာ ကြည့်စမ်း ... "

"ဟင် ... "

အဝေးမှာ ... ခုန်ပေါက်ပြေးဆင်းသွားတဲ့ ယုန်ဖြ
ကလေး။

"ဒီကနေ ငါပစ်ပြမယ် ... "

လှဒီ။

မြားတံရှည်တစ်ချောင်းကို ဆွဲထုတ်လိုက်သည်။





"ထိပ်ပဲ့မလား၊ ဒီလောက်ဝေးနေတဲ့ဟာကို ... "

"နင် ဘာကြေးလောင်းမလဲ ... "

လှဒီ စိန်ခေါ်လိုက်သည်။

"နင့်ကို မလောင်းရဲပါဘူးဟာ ... "

နေနီ မလောင်းရဲ။

လှဒီ အကြောင်းကို သိပြီးသား။

ကောင်းကင်ပေါ်မှာ ... ပျံနေတဲ့ စွန်ကြီးတွေကို
ဆောင် တဘုန်းဘုန်း ကျလာအောင် ပစ်ချနိုင်သေးတဲ့ဟာ။

မြေပြင်ပေါ်က ယုန်လောက်ကိုတော့ လှဒီ စာဖွဲ့မှာ
မဟုတ်။

"နင်က ငါ ဘာကို ပစ်ပြမယ်လို့ ထင်နေလို့လဲ ... "

"ယုန်လေ ... "

"မှားတယ် ... ငါ နင့်ကို မှန်အောင်ပစ်ပြမယ်ဆိုတာ ...
ယုန်ကို ပြောတာမဟုတ်ဘူး ... "

"ဟင် ... ဒါဖြင့် ဘာကို ပြောတာလဲ ... "

"လူ ... ဟိုရှေ့က ကျောက်တုံးကြီးဘေးမှာ ... ငါတို့နှစ်
ယောက်ကို ချောင်းကြည့်နေတဲ့လူ ... "

"ဘာ ... "

နေနီ မျက်နှာတင်းမာခက်ထန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက ...

မျက်လုံးရိုင်းကြီးတွေနဲ့ ...

သူမတစ်ကိုယ်လုံးကို ခပ်ရိုင်းရိုင်းကြည့်သွားတဲ့ လူသုံးယောက်။

သူတို့ ပေနှစ်ရာလောက် အကွာက ကျောက်တုံးကြီးဘေးမှာ ရောက်နေကြပြီ။

"ဘယ်လိုလုပ်မလဲ လုဒီ ... "

"သူတို့ တစ်ခုခုကို ကျူးလွန်ဖို့ ကြံစည်နေတာဖြစ်နိုင်တယ်"

"အထွာဆိုတဲ့လူ ညက ပျောက်နေတယ် ... "

နေနီပြောမှ အထွာပျောက်နေတာကို လုဒီ သတိရသွားသည်။

"သူတို့သုံးယောက်ကို ကြောက်လို့ ပုန်းနေတာ နေမှာပေါ့"

"အထွာကို သူတို့လက်ထဲ အပ်လိုက်တာ အကောင်းဆုံးပဲ၊ ခက်နေတာက နင့်အဖေ အထွာကို ဘယ်မှာသွားဖွက်ထားမှန်း မသိဘူး ... "

ဦးဖုန်းရှမ်သည် စိုးရိမ်ပြီး အထွာကို ဖွက်ထား၏။ အစားအသောက်တွေ နိုးပို့ပေးနေသည်။

လုဒီနဲ့ နေနီ ...

မသိချင်ဟန်ဆောင်နေရသည်။





"ဟော ... "

ကျောက်တုံးဘေးကနေ မျက်လုံးတစ်လုံးနဲ့ ခြေထောက်တစ်ဖက် ထွက်လာပြန်ပြီ။

သုံးယောက်ထဲက တစ်ယောက်။

အသေအချာ ချောင်းနေသည်။

သူတို့နှစ်ယောက်ကို အလစ်မပေးဘဲ စောင့်ကြည့်နေလည်း ...

"တော်တော် ရှုပ်တဲ့လူတွေ ... "

လုဒီ ...

စိတ်တိုသွားသည်။

"ကဲ ... "

လုဒီ လက်တွေက မြန်သည်။

မြားတံကို ချိတ်ပြီး ပစ်တဲ့နေရာမှာ လက်က မြန်ပြီးသား။

"ရှိုး ... "

"ဝှစ် ... "

"ဒုတ် ... "

ကျောက်တုံးဘေးက ထင်းရှူးပင်မှာ ...

မြားတံက ဒုတ်ခနဲ စိုက်ဝင်သွားသည်။

ဓ ဓ တ န ၁ ဓ ၁ ဓ ပ

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားတာ ...

ဟိုလူသုံးယောက် ...

"ငါတို့ကို တွေ့သွားပြီကွ ... "

"ဟင် ... "

"မြားနဲ့ တမင်လှမ်းပစ်တာ ... "

စိုက်ဝင်နေတဲ့ မြားတံသည် မှန်တိုင်းဘေးကနေ့ ဝိုးခနဲ ဖြတ်သွားပြီး၊ ထင်းရှူးပင်မှာ စိုက်ဝင်သွားခြင်းဖြစ်သည်။

သုံးယောက်စလုံး မျက်လုံး ပြူးသွားကြ၏။

မှဆိုးကောင် လုဒ်။

တကယ့်ကို စိတ်မြန်လက်မြန်လုပ်တတ်တဲ့ ကောင် ပဲ။

ဒီကောင့်ကိုသာ မမလေး အနော်မာ တွေ့သွားရင် သဘောကျသွားမှာ သေချာနေသည်။

ဒီကောင့်ပုံစံက မမလေး အနော်မာ အရမ်းကြိုက် တတ်တဲ့ ပုံစံမျိုးပဲ။

ထောင်ဖောင်းကောင်း ...

အရပ်မြင့်မြင့်။

စိတ်ကြမ်း ကိုယ်ကြမ်း အားလုံးကြမ်း။

လုဒ်နဲ့ မမလေး အနော်မာ ကွက်တိပဲ။





"တို့ဘက်ကို လာနေပြီကွ ... "

"ဘယ်လို လုပ်မလဲ ... "

"အေးဆေးပေါ့ကွာ ... "

လေဗွေ ...

မနေ့ညက သူ ခံထားရ၏။ မကျေမနပ်ဖြစ်နေသည်။

အရမ်းသွက်တဲ့ကောင်။

တကယ့် ဖိုက်တာပဲ။

မှဆိုးလုပ်ဖို့ မကောင်းဘူး။

မင်းသားလုပ်ဖို့ပဲ ကောင်းတဲ့ကောင်။

မင်းသားတောင်မှ လူကြမ်းမင်းသား ...

သူတို့သုံးယောက် ...

ဟန်မပျက် နေလိုက်ကြသည်။

တစ်ယောက်က ကျောက်တုံးကြီးကို ကျောမှီထား ရင်း အိပ်ငိုက်ချင်ယောင်ဆောင်နေသည်။ တစ်ယောက်က ဆေးပေါ့ လိပ်တစ်လိပ်ကို ထုတ်ဖွာရင်း မီးခိုးဝိုင်းကလေးတွေကို တစ်ဝိုင်း ပြီး တစ်ဝိုင်း မှုတ်ထုတ်ပြနေသည်။

နောက်ဆုံးတစ်ယောက်က ကျောက်တုံးကြီးပေါ် မှာ ဓားနဲ့ခြစ်ရင်း 'နေနီ' ဆိုတဲ့ စာလုံးတွေကို ရေးနေ၏။

"ဒီမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



သူတို့နားကို အရင်ဆုံး ရောက်သွားတာ နေနီး

သုံးယောက်စလုံး နေနီကိုမြင်တော့ ကိုယ့်တံတွေ[illegible] ကိုယ်ပြန်မျိုချလိုက်ကြ၏။

"သြော် ... နေနီ"

ဟန်ဆောင်ကောင်းတဲ့ လေပွေ ...

အခုမှ နေနီကို ရုတ်တရက် တွေ့လိုက်ရသလို ဟန်ဆောင်ပစ်လိုက်သည်။

"ရှင်တို့ ဘယ်သူ့ကို ချောင်းနေတာလဲ ..."

"နေနီ့ကို ..."

"ဘာ ..."

နေနီထောင်းခနဲ ဒေါသထွက်သွားရပြီ။

"ဟာ ... မဟုတ်ဘူး ... နေနီ့ကို ချောင်းတာမဟုတ်ဘူးလို့ ပြောမလို့ပါ ... နေနီကလည်းဟာ ဒေါသကြီးပဲ ..."

လေပွေစကားကို ကမန်းကတန်း ပြန်ပြင်ပြောနေသည်။ လက်ကာပြီး ခပ်သွက်သွက်တောင်းပန်နေသည်။

မိုက်လိုက်တဲ့ နေနီ။

လုံးဝ လက်ဖျားခါတယ်။

ခေတ်စကားနဲ့ပြောရင် လုံးဝ ရှုံးသွပ်သွားတယ်။

သုံးယောက်စလုံး ... ။





ရင်ထဲမှာ ပူလောင်နေကြပြီ။

"ဂလု ..."

မုန့်တိုင်း ဟန်မဆောင်နိုင်။

တံတွေးကို ဂလုခနဲ နေအောင် မျိုချရင်း ရှေ့ကို ထွက်လိုက်သည်။

"နေနီ ဘယ်သွားမလို့လဲ ..."

"အဲဒါ ... ရှင် မေးစရာမလိုဘူး ..."

"ကိုယ်က ... နေနီကို ခင်လို့ မေးတာပါနေနီ ... နေနီတို့ အဖွဲ့နဲ့ ပြဿနာဖြစ်စရာအကြောင်း ကိုယ်တို့မှာမရှိပါဘူး"

အပြောကတော့ ညက်သည်။

စကားလုံးတွေက ညင်သာသည်။

အဲဒါ ...

ရိုင်းနေတဲ့ မျက်လုံးခြောက်လုံး။

အဲဒါကို နေနီ အမုန်းဆုံး။

အဲဒါကို

နေနီ အရွံဆုံး။

လုံးဝ ကြည့်လို့မရ။

ခပ်ပြတ်ပြတ်ပြောဖို့ပဲ။ သူမ နှုတ်ခမ်းတွေလို ဟလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ..."

"ပြော ..."

"လုဒီက ရှင်တို့ကို ပြောနေတယ် ..."

"လုဒီ ..."

လေပွေ အကြည့်က လုဒီဆီ ရောက်သွားသည်။

လုဒီသည် ခပ်လှမ်းလှမ်း တစ်နေရာမှာ ရပ်ပြီး ... သူတို့အဖွဲ့ကို စောင့်ကြည့်နေသည်။

နေနီကို ငမ်းချင်တဲ့ ကောင်တွေ ...

ငမ်းကြစမ်းဆိုပြီး နေနီတစ်ယောက်တည်းကို သွားပြောနိုင်းလိုက်ခြင်း ဖြစ်သည်။

"လုဒီက ဘာပြောလဲ ..."

"ရှင်တို့ သုံးယောက်စလုံးကို ဒီတောင်ပေါ်မှာ ဆက်နေတာ မတွေ့ချင်ဘူးတဲ့ ..."

"အောင်မယ် ..."

လေပွေ့လက်သည် ခါးကြားထဲကိုစမ်းမိသွားသည်။

မျက်နှာကြောကလည်း တင်းသွားသည်။

"လုဒီက ပြောရင်ပြတ်တယ် ... ရှင်တို့ သုံးယောက်စလုံးကို ရေခဲချောက်ထဲ ပစ်ချလိုက်လိမ့်မယ် ..."

"ဟင်း ..."





သုံးယောက်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပခုံးကိုယ်စီ တွန့်လိုက်ကြသည်။

လုဒီကို ဂရုမစိုက်တဲ့သဘော။

လုဒီကို အရေးမလုပ်တဲ့သဘော။

လေပွေဆိုတဲ့လူက ပိုဆိုးနေသည်။ သူ့ခေါင်းပေါ် ပြုတ်ကျလာတဲ့ သစ်ရွက်ခြောက်တစ်ရွက်ကို ခြေထောက်နဲ့ ဗိတ်တန်ပစ်လိုက်တာလည်း လေပွေ။

မမလေး အနော်မဘ လိုက်လာလို့ကတော့ ...

အဲဒီလိုကောင်မျိုးကို လေပွေ အသေဖွဲ့ပစ်တယ်။

အခု ...

မမလေးဆီက အမိန့်မရသေးလို့။

မမလေး စိတ်ညှိုညင်မဲ့ ကိစ္စတွေ ဘာမှမလုပ်ချင်သေးလို့ အစွယ်ထုတ်မပြသေးဘဲ လက်ပိုက်ကြည့်နေတာပါ။

အကောင်းအောက်မေ့မနေနဲ့ လုဒီ။

မင်းလောက်ကိုတော့ လေပွေဆိုတဲ့ကောင်ရဲ့ဘဝမှာ မြှော့တစ်ကောင်ပဲ သဘောထားတယ်။

မြှော့ ... ။

မြှော့တောင်မှ မင်းက ရေမြှော့ ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား"

အသာလွှတ်ကြီး ထ,ရယ်နေတဲ့ လေပွေ။

လုဒီ ကြားသွားသည်။

နေနီနောက်ကို လုဒီ လိုက်လာသည်။

"ခင်ဗျား ဘာရယ်တာလဲ ..."

လေပွေနားကို လုဒီ ချက်ချင်းရောက်သွားပြီ။

လေပွေ အင်္ကျီကော်လံစတွေကို လက်နဲ့ခပ်ကြမ်းကြမ်းစုကိုင်ရင်း လုဒီ မေးပစ်လိုက်ပြီ။

"အီး ... အစ်"

လေပွေ မဖြေနိုင်။

လည်ပင်း အစ်နေသည်။

လုဒီ လက်တွေကို အတင်းဆွဲဖယ်ပစ်ဖို့ ကြိုးစားနေသည်။

မုန်တိုင်းနဲ့ ရေလှိုင်း ...

တွန့်ဆုတ်နေတဲ့ မျက်လုံးတွေနဲ့ လုဒီ မျက်နှာကို လိုက်ကြည့်နေသည်။

ကျုပ်လည်း မလှုပ်ရဲ။

လှုပ်ဖို့လည်း သတိမရ။





သူတို့အထဲမှာ အမိုက်ကန်းဆုံးလေပွေတောင် လုဒီဆက်ထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေလေသည်။

သူတို့လောကကိုတော့ ...

* ပြုတ်စားရင်စား ... မစားရင် ဖုတ်စား။

"အား ... "

"အား ... "

လေပွေကိုယ်ကြီးကို ... လေထဲရောက်အောင်ဆွဲမြှောက်ပစ်နေတာ လုဒီ။

လက္ခဏာတစ်ဖက်တည်း။

ဲလေပွေ တအားအော်နေသည်။

"ဒိုင်း ... "

"ဒိုင်း ... "

"ဟ ... "

သေနတ်သံတွေ။

မထင်မှတ်ထားတဲ့နေရာက ... ပေါ်ထွက်လာတဲ့သေနတ်သံ။

"ဟေး ... "

"ဟေး ... "

လူတွေရဲ့ အော်သံတွေပါ ညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာဘက်ကို အားလုံး လှမ်းကြည့်လိုက်တော့ ... ။

"ဟင် ... "

"မမလေး အနော်မာ လိုက်လာပြီ"

"ဟေး ... ဒါမှ တို့မမလေးကွ ... "

"ဟေး ... "

"ဝေး ... "

မုန်တိုင်းနဲ့ ရေလှိုင်း။

ထနန်းမိမတတ် ငြိမ်းသာသွားကြသည်။

လုဒီ လက်ခေ့ တအံ့တသြဖြင့် ပြေလျော့သွားသည်။

မမလေး အနော်မာတဲ့။

တစ်လှမ်းချင်းလာနေသည်။

သူမလက်ထဲမှ ယမ်းငွေ့မစဲသေးတဲ့ ပစ္စတိုတစ်လက်ကို ကိုင်ထားသည်။

အရပ်က မြောက်ပေနီးပါး။

ဂျင်းဘောင်းဘီဝတ်ထားသည်။

ဂျင်းအိတ်အပြာကို စလွယ်သိုင်းထားသည်။

ပေါင်တံတွေက ရှည်သည်။





ရင်အုပ်တွေက ထွားသည်။

မျက်နှာက ဖြူဖျော့ဖျော့ နီစပ်စပ်။

ဆံပင်က အတို။

အင်္ကျီက စပို့ရှပ်အဝါ။

မမလေး အနော်မာဆိုတဲ့ မိန်းမ။

တော်တော်ကြမ်းမဲ့ မိန်းမ။

"မင်းတို့ ဘာဖြစ်နေတာလဲလေမွေ ... သူတို့က ဘယ်သူတွေလဲ ... "

အသံက တင်းသည်။

လေယူလေသိမ်းက မာသည်။

လုဒီကို စိုက်ကြည့်လိုက်တဲ့ သူ့ရဲ့မျက်လုံးတွေက သိမ်းငှက်တစ်ကောင်ရဲ့ မျက်လုံးမျိုး။

ရဲတင်းလွန်းတဲ့ အကြည့်။

အထက်စီးနိုင်လွန်းတဲ့ အကြည့်။

"ဒီတောင်ပေါ်ကို ရောက်နေတဲ့ မုဆိုးတွေပါ မမလေး..."

"မုဆိုး ... "

နှစ်လုံးတည်းရွတ်ပြီး ငိုင်းဟသွားတဲ့ သူမရဲ့နှုတ်ခမ်း

မုဆိုးတဲ့ ...

ဘာကိုလိုက်တဲ့ မုဆိုးလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျားကိုလိုက်တဲ့မုဆိုးဆိုရင် သူမ စိတ်ဝင်စားမှာ မဟုတ်။

သူမစိတ်ဝင်စားတဲ့ မုဆိုးက သမင်ကိုလိုက်တဲ့မုဆိုး။

သမင်မကို လိုက်တဲ့မုဆိုး။

"မုဆိုးဆိုတာ မင်းလားကွ ... ဟင် ... မင်းက ... မုဆိုး လား ..."

အနော်မာ ခနဲ့တဲ့တဲ့ မေးလိုက်ပြီ။

ရယ်သံလေးတွေက တဟားဟားနဲ့ ညံသွားရပြီ။

ကြိုက်တယ်။

အဲလို ထုံထိုင်းထိုင်း ဂျစ်တစ်တစ် မျက်လုံးတွေနဲ့ ဂရုမစိုက်သလို ပြန်ကြည့်နေတဲ့ မင်းရဲ့ မျက်လုံးတွေကို ကိုယ် သဘောကျသွားပြီကွာ။

"ဟေ့ ပြောလေကွာ ..."

လုဒီ ...

နှုတ်ခမ်းတွေကို ဆတ်ခနဲ ဖိကိုက်ပစ်လိုက်သည်။

နဖူးပေါ် ပြိုကျနေတဲ့ ဆံပင်တွေကိုလည်း ဖျတ်ခနဲ ခေါင်းပေါ် ခါတင်ပစ်လိုက်၏။

ပြီးတော့မှ ...

ခပ်ပြတ်ပြတ်ဖြေလိုက်သည်။





"အဲဒါ ... ခင်ဗျား သိဖို့မလိုဘူး ..."

"ဘာ ..."

မမလေး အနော်မာ။

အရှိက်ကို တစ်ချက်တည်း ထိသွားပြီ။

နားရွက်ကို တံတွေးဆွတ်ခံလိုက်ရပြီ။

"ဖြောင်း ..."

"ဖြောင်း ..."

မမလေးရဲ့ လူတွေ။

လက်နက်တွေ ဆွဲထုတ်လိုက်သည်။

ကျည်ရိုက်သံတွေ ဖြောင်းခနဲ ဖြောင်းခနဲ တင်လိုက် သည်။

"ဟိတ် မင်းတို့ ဝင်မပါနဲ့ အားလုံးနောက်ဆုတ်စမ်း ..."

မျက်နှာလို မျက်နှာရ လုပ်မဲ့ကောင်တွေ ကိုယ်ရှိန် တ်သွားသည်။

လေမွှေ ...

သူက အကဲဆုံး။

ပြီးတော့ အချွဲဆုံး။

"မမလေး ..."

"ဘာလဲကွ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က မမလေး ရောက်မလာသေးလို့ စိတ်ပူ
တာ ... အတွက်ကိုလည်း ဒီကောင်ဖွက်ထားတဲ့ပုံပဲ ..."

"ဘာ ..."

"ကျွန်တော်တို့ အလုပ်ထဲမှာ ဝင်ရှုပ်ရင်တော့ ရှင်းပစ်ရလိ
မယ် မမလေး ..."

"နှင့်ပါးစပ်ကို ပိတ်ထားစမ်း ..."

လေပွေ။

အချွန်နဲ့ ဝင်မ,ချင်နေသည်။

မမလေး အော်လိုက်လို့။

"ဒီမှာကွ ..."

လုဒီအက်ကို သူမ ပြန်လှည့်သွားသည်။

လုဒီ မျက်လုံးတွေဆီမှာ သူမအကြည့်တွေ နှ
သွား၏။

"ကိုယ် မင်းနဲ့ ပြဿနာမဖြစ်ချင်ဘူး ... သိလား ... အ
မင်း ဖွက်ထားတယ်ဆိုရင် ... ကိုယ်တို့လက်ထဲကို အ
တကြည့် ပြန်အပ်လိုက်ပါ ... ကိုယ်လိုချင်တာက အ
ဘယ်လိုလဲ ..."

"ဘယ်က အတွက်လဲ ... မသိဘူး ..."

"ရှော့ ..."





ခေါင်းမာလိုက်တဲ့ မုဆိုး။

"ဟိုမှာ ကိုယ့်လူက ပြောနေတယ်လေကွာ ... အတွက်ကို
မင်းတို့ ဖွက်ထားတယ်တဲ့ ..."

"လာ နေနီ ..."

"ဟင် ..."

နေနီလက်ကို ဆတ်ခနဲဆွဲပြီး ချာခနဲလှည့်ထွက်သွား
တဲ့ မုဆိုး။

မမလေး အနော်မာ မေးတာကိုလည်း ပြန်မဖြေ။

မမလေး အနော်မာကိုလည်း လုံးဝ ဂရုမစိုက်သလို
သုပ်သွားတဲ့ မုဆိုး လုဒီ။

"ဟေ့ ... ဘာမှ မလုပ်နဲ့ လွှတ်လိုက် ..."

သူ့လူတွေကို အနော်မာ ထိန်းလိုက်သည်။

လုဒီနဲ့ နေနီ သူတို့နဲ့ အဝေးကို ရောက်သွားပြီ။

"အဲဒီ မုဆိုးနာမည်ကို ပြောစမ်း ..."

"လုဒီ ..."

"ဘယ်လို ..."

မမလေး နားမရှင်း။

နောက်တစ်ခေါက်ပြန်မေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လရေးတစ်ချောင်းဝင်လှ ... ဒွေးရေးလုံးကြီးတင်ဒီ လုံဒီ"
"လုံဒီ ... "

မမလေး သဘောကျစွာ ရယ်လိုက်သည်။

တစ်ကိုယ်မှာ ရှိသမျှတွေ အကုန်လုံးကို ခါလို့။

---- ❀ ----





## အခန်း (၈)

ကျောက်ဖျာချပ်ကြီးအောက်က ...

သူတို့ နားနေတဲ့စခန်း။

လူတွေ အကုန်လုံး ပက်လက်လန်နေလည်း အား
ခြေကုန်လက်ပမ်းကျနေသည်။

အချိန်မဟုတ် အခါမဟုတ်။

တရှူးရှူး တခေါခေါနဲ့ အိပ်မောကျနေသည်။

မအိပ်တာ ...

ဟို သုံးယောက်။

မမလေး အနားမှာ။

တစ်ယောက်က မမလေးရဲ့ ခြေသလုံးတွေကို နှိပ်
နေ၏။ မမလေးရဲ့ ခြေဖဝါးတွေကို ဆုပ်နယ်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြေသလုံးနဲ့ ခြေဖဝါးကိုပဲနှိပ် ... တခြားဘယ်နေရာကို မနှိပ်နဲ့ ..."

ကောင်းလည်းကောင်း ...

မကောင်းလည်း မကောင်းတဲ့ အမိန့်။

လေပွေ၊ အကြိတ်အနယ် လက်စွမ်းပြနေသည်။

ခရီးပန်းလာတဲ့ မမလေးကို ကြိုးစားပမ်းစား ပြုစုနေသည်။

မုန့်တိုင်းက ...

မမလေးစားဖို့ ကြော်လှော်ချက်ပြုတ်နေ၏။

ရေလှိုင်းက ... မမလေးကိုင်တဲ့ ပစ္စတိုသေနတ်ကို အဝတ်စုတ်နဲ့ ဖိတိုက်နေသည်။

"ဟင်း ... ဟင်း"

အနှိပ်ခံရင်း တဟင်းဟင်းနဲ့ ညည်းနေတာမမလေး။

"အား ... အရမ်းမနှိပ်နဲ့ ဖြည်းဖြည်း ... ဖြည်းဖြည်း"

အော်လည်း အော်နေသည်။

လေပွေ လက်တွေက ကြမ်းသည်။

အကြောတွေက မာသည်။

မမလေး အနာမခံနိုင်။

မမလေး အသားတွေက နုနုလေး။



အိအိစက်စက်လေး။

မျက်လုံးတွေကို မှေးစင်းထားသည်။

မျက်တောင်ကော့ကြီးတွေနဲ့ ဖိပိတ်ထားသည်။

"တော်ပြီ ..."

"ဟင် ... ဘာဖြစ်လို့လဲ မမလေး ..."

"မင်းက ကြမ်းတယ် ..."

"ဒါဆို ဖြည်းဖြည်းပဲ နှိပ်ပေးမယ်လေ ..."

"တော်ပါပြီဆိုမှကွာ ..."

လေပွေက မရပ်ချင်သေး။

ခြေဖမိုးဖောင်းဖောင်းလေးတွေကို ကိုင်ရတာ အရသာ ရှိလိုက်တာ။ ရွရွလေး။ တင်းတင်းလေး။

"ညဆိုရင် ... အရမ်းအေးလား ..."

"အေးတယ် ..."

"မီးဖိုကြီး တစ်ဖိုလောက်တော့ ဖိုထားမှဖြစ်မယ်ကွ ..."

"စိတ်ချ မမလေး ... အဲဒါ ကျွန်တော့်တာဝန်ထားလိုက်"

လေပွေကတော့ မမလေး အကြိုက်ကို လိုက်တဲ့နေရာမှာ နှစ်ယောက်မရှိ။

"ခဏနားပြီးရင် မုဆိုးတဲကို သွားမယ် ..."

အပြင်မှာ အလင်းရောင်တွေက လျော့ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုက ဖုံးချင်နေပြီ။

စားသောက်ပြီးတော့မှ ...

မုဆိုးတဲကို လေပွေနဲ့မမလေး နှစ်ယောက်တည်း ထွက်သွားသည်။

"ဦးဖုန်းရမ် ရှိလား ... "

"ဦးဖုန်းရမ် ... "

"ဦးဖုန်းရမ် ... "

တဲအပြင်ဘက်ကနေ လေပွေအော်ခေါ်နေသည်။

ဦးဖုန်းရမ်သည် ထမင်းစားနေသည်။

အသံကိုကြားလိုက်သည်နှင့် ဟိုအဖွဲ့ကကောင်ပဲဆိုတာ စိတ်ထဲက အလိုလို သိနေလိုက်သည်။

"ဘယ်သူလဲဟေ့ ... "

တဲအပြင်ဘက်ကို ဦးဖုန်းရမ် ထွက်လိုက်သည်။

"ဟင် ... "

ဟိုကောင်နဲ့ မိန်းမတစ်ယောက်။

မိန်းမက တော်တော်အရုပ်မြင့်တဲ့မိန်းမ။

အင်း ...

လုံးကြီးပေါက်လှ ... ။

ခပ်ကြွကြွ။





"ကျွန်တော်တို့ပါ ... ဦးဖုန်းရမ် ... "

"မင်း ဘာလာရှုပ်တာလဲ ... "

ဦးဖုန်းရမ် ခပ်ပြတ်ပြတ်ပဲ မေးလိုက်သည်။

"မမလေးက လာလည်ချင်လို့တဲ့ ... "

"ငါတို့ ထမင်းစားနေတယ်ကွ ... "

ဦးဖုန်းရမ် သူတို့နဲ့ သိပ်မပတ်သက်ချင်။

အခေါ်အပြောလုပ်ပြီး မိတ်ဆွေလည်း မဖွဲ့ချင်။

"ကြာတယ်လေပွေ ... သူတို့ ဧည့်မခံချင်လည်း ပြန်မယ်၊ လိုရင်းကို တည့်တည့်ပဲမေးလိုက် ... "

"အဖွား ဘယ်မှာလဲ ... "

ဦးဖုန်းရမ် ထိတ်ခနဲဖြစ်သွားတာ ဘယ်သူမှ မသိလိုက်။

"ငါ မသိဘူးလေကွာ ... "

အသံက လျှော့တိလျှော့ရဲ။

အနော်မှာ အကဲခတ်မိသွားသည်။

အဘိုးကြီး ညာတာ။

အဘိုးကြီး လိမ်နေတာ။

"ခင်ဗျား မှန်မှန်ပြောနော် ... အဘိုးကြီး မှန်မှန်မပြောရင် ခင်ဗျားနာမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါ မသိလို့ မသိဘူးပြောတာပေါ့ကွ ..."

ဦးဖုန်းရမ်သည် သူအသက်ကယ်ထားခဲ့ရတဲ့ အတ္တကို သတ်ပစ်လိုက်မှာ ကြောက်နေသည်။

ခုလောလောဆယ် ...

မြေကျင်းကြီးတစ်ခုထဲမှာ သစ်ရွက်တွေ အပေါ်ကဖုံးပြီး လက်ရာပျောက်ထည့်ထားသည်။

အတ္တသည် ...

အဲဒီ မြေကျင်းကြီးထဲမှာ စားလိုက် အိပ်လိုက်လုပ်နေသည်။

"ခင်ဗျား မညာနဲ့ ..."

လေပွေ အသံက ကျယ်သွားသည်။

ထမင်းပန်းကန်ကို ဆတ်ခနဲပစ်ချပြီး ... အပြင်ထွက်လာခဲ့တာ လုဒီ။

"ခင်ဗျားတို့ ဘယ်လိုဖြစ်နေတာလဲဗျာ ... ခင်ဗျားတို့ ရှာနေတဲ့ အတ္တကို ကျုပ်တို့ မသိပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

အနော်မာ မျက်လုံးတွေ အရောင်ပြောင်းသွားသည်။

"လုဒီ ..."





"ပြောဗျာ ..."

အနော်မာ ဆိုတဲ့မိန်းမ။

လုဒီ နာမည်ကိုတောင် သိနေပြီပဲ။

"ကိုယ်တို့ကို ကူညီပါ လုဒီရာ ... အဲဒီ့အတွက် ကိုယ်တို့မင်းကို ဘယ်လို ကျေးဇူးတင်ရမလဲ ... တစ်ပုလင်းလား နှစ်ပုလင်းလား ... ဒါမှမဟုတ် တစ်ပုံးလား နှစ်ပုံးလား"

အနော်မာ ခပ်ညုညုပြောပစ်လိုက်သည်။

ငွေနဲ့ပြပြီး စည်းရုံးကြည့်လိုက်သည်။

"ဒီမှာ ကျုပ်ခင်ဗျားကို နောက်ဆုံး ပြောမယ် ... အတ္တဆိုတဲ့လူကို ကျုပ်တို့ မသိဘူး ... ခင်ဗျားသွားတော့"

တင်းလိုက်တဲ့ မုဆိုးလေး လုဒီ။

သူ့ အမူအရာတွေ။

သူ့ ဟန်ပန်တွေ။

သူ့ရဲ့ လှုပ်ရှားမှုတွေ။

အနော်မာ ကိုယ်တိုင် သဘောကျပြီးရင်း ကျနေပြီ။

ခေါင်းတစ်ချက်ဆတ်ခနဲ ခါလိုက်တိုင်း သူ့ပခုံးစွန်းကို ထိနေတဲ့ ဆံပင်ကြီးတွေ ဖွားခနဲ ဖွားခနဲ လွင့်လွင့်သွားတာ ကြည့်လို့ ကောင်းမှကောင်း။

ဓေတနာ၁၀၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်ခုလောက် ထပ်ပြောချင်တယ် လုဒီ ... မင်း ကိုယ့်ကို ပြောခွင့်ပေးမယ်ဆိုရင်ပေါ့ ... "

"ပြော ... "

"ဘယ်သူမှ မပါဘဲ ... မင်းနဲ့ ကိုယ်နှစ်ယောက်တည်း အေးအေးဆေးဆေး ပြောချင်တယ် ... "

"ခင်ဗျားနဲ့ စကားပြောစရာ ကျုပ်မှာ ဘာမှမရှိဘူး"

"လုဒီကလည်းကွယ် ... ကိုယ် **မင်းနဲ့ မိတ်ဆွေ**ဖြစ်ချင်လို့ပါ ... "

အနော်မာ ... သည်လောက်အောက်ကျခံတာကို မတွေ့ဘူးတဲ့ လေပွေ။ အံသြနေ၏။

လုဒီကို တွေ့မှ ...

မမလေး အနော်မာ ဘာကြောင့် ပျော့ညံ့သလို ဖြစ်သွားရတာလဲ။

မသိ ...

မသိ ...

လေပွေသည် သည်ထက်ပို၍ ဘာမှ မသိတော့။

"ကိုယ် မင်းကို တောင်းပန်နေပါတယ် လုဒီ ... ကိုယ့်လူတွေကြောင့် မင်းစိတ်တွေ အနှောင့်အယှက်ဖြစ်ခဲ့ရင် ကိုယ်





အသုံးမကျလို့ ဖြစ်ရတာဆိုပြီး ... မင်း ကိုယ့်ကိုပဲ အပြစ်တင်ပေါ့ ... ကိုယ်ပြောတာကို မင်းနားလည်ရဲ့လားဟင် လုဒီ၊ နားလည်ရင် ကိုယ့်ကို ခေါင်းညိတ်ပြလေကွာ ... "

မမလေး အနော်မာ။

အခေါ်အပြောက ရေရေလည်လည် ညက်နေသည်။

စကားလုံးတွေက လုဒီ ရင်ထဲကို ရောက်အောင် နိုင်သွားခဲ့ပြီ။

"ခင်ဗျားနဲ့ နှစ်ယောက်တည်းလား ... "

"ဒါပေါ့ကွ ... "

"အဲဒါဆို လိုက်ခဲ့ ... "

"ဟင် ... "

လေပွေ မျက်နှာငယ်သွားသည်။

ဦးဖုန်းရှိမ် မျက်လုံးပြူးသွားသည်။

လုဒီဆိုတဲ့ကောင်က အဲလိုကောင်။

အမှောင်ထုအောက်က ...

ထင်းရှူးပင်ကြီးအောက်မှာ။

လုဒီနဲ့ မမလေး အနော်မာနှစ်ယောက်တည်း။

"ပြောလေဗျာ ... "

လုဒီ စိတ်မရှည်။



www.burmeseclassic.com

www.burmeseclassic.com



"လုဒီ ... "
"ဟင် ... "
"မင်း အသက်ဘယ်လောက်ရှိပြီလဲ ... "
"ဆယ့်ကိုးနှစ်ကျော်ပြီး ... "
"ထွားတယ် ... "
"ဘာ ... "
"ဪ ... အသက်နဲ့မမျှအောင် မင်းရဲ့ကိုယ်လုံးကိုယ်ပေါက် သန်မာထွားကြိုင်းတယ်လို့ ပြောတာပါကွ ... "

ရေခဲပြင်ကို ဖြတ်တိုက်လာတဲ့လေတွေ။

အေးစက်နေ၏။

တောင့်တင်းတဲ့ အနော်မာရဲ့ ကိုယ်လုံးပင် ကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်။

"ကိုယ့်နာမည်က အနော်မာတဲ့ ... မင်းမှတ်ထားနော် လုဒီ"
"မှတ်မိပါတယ် ... "
"မင်းကိုတော့လေ ... စ,တွေ့လိုက်ရကတည်းက ကိုယ့်စိတ်တွေ ဘယ်လိုဖြစ်သွားမှန်းမသိဘူး ... ခင်သွားမိတယ်"
"အဲ့ဒီတွေ လျှောက်ပြောမနေစမ်းပါနဲ့ဗျာ ... "

လုဒီ မကြားချင်။

စိတ်လည်း မဝင်စား။





အရေးကြီးတာ ဘာလဲ ... ။

အဲဒါပဲပြော ...

"ကိုယ်လေ ... "
"ဖျောက် ... "
"ရှူတ် ... "
"ဟင် ... "

အနံ့။

ချဉ်စူးစူးအနံ့။

ညှီစို့စို့အနံ့။

စိတ်ထဲကနေ မွှေ့ာပါလာပြီ။

"ဝူး ... "
"ဝူး ... "
"ဟာ ... "

လုဒီ မျက်လုံးတွေ ပြာသွားသည်။

သေစမ်း ...

အနော်မာဆိုတဲ့ မိန်းမနောက်မှာ မည်းမည်းကောင်ကြီး။

ဘာကောင်ရမှာလဲ ...

မျက်လုံးတွေဝင်းတောက်နေတဲ့လူပုံကြီးတစ်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

တိုက်ခိုက်မှုက မြန်လွန်းသည်။

"အို ..."

"ဟာ ..."

အနော်မာဆိုတဲ့ မိန်းမ ...

သူ့ကို မြေပေါ်တွန်းလဲလိုက်သလို ဖြစ်သွားသည်။ ရှေ့ကို ငိုက်ကျသွားသည်။

"ဟိတ် ..."

"ဝူး ..."

"ဝူး ..."

"ဘုန်း ..."

"အီ ..."

"အွတ် ..."

လုဒီနဲ့ လူဝံကြီး။

လုံးထွေးသွားသည်။

လုဒီ ...

သွက်သည်။

"ခွပ် ..."

"ဒုတ် ..."



ခါးကြားထဲက ဓား ... ။

လူဝံကြီးအတွက် ဖြစ်သွားသည်။

"အူ ..."

"ဝူး ..."

တစ်ချက်တည်း။

လူဝံကြီး နာကျင်စွာ အော်ပြီး အမှောင်ထဲကို ပြေးဝင်သွားသည်။

အဖြစ်အပျက်က စက္ကန့်ပိုင်းလောက်ပဲကြာတဲ့အဖြစ်အပျက်။ လုဒီနဲ့ လက်မောင်းနဲ့ ရင်ဘတ်တွေပေါ်မှာ လူဝံကြီးရဲ့ သက်သည်းတွေနဲ့ ကုတ်မိသွားတဲ့ ဒဏ်ရာတွေ။

သွေးစိမ်းရှင်တွေ ပန်းထွက်နေသည်။

အနော်မာသည် လဲကျနေရာမှ ချက်ချင်း ပြန်ထသည်။ လုဒီဆီကို ချက်ချင်းပြေးသွားသည်။ လုဒီကိုယ်ပေါ်က ဒဏ်ရာတွေကိုမြင်တော့ အကြီးအကျယ်တုန်လှုပ်သွားသည်။

"လု ... လုဒီ ..."

အနော်မာ မမ။

ခြေမကိုင်မိ လက်မကိုင်မိ။

မျက်နှာပျက်နေသည်။

လုဒီအတွက် ရင်နင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို ဦးတည် ရန်မူဖို့ကြိုးစားလာတဲ့ ဝက်ဝံကြီးကို

လုဒိက ဝင်တိုက်ရင်းနဲ့ ဖြစ်ရတာ။

သူမရဲ့ အသက်ကို ကယ်လိုက်တာ။

သူမ ရတဲ့ဒဏ်ရာသည် ပြောပလောက်ခြင်းမရှိ။

ရုတ်တရက်လန့်သွားခဲ့ရတာလောက်ပဲ ရှိသည်။

လုဒိ ဒဏ်ရာကများသည်။

သွေးထွက်ကြမ်းနေသည်။

"မင်း ... မင်း ... ဒဏ်ရာတွေ"

"ကိစ္စမရှိဘူး ..."

လုဒိ မတုန်လှုပ်ပေ။

ကိုယ်ပေါ်က သွေးတွေကို လက်နဲ့သပ်ချနေသည်။

"ခင်ဗျား ပြန်တော့ ..."

"အို ... ဒီလောက် ဒဏ်ရာတွေရထားတာ ... ကိုယ် ဘယ်လိုလုပ် စိတ်ချလက်ချပြန်လို့ရမှာလဲ ... ကိုယ် ဒီည မင်းကို ပြုစုပေးမယ် ..."

အနော်မာ မမ ...

လုဒိနောက်ကို အတင်းတွယ်ကပ်လိုက်သွားသည်။

ဦးဖုန်းရမ်၊ နေနီနဲ့ တဲမှာထားခဲ့တဲ့ လေပွေ။

လုဒိကိုကြည့်ပြီး အံ့သြနေကြ၏။





နေနီက လုဒိဆီကို ပြေးလာသည်။

လုဒိလက်မောင်းတွေကို ဆုပ်ကိုင်ပြီး ဝင်တွဲသည်။

"ဝက်ဝံကြီးတစ်ကောင် ဝင်တိုက်သွားလို့ ..."

"ဟင် ..."

"ဟာ ..."

ဆေးထည့်ပေးတာ နေနီ။

ပြုစုပေးတာ နေနီ။

အနော်မာ မမ သည်အတိုင်း လိုက်ပိုက်ကြည့်နေရသည်။

လုဒိ အပေါ်ပိုင်းသည် ဗလာဖြစ်သွားသည်။

မီးလင်းဖိုကြီးဆီက အလင်းရောင်နဲ့ ကျစ်လျစ်သန်မာတဲ့ လုဒိရဲ့ ကိုယ်ခန္ဓာကိုယ်အပေါ်ပိုင်းကို အနော်မာမမ တွေ့နေရသည်။

အဖုအထစ်တွေ ...

အရစ်အတင်းတွေ ...

အသားက နီနေသည်။

ကျန်းမာသန်စွမ်းတဲ့ လက္ခဏာကိုပြနေသည်။

အနော်မာ မမကြိုက်တာ ...

အဲလို BODY မျိုး။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်မရှိ။

ထွားတဲ့နေရာထွား ...

ကားတဲ့နေရာကား။

အစ်တဲ့နေရာအစ်။

ထစ်တဲ့နေရာထစ်။

"အဲဒါ ဘာဆေးလဲ ..."

"ယုန်ဖြူဆီ ... အနာကျက်မြန်တယ် ... အဆိပ်ပြေလည်း မြန်တယ် ..."

နေနီ ...

မဖြေချင်။

တိုတိုတုတ်တုတ်ပဲ ဖြေလိုက်၏။

အနော်မာဆိုတဲ့ မိန်းမ ...

ဟု ခေါ်လို့ ...

လုဒီ ဒဏ်ရာရသွားတာ။

အဲဒီ မိန်းမကြောင့် ...

နေနီစိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။ အနော်မာဆို တဲ့ မိန်းမ။ လုဒီကို အတင်းလိုက်ကပ်နေသလိုမျိုးကြီး ဖြစ်နေသည်။

လုဒီကို ငေးစိုက်ကြည့်နေတဲ့ မျက်လုံးတွေကိုလည်း နေနီ မကြိုက်။





"ပေး ... ပေး မမကိုင်ပေးမယ် ..."

တွေ့လား။

လုဒီ အနားကိုကပ်ဖို့ ကြိုးစားနေပြန်ပြီ။

"ရတယ် ... မလိုဘူး ..."

သူမ မျက်နှာပျက်သွားသည်။

"ကဲ ... မင်းတို့ ပြန်ကြတော့ ... တို့ဟာတို့ ဆက်လုပ်လိုက် မယ် ..."

ဦးဖုန်းရမ် ...

သူတို့ကို ယဉ်ယဉ်လေး မောင်းထုတ်နေပြီ။

"ပြန်ကြစို့ မမလေး ..."

လေပွေသည် သူ့မမလေးအတွက် အခံရခက်နေသည်။ မမလေး ကိုယ်တိုင် အောက်ကျခံနေတာကိုလည်း မကျေ နပ်။

တစ်သက်လုံးက ကြမ်းကြမ်းတမ်းတမ်း လှုပ်ရှား သွားခဲ့တဲ့ မမလေး။

ခုမှ ...

ဘယ်လိုဖြစ်သွားရတာလဲ။

နူးညံ့လို့ ... ။

သိမ်မွေ့လို့။



www.burmeseclassic.com

www.burmeseclassic.com



စကား အပြောအဆိုတွေလည်း ညက်ညောလို့

"သွားမယ်လေ ..."

မမလေး အနော်မာ ထရပ်ပြီ။

နေနီ ဝမ်းသာသွားသည်။

လုဒီ လှည့်မကြည့်ပါ။

နှုတ်ဆက်ပြီး ထွက်သွားတာကိုတော့ နားထဲက ကြားလိုက်ရသည်။

သူမ ...

ဘာရည်ရွယ်ချက်နဲ့ မုဆိုးတဲကို လိုက်လာခဲ့ရတာ လဲ။

နှစ်ယောက်တည်းပြောခဲ့တဲ့စကားတွေရဲ့ အနက် အဓိပ္ပာယ်တွေက ဘာတွေလဲ။

လုဒီ တွေးနေသည်။

တွေးလို့မရ။

သူမ ကြည့်တဲ့မျက်လုံးတွေက ရဲတင်းလွန်းသည်။

သူမ အမှန်တကယ်လိုချင်တာ အတွက်ကိုလား။

ဒါမှမဟုတ် ...

လုဒီလား ...

စဉ်းစားရခက်တဲ့ အနော်မာ။





ပဟေဠိပုစ္ဆာများစွာနဲ့ တောင်ပေါ်ကို ရောက်လာ တဲ့ အနော်မာ။

ဦးဖုန်းရမ်းလည်း အိပ်မပျော်။

နေနီလည်း အိပ်မပျော်။

အဲ ... ဒါပေမဲ့ ...

တခေါခေါနဲ့ အိပ်ပျော်သွားတာ လုဒီ။

---- ❀ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အတ္တ ... ။

အပေါ်ကို တက်ချင်နေပြီ။

မြေကျင်းထဲမှာ နေရတာ သုံးရက်။

ဦးဖုန်းရမ်က မထွက်နဲ့ဆိုလို့။

အတ္တဟာန်ဆောင်နေတာ ဦးဖုန်းရမ်မသိ။

နောက်ကလိုက်လာတဲ့ အဖွဲ့တွေက အတ္တကို ဘယ်လိုလုပ် သတ်လို့ရမှာလဲ။ အတ္တသေသွားရင် အကုန်လုံး မောသွား ကြမှာပေါ့။

ဒီဇာတ်လမ်းမှာ ...

အတ္တဆိုတဲ့ကောင်က KEY PLAYER ... ။

အဓိက ဇာတ်လိုက်။





အတ္တဆီမှာ လျှို့ဝှက်မှတ်တမ်းတွေရှိလည်း အနော်မာ မမ လိုချင်တာကို ပေးနိုင်တဲ့အတ္တ။

အဲဒီအတွက် ...

အတ္တ သွားလေရာနောက်ကို ... အနော်မာမမ လျှောက်လိုက်နေတာ။

လက်ဖျားနဲ့တောင် မတို့ရဲ။

သတ်ပစ်ဖို့ဆိုတာ ဝေလာဝေး။

သို့သော် ...

တစ်ဆင့်ခံနေတာ ခက်နေသည်။

အတ္တသိမထားတဲ့အချက်။

အဲဒီအချက်ကို အတ္တသိခွင့်ရလိုက်ရင် ကိစ္စက ပြတ် မှာ

အတ္တစုံစမ်းသည်။

အဲဒီအချက်နောက်ကို သဲကြီးမဲကြီးလိုက်ခဲ့သည်။

ဗီယာဒန်းရွာ မှာကတည်းက သည်အနံ့သဲ့သဲ့ကို အတ္တ ရခဲ့တာပါ။

သည်ရေခဲတောင်ကြီးရဲ့ လျှို့ဝှက်မှုတွေကို သိထား သူတစ်ယောက်ရှိနေတာ အမှန်ပဲတဲ့။

အဲဒါ တခြားလူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မှဆိုး ... လုဒိ ... ။

အတ္တအသက်ကို။ မကယ်ချင် ကယ်ချင်နဲ့ ကယ်ခဲ့တဲ့ မုဆိုး လုဒိ။

ရေခဲချောက်ထဲ အတ္တပြုတ်ကျခဲ့ရတာလည်း ကိုယ့်လောဘနဲ့ကိုယ် ကိုယ့်ဒေါသနဲ့ကိုယ်။

သည်ချောက်ကို သိချင်လို့။

ရေခဲချောက်ထဲသို့ ကြိုးနဲ့ဆင်းခဲ့တာလေ။

ဦးဖုန်းရမ် ...

နေနီ ...

လုဒိ ...

သူ့ထက်အရင် တောင်ပေါ်ကို ရောက်နေတဲ့ မုဆိုးအဖွဲ့တွေ မသိလိုက်။

အောက်ခြေကို ရောက်ခါနီးမှာ ...

အပေါ်မှာ စိုက်ထားတဲ့ ငုတ်ကြီးပြုတ်ထွက်သွားခဲ့လို့ အတ္တ ဒုက္ခရောက်သွားခဲ့ရတာပါ။

ဦးဖုန်းရမ်ကတော့ ...

ရိုးရိုးသားသား ခြေချော်လက်ချော်ပြုတ်ကျခဲ့သည် ဟုပင် သည်နေ့အထိ ထင်နေခဲ့သည်။

အတ္တ ...





ရှုံးချင်ယောင်ဆောင်ပစ်ခဲ့သည်။

အဘိတ်မေ့နေသလို အယုံသွင်းပစ်ခဲ့သည်။

ရိုးသားတဲ့ ဦးဖုန်းရမ်သည် အတ္တရဲ့လှည့်ကွက်တွေကို မရိပ်မိခဲ့။

လူသတ်သမားတွေ လိုက်သတ်တာကို ခံနေရတဲ့ ဒုက္ခရောက်နေသူ တစ်ဦးလို့ပဲ ထင်မြင်ယုံကြည်နေခဲ့သည်။

အဲဒါကြောင့်လည်း ...

အတ္တကို ဒုက္ခခံပြီး ကူညီနေတာ။

မြေကျင်းထဲမှာ သုံးရက်။

မြေပေါ်တက်ခွင့်မပေး။

အတ္တကလည်း ဦးဖုန်းရမ် ယုံအောင် ကြိတ်မှိတ်နေပြုတာ။

အပေါ်တက်ချင်နေတာ တစ်ပိုင်းသေနေပြီ။

အရေးကြီးတာ ...

အနော်မာတို့ အဖွဲ့ကို အပျောက်ရိုက်ဖို့။

တစ်ကွက်တည်း ဆွဲလှည့်ပစ်လိုက်ဖို့။

အတ္တ အကြီးအကျယ် ကြံစည်နေသည်။ အကွက်ချ စီစဉ်နေသည်။ ဖဲကိုတစ်ယောက်တည်းချိုး၊ ပြီးတော့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း ဝေ၊ အဲဒါမှ ကိုယ့်အိမ်ကုလားသုံးကောင်မကျင်ရင် ကိုယ့်ဖါ်ကိုယ် စိတ်ရိုက်ပစ်လိုက်ဖို့ပဲ ကျန်တော့သည်။

"ဟိတ် အတ္တ ..."

"ဟင် ..."

ဦးဖုန်းရမ် လာပြီ။

အပေါ်ကနေ အသံပေးနေပြီ။

သစ်ကိုင်းတချို့ကို အသာအယာရွှေ့နေတဲ့ အသံကြား လိုက်ရသည်။

"ဦးဖုန်းရမ် ..."

"ပြော ..."

ပွင့်သွားတဲ့ အပေါက်ကလေးကနေ အောက်ကိုငုံ့ကြည့်နေတဲ့ ဦးဖုန်းရမ်။

"အခြေအနေကောင်းရင် ... ကျွန်တော်အပေါ်တက်တော့မယ် ..."

"မတက်နဲ့ ... အခြေအနေ မကောင်းဘူး ..."

"ဖျင်းနေပြီကွ ..."

"ဟေ့ကောင် ... ဖျင်းလို့ လူမသေဘူး ... အပေါ်တက်ရင် မင်းသေမှာ ငါ့စကားနားထောင် ... ရော့ ... မင်းအတွက် စားစရာတွေ ..."



ဦးဖုန်းရမ် ...

အထုပ်တစ်ထုပ်ကို အောက်ရောက်အောင် ပစ်ချ ပေးလိုက်သည်။

ဒါပဲ ...

အဲလောက်ပဲ။

သွားပြီ ...

သစ်ကိုင်းတွေနဲ့ အပေါက်ကိုလုံအောင် ဦးဖုန်းရမ် ပိတ်လိုက်ပြီ။

စကားလည်း များများ မပြော။

ပေးပြီးတာနဲ့ ချက်ချင်း ပြန်လှည့်ထွက်သွားသည်။

ကျောက်တုံးကြီးတွေကြားထဲမှာ ဦးဖုန်းရမ် ပျောက် သွားသည်။

နေနီသည် လုဒိကို ပြုစုနေသည်။

ဒဏ်ရာတွေ မြန်မြန်ကျက်အောင် ဆေးလိမ်းနေ သည်။

လုဒိ ...

ကျောမှောက်ထားသည်။

နေနီက လုဒိဘေးမှာ ပေါင်တံနှစ်ခုကို စုကြုံ့ကား ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေနီ့လက်တွေက လုဒီကျောပြင်ကို ဆေးနဲ့ ပွင် သပ်ပေးနေသည်။

"လုဒီ ... "

"ဟင် ... "

"သက်သာရဲ့လား ... "

"အင်း ... "

လုဒီ မျက်လုံးတွေ မှေးစင်းနေသည်။

လုဒီ မျက်လုံးထဲ ပြန်မြင်နေရတာ လူဝံကြီး။

ထောင်ချောက်တွေဘက်ကို မသွားဘဲ သည်ဘ ကို မထင်မှတ်ဘဲ ရောက်လာတော့ ခက်သွားသည်။

"ညက ရောက်လာတဲ့ ဟိုမိန်းမကို နေနီကြည့်လို့မရ သိလား လုဒီ ... တစ်မျိုးပဲ ... "

"ဘာဖြစ်လို့လဲ ... "

"မုန်းစရာ ကောင်းတယ်ထင်လို့ ... "

နေနီ သဝန်တိုနေတာကို လုဒီက မသိ။

နေနီ ခံစားနေရတာကို လုဒီက နားမလည်။

ဘယ်လိုလုပ် သိမှာလဲ။

နေနီ့ရင်ထဲမှာ တစ်ယောက်တည်းကြိတ်ဖြစ်နေ ဟာကို။





မမလေး အနော်မာဆိုတဲ့ မိန်းမ။

သူ့မျက်လုံးတွေက မငြိမ်။

နေနီ့ကို အကဲခတ်စောင့်ကြည့်နေသလို လုဒီကို ည်း တစ်ချိန်လုံး စိုက်ကြည့်နေသည်။

နေနီ မကျေနပ်။

အဲဒီတုန်းက နေနီ နှုတ်ခမ်းတွေကို တင်းပြတ်နေ အောင် စုထားပစ်လိုက်တာ သူမြင်မှာပေါ့။

သူလှည့်ပြန်သွားတော့မှ နေနီဝမ်းသာသွားသည်။

ကိုယ်လေပွေဆိုတဲ့ လူကြီးပြောတာကတော့။

မမလေး အနော်မာဟာ အရမ်းပဲလှသလို အရမ်း ည်း ကြောက်စရာကောင်းတယ်တဲ့။ သူလိုချင်တာကို မရရင် မီး န် ယမ်းကုန် သောင်းကြမ်းတတ်တယ်တဲ့ သူတို့လို ယောက်ျား တောင် အရမ်းကြောက်နေရတဲ့ မိန်းမတဲ့။

အဲဒါ အမှန်တွေပဲဖြစ်မှာပဲ။

ဦးလေပွေဆိုတဲ့ လူကြီး ...

နေနီ့ကိုလည်း မျက်လုံးကြီး ကျွတ်ကျမတတ် စိုက် ည့်လို့။

တော်တော် ငမ်းကြောသန်တဲ့လူ။

"နေနီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် လုဒီ ..."

လုဒီ ခေါ်သံကြောင့် ... နေနီ့အတွေးတွေ ပြတ်တောက်သွားရသည်။

"ထောင်ချောက်တွေဘက်ကို သွားမယ် ..."

"ဟာ ... လုဒီမှာ ဒဏ်ရာတွေနဲ့ ဖြစ်ပါ့မလား ..."

"ဖြစ်တယ် ..."

လုဒီ ဘာစိတ်ကူးပေါက်သွားလည်း မသိ။

ထောင်ချောက်တွေဘက်ကို သွားချင်နေသည်။

အင်္ကျီတွေ ထဝတ်နေပြီ။

နေနီက ကမန်းကတမ်း လိုက်ခဲ့ရသည်။

ကျောက်ဖလူးလွင်ပြင် အဆုံးက ထင်းရှူးတောစပ် တစ်နေရာ။

ငုတ်ဆူး ထောင်ချောက် သုံးခု။

"ဟင် ..."

ခြေရာလက်ရာ ပျက်နေသည်။

အပေါ်ယံမှာ ဖိပိတ်ထားတဲ့ သစ်ကိုင်းတွေ ကျိုးနေသည်။

ထောင်ချောက်ကျင်းထဲမှာ ဘာမှမရှိ။

"ခြေရာတွေ ... တွေ့တယ် ..."





သေချာသွားပြီ။

ညက လူဝံတွေ ထောင်ချောက်နားအထိ ရောက်ကြသည်။ ထောင်ချောက်ကို ပျက်စီးသွားခဲ့သည်။

ငလယ်တွေ။

အကင်းပါးတဲ့ ဝက်ဝံကြီးတွေ။

လုဒီ ...

စိတ်မောလူမော ဖြစ်သွားသည်။

သည်အတိုင်း ထိုင်စောင့်နေဖို့ဆိုတာ သိပ်မလွယ် ကျောက်လိုဏ်ဂူတွေဘက်ကို လိုက်ရတော့မလို ဖြစ်နေပြီ။

"ဟင် ... လုဒီ"

"ဘာလဲ ..."

"ဒီမှာ လာကြည့်စမ်း ..."

သွေးစက်တွေ။

ထင်းရှူးတောဘက်ကို တစ်စက်ချင်း ဆင်းသွား

"ဒါ ... ဒါ ... ညက ငါ ဓားနဲ့ထိုးပစ်ခဲ့တဲ့ ဝက်ဝံကြီးရဲ့ သွေးစက်တွေ ..."

"ဟင် ..."

"ဒီကောင်ကြီး မသေဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



လုဒီ မျက်လုံးပြူးနေသည်။

ညက ဝက်ဝံကြီးရဲ့ နံကြားထဲကို တစ်ချက်တည်း[...] အသေထိုးပစ်လိုက်တာ။

ခုတော့ ...

ဒင်းက ထောင်ချောက်ကိုတောင် လာဖျက်သွား[...] သေး၏။

[...]ပြီးတော့ ထင်းရှူးတောဘက်ကို ပြန်ဆင်းသွား[...] ခြင်း ဖြစ်သည်။

"သူ ဆင်းသွားတဲ့နောက်ကို လိုက်ရင် ... တစ်နေရာ[...] လဲသေမှာ သေချာတယ် ..."

"ဘယ်လို လိုက်မလဲ ..."

လုဒီ ...

ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်သည်။

"သေချာတယ် နေနီ ... ဟိုဘက်ကို ကြည့်လိုက်စမ်း"

"ဟင် ..."

စွန်မည်းကြီးတွေ။

ဟိုး အောက်ဘက်ချိုင့်ဝှမ်းထဲမှာ ပျံဝဲနေသည်[...] သူတို့ အစာကို အလစ်သုတ်ဖို့ ချောင်းနေတာနဲ့မတူ။





သေချာပေါက်ရထားတဲ့ အစာတစ်ခုအတွက် အုပ်စု[...]ယက်နေကြတဲ့ပုံမျိုး။

"အဲဒီကို လိုက်မယ် ... ဝက်ဝံကြီး စွန်တွေဝဲနေတဲ့ တောအုပ်ကြီးထဲမှာ လဲနေပြီ ..."

မုဆိုး လုဒီ။

အပိုင်တွက်ပစ်လိုက်သည်။

နှစ်ယောက်သား ချိုင့်ဝှမ်းကြီးအောက်ကို ဆင်းခဲ့[...]

တောင်ပေါ်နဲ့တွက်ရင် ... တစ်မိုင်ကျော်ကျော် [...]က်ဝေးတဲ့ နေရာ။

စိမ့်ကြီး မြိုင်ကြီး ဂနိုင်ကြီးတဲ့နေရာ။

"ဝေါ ..."

"ဝေါ ..."

**အဒွန်းဝမ်ချောင်း။**

ရေတွေ တဝေါဝေါ စီးနေသည်။

စွန်ကြီးတွေ ဝဲနေတဲ့နေရာရဲ့ အောက်တည့်တည့်ဆီ[...]ချောင်း။

ရေစီးအလွန်သန်သော ချောင်း။



www.burmeseclassic.com

www.burmeseclassic.com



မားဒဏ်ရာနဲ့ သေနေမဲ့ ဝက်ဝံနောက်ကို လိုက်တာ မလွယ်။

သွေးစက်ခြေရာတွေက ပျောက်သွားသည်။

အဓိက သဲလွန်စက ကောင်းကင်မှာဝဲနေတဲ့ ငှ
ကြီးတွေ။ သူတို့ ထိုးဆိတ်စားသောက်ရမဲ့ သားကောင်းအသေ
ဘယ်ရမှာရှိတယ်ဆိုတာ သူတို့အသိဆုံး။

"ချောင်းဟိုဘက်ကမ်းအထိ ဖြတ်ရလိမ့်မယ်နေနီ ... "

"ဖြတ်လေ ... ဘယ်လို ဖြတ်မလဲ ... "

ရေစီးကြမ်းနေ၍ နွေမှာပေါ်နေတတ်တဲ့ ကျောက်
တုံးကြီးတွေ ရေအောက်ကို ရောက်နေသည်။

"လာ ... "

သစ်လုံးတစ်လုံးတည်းရှိတဲ့ တံတား။

ခက်ရခဲဆစ် ဖြတ်ရမဲ့ တံတား။

ရှေ့နားက ကိုက်သုံးဆယ်အကွာလောက်မှာ ရှိ
သည်။

ချောင်းဘေးနံရံတစ်လျှောက်မှာ ခြုံတွေ နွယ်တွေ
ပိတ်နေတော့ သွားရတာ မလွယ်။

နေနီကတော့ ...





လုဒီခေါ်တဲ့နောက်ကို လျှောက်လိုက်နေရ၍ မျော
သည်။ ပင်ပန်းတာကို သတိမရ။

"တွေ့လား နေနီ ... "

"ဘာလဲ ... "

"ဟိုမှာလေ ... ဝက်ဝံကြီး ဒီသစ်လုံးတံတားပေါ်က ဖြတ်
ကူးသွားလို့ ကျန်နေတဲ့ သွေးစက်တွေ ... "

"ဟာ ... "

တော်လိုက်တဲ့ မုဆိုးလုဒီ။

သူ့အပိုင်တွက်ထားတာ ကွက်တိပဲ။

သစ်လုံးတံတားကို ကျော်ပြီးချိန်မှာပဲ ဝက်ဝံကြီးလဲ
သေနေတဲ့ နေရာကို ရှာတွေ့သွားသည်။

"ဟေး ... "

"တွေ့ပြီကွ ... "

လုဒီ

ဝမ်းမသာနိုင်။

ကိုယ်ပေါ်က နာကျင်နေတဲ့ ဒဏ်ရာတွေကို သတိရ
သွားသည်။

ဝက်ဝံကြီးပေးခဲ့တဲ့ ဒဏ်ရာ။

ခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံကြီး သေပြီ။

ဝါးရုံတောစပ်မှာ ပက်လက်ကိုလန်လို့။

စွန်မည်းကြီးတွေ ကိုက်ထားလို့ ... မျက်လုံးတွေ ပေါက်ထွက်နေသည်။ တောပုရွက်ဆိတ်နီကြီးတွေ ဝိုင်းအုံနေသည်။

"မောတယ် ..."

"ဟင် ... လုဒီ မောတယ် ..."

"အဖေ့ကို သတိရလို့ ..."

ဝက်ဝံတစ်ကောင်ကို သတ်ပြီးတိုင်း လုဒီ သတိ[illegible] တာ အဖေ။

ဝက်ဝံတွေနဲ့ တိုက်ပြီး သေခဲ့ရတဲ့ အဖေ့ကို ဘယ်[illegible] တော့မှ လုဒီ မမေ့။

ပြီးတော့ ...

အဖေနဲ့ သွားခဲ့လာခဲ့ ...

အမဲလိုက်ခဲ့တဲ့ နေရာတွေ။

သည်ခါကာဘိုရာဇီတောင်ကြီးရဲ့ လျှို့ဝှက်ချက်တွေ ကို အဖေ မသေခင်ကတည်းက လုဒီ သိထားခဲ့သည်။

ဘယ်သူမှ ...

ဘယ်မုဆိုးမှ မသွားရဲခဲ့တဲ့ နေရာတွေအထိ အဖေ[illegible] လုဒီ ရောက်အောင်သွားခဲ့ကြသည်။





တောက ကြမ်းသည်။

သားကောင်ကြီးတွေရဲ့ အန္တရာယ်တွေက များ သည်။

တချို့နေရာတွေမှာ ရေကမရှိ။

တောချောက်တဲ့ နေရာတွေဆို ဦးနှောက်ပါ မျက် [illegible]သွားနိုင်သည်။

ထူးဆန်းတဲ့ သဘာဝရဲ့ လှည့်စားမှုတွေ။

အမဲလိုက်တဲ့ပညာတွေနဲ့ ...

တောရဲ့ သဘာဝတွေအကြောင်း အဖေ့ဆီက ပညာ [illegible]အောင် လုဒီရခဲ့သည်။

သည်ပညာနဲ့ပဲ ...

သည်အရွယ်ရောက်အောင် လုဒီရပ်တည်နိုင်ခဲ့သည်။

မုဆိုး လုဒီ။

သည်နားက ရွာတွေမှာတော့။

မုဆိုး လုဒီဆိုတဲ့ နာမည်ကို မကြားဘူးတဲ့သူမရှိ။

"နေနီ ..."

"ဟင် ... လုဒီ"

"ဝက်ဝံကြီးကို ... တစ်ခါတည်း အရေခွာတ်ပစ်လိုက် ကောင်းမယ်ထင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင် ကြိုက်သလို လုပ်ပေါ့ ... "

"နင် အေးအေးဆေးဆေး နားလိုက်လေ ... "

"ဒါဆို အတော်ပဲ လုဒီ ... ဒီချောင်းမှာ ငါရေဆင်းချိုးလိုက်မယ် ... "

"နင့် သဘောပဲ ... "

ရေသံတွေကြားနေရတော့လည်း နေနီ မနေနိုင်။

အေးအေးဆေးဆေး တစ်ဝကြီးရေချိုးပစ်လိုက်ချင်စိတ်တွေ ပေါက်သွားသည်။

သည်ဘက်က ...

ဝါးရုံတောကြီးထဲမှာတော့ ...

လေမှုတ် ...

မှန်တိုင်း ...

ရေလှိုင်းနဲ့ မမလေးအနော်မှာ။

လုဒီတို့နောက်ကို လိုက်ချောင်းရင်း ဝါးရုံတောကြီးထဲကို ရောက်နေကြသည်။

မမလေး အနော်မှာလည်ပင်းမှာ အားကောင်းတဲ့ အဝေးကြည့်မှန်ပြောင်းတစ်လက်ကို ချိန်ထားသည်။

ဘယ်လောက်ဝေးဝေး ...



ထင်းခနဲ ရှင်းခနဲ မြင်ကောင်းကြည့်လို့ရတဲ့ မှန်ပြောင်း။

"မမလေး ... "

"ဘာလဲကွ ... "

"ညက ... ဝက်ဝံကြီးနောက်ကို သူတို့လိုက်တာဗျ ... "

"အေးလေ ... အဲဒါ ဘာဖြစ်လဲ ... "

"နေနီဆိုတဲ့ ကောင်မလေးတစ်ယောက်တည်း ... ချောင်းဘက်ကို ဆင်းသွားပြီ ... "

"ဟုတ်လား ... "

အနော်မှာ မမ။

သူမ ခုလို လျှို့ဝှက်လိုက်လာရတာကို လုဒီမသိစေချင်ပါ။

ခက်နေတာက ...

အတ္တဆိုတဲ့ ကောင်စုတ် ပျောက်နေခြင်းပင်။

ဒီပုံစံအတိုင်းဆိုရင် လုဒီတို့ အဖွဲ့နဲ့အတ္တ။

အဆက်အသွယ်မရှိတာ သေချာနေပြီ။

ဒါဆို ...

အတ္တဘယ်ရောက်သွားပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောက်တစ်ခုခုထဲကိုများ ပြုတ်ကျသေသွားခဲ့ပြီလား။

သို့တည်းမဟုတ် ...

စိတ်မောနေသည်။

ခြေကုန်လက်ပန်းကျချင်နေသည်။

"မမလေး ... "

"ဟင် ... "

"မမလေး သိပ်ပင်ပန်းနေရင် ဟောဟိုသစ်ပင်အောက်မှာ တစ်မေးလောက်အိပ်ချင်အိပ်လိုက်လေ ... မမလေး အိပ်နေတုန်း မမလေးကို ကျွန်တော် နှိပ်ပေးမယ် ... "

"မလိုပါဘူးကွာ ... "

လေပွေ ...

သည်အကွက်ကိုပဲ ချောင်းနေ၏။

တစ်ချိန်လုံးလည်း ... မမလေးနောက်မှာ အမြဲနေသည်။

နေမှာပေါ့ ...

မမလေးကိုကြည့်ပြီး လိုက်လာရတာ အမောတော့ ပြေ၏။

တောတွေ တောင်တွေက ကြမ်းသည်။





လေတစ်ချက်တိုက်လိုက်တိုင်း သစ်ပင်အမြင့်ကြီးတွေ ဘယ်နားညာရမ်းသွားသလို။

မမလေးကလည်း ရမ်းသည်။

"ဟော့ကောင်တွေ ဘယ်လဲ ... "

ခတ်တည်တည်နဲ့ ချောင်းဘက်ကို သွားတော့မှ မုန်တိုင်းနဲ့ ရေလှိုင်း။ လေပွေအော်သံကြောင့် နခြလှမ်းတွေ တွန့်သွားသည်။

"ချောင်း ... ချောင်းဘက်ကို"

"ဘာလုပ်မလို့လဲ ... "

"ချောင်း ... အဲလေ ... ချောင်းထဲ ချောင်းထဲက ရွှေငါးလေးတွေ သွားကြည့်မလို့ ... "

ခပ်ဖြဖြလုပ်နေတဲ့ မုန်တိုင်းနဲ့ရေလှိုင်း။

"လေပွေ နင်ပါလိုက်သွား ... "

"ဟာ အတော်ပဲ ... "

ကိုင်ရရင်ကိုင်ရ ...

မကိုင်ရရင် ကြည့်ရမဲ့ ကျေနပ်တဲ့လေပွေ။

မမလေးအနော်မာကိုတော င် နှုတ်မဆက်နိုင်တော့။

"ဟီး ... ဟီး"



www.burmeseclassic.com

ရွှေငါးလေးတွေ ရေကူးတာ သွားကြည့်မလို့တဲ့။
ခုန်ပေါက်ရင်း ခပ်သွက်သွက် ပြေးလိုက်သွားပြီ။
ဝါးရုံပင်ကြီးအောက်မှာ ...
တစ်ယောက်တည်း ကျန်ခဲ့တဲ့ အနော်မာ။

---- ❀ ----





## အခန်း (၁၀)

စွန်မည်းကြီးတွေက ...
လုဒိကို ကြိမ်ဆဲနေသည်။
ကောင်းကင်မှာ ဝဲပျံပြီး သူတို့အစာကို လုသွားတဲ့ လုဒိကို ဝိုင်းအော်နေသည်။
တစ်တောလုံး တစ်တောင်လုံးကို ဆူညံလို့။
နေနိသည် ...
ချောင်းစပ်က ကျောက်ရေအိုင်ထဲမှာ။
ရေစိမ်နေသည်။
ရေမချိုးတာကြာလို့ နံစော်နေတဲ့ သူမကိုယ်ပေါ်က ချေးတွေကို ချောင်းစပ်က သဲကြမ်းတွေနဲ့ ပွတ်တိုက်နေသည်။
သဲကြမ်း ... ။

www.burmeseclassic.com



သဘာဝ ဆပ်ပြာ။

ပခုံးသားတွေကို တိုက်သည်။

လည်ပင်းတွေကို တိုက်သည်။

ပါးပြင်နုနုလေးကိုတော့ ဖွဖွလေးပွတ်သည်။

လည်ပင်းအောက်ကိုတော့ အနာခံပြီး ကြမ်းပစ်လိုက်သည်။

လေမွှေ ...

မှန်တိုင်းနဲ့ ရေလှိုင်း။

ချောင်းစပ်က နွယ်မျှင်တောကြီးထဲမှာ အသံမပေးဘဲ ဝပ်နေကြသည်။

နေနီမလေး သိသွားလို့မဖြစ်။

သူတို့ ...

အတ္တနောက်ကို လိုက်ဖို့ မေ့နေသည်။

မမလေးအနော်မာကို တစ်ယောက်တည်းထားခဲ့တာကိုလည်း စိတ်ချလက်ချ ဖြစ်နေသည်။

ပန်းဖူးလေးတစ်ဖူးသည် ချောင်းစပ်က နွယ်မျှင်တောထဲမှာ မပွင့်သေးဘဲ ဖူးနေသည်။

အထဲမှာ ဝတ်ဆံနုနုလေး ရှိနေသည်။





ထိုဝတ်ဆံလေးကို ပွင့်ဖတ်ကြီးတွေက ဖုံးကာထားကြသည်။

ထိုပွင့်ဖတ်ကြီးတွေက သူ့အလိုလိုတော့ ဘယ်တော့မှ ပွင့်ကျမလာ။ နေရောင်ခြည်နုနုလေးထိမှ တအိအိလေး ပွင့်ကျလာတတ်တာမျိုး။ သည်အခါကြမှ ဝတ်ဆံလေးက ခေါင်းထောင်လာသည်။

ခူးမဲ့သူကို စောင့်စားနေတဲ့ ဟန်ကလေးနဲ့လေ။

ဘယ်သူခူးမလဲ ...

ခူးတဲ့သူနောက်ကို ပန်းပွင့်ကလေးက လိုက်ရမှာပဲ။

ခုတော့ ...

တောပန်းကလေးကို ခူးမဲ့သူက မရှိ။

တောပန်းကလေး နွမ်းလှပြီ။

တောပန်းကလေး ပမ်းလှပြီ။

အေးစက်နေတဲ့ ရေတွေ စီးဆင်းနေတဲ့ အဒွန်းဝမ်ချောင်း။

"အား ..."

ရေတစ်ဝချိုးလိုက်ရလျှင် နေနီ လန်းသွားသည်။

ပင်ပန်းတာတွေ ပျောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကမ်းပါးပေါ်ကို ပြန်တက်ဖို့ ခြေလှမ်းပြင်နေပြီ။

လုဒိသည် ...

ဝက်ဝံကြီးရဲ့ အရေကို ဆုတ်လိုက်သည်။

အသားတွေကို စုတ်လိုက်သည်။

အရေက သက်သက် ...

အသားက သက်သက် ...

အရိုးက သက်သက် ...

ဦးဖုန်းရမ် သိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။

သူအရမ်းလိုချင်တဲ့ ဝက်ဝံသည်းခြေရပြီလေ။

အရက်နဲ့ စိမ်သောက်မလို့တဲ့။

ကျန်းမာသတဲ့။

နုပျိုသတဲ့။

အသက်ရှည်သတဲ့။

ဆေးဖက်ဝင်တဲ့ နွယ်မြက်သစ်ပင်တွေ စားပြီး ... အသက်ရှင်နေတဲ့ ဝက်ဝံကြီးတွေ။

ဒါကြောင့် ...

သူတို့ရဲ့ အသွေးအသားတွေအားလုံး ဆေးဖက်ဝင်နေတာ။





"ရှုယ် ..."

"ဖျှပ် ..."

"ဟင် ..."

လျှင်လိုက်တဲ့ လုဒိ။

ဝါးရွက်ခြောက်လေးတစ်ရွက်ကို ရုပ်ခနဲ နှင်းလိုက်[illegible] လက်ထဲက ငါးက ဝှစ်ခနဲပြေးထွက်သွားသည်။

"ဟိတ် ..."

"အိ ..."

"ဖြောင်း ..."

အနော်မာ မမ အရှောင်မြန်လိုက်လို့။

လေထဲတက်လာတဲ့ ငါးကို ... ဖြောင်းခနဲ ရိုက်ချ[illegible]တာ ကွက်တိဖြစ်သွားလို့။

"ဟာ ..."

လုဒိ မျက်လုံးပြူးသွားသည်။

အနော်မာဆိုတဲ့ မိန်းမ ...

သူ့ဆီကို တစ်လှမ်းချင်း လျှောက်လာနေပြီ။

"လုဒိရယ် ... မင်းလက်က အရမ်းလျင်ပြီး အရမ်းသွက်တာပဲ ... ဟင်း ... ဟင်း မင်းတော်တော်ဆိုးတယ်ကွာ ..."

သိပ်ကျမ်းတဲ့ခါးက နွဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တုတ်နိုင်တဲ့ ပေါင်တံတွေက တစ်လုံးချင်း လု

သည်။

ခါးအထက်ပိုင်းကတော့ ယမ်းနေ၏။

မျက်နှာက ပြုံးနေသည်။

"ခင်ဗျား ... ခင်ဗျား ... ဒီနေရာကို ဘာဖြစ်လို့ ရော

တာလဲ ..."

"အစ္စကို လိုက်ရှာနေတာပါကွယ် ..."

ညာပြီး ...

မထိတထိပြုံး။

လုဒီကတော့ ...

စိတ်ပျက်သွားသည်။

ခေါင်းကိုလည်း ဘယ်ပြန်ညာပြန် ခါပစ်လိုက်

"ဘာလဲကွာ ... ကိုယ်ပြောတာကို မင်းမယုံလို့လား

လုဒီ ကိုယ်မညာပါဘူးကွ ... အစ္စများ ဒီဘက်တော

ရှိနေမလားလို့ ... ဒီအထိ ဆင်းလာကြည့်တာ ... မတွေ့

လည်း တောင်ပေါ်ပြန်တက်တော့မှာ ..."

"တစ်ခါတည်း အောက်အထိပြန်ဆင်းသွားရင် အကော

ဆုံးပဲ ..."

လုဒီ ...



စိတ်ထဲရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောချပစ်လိုက်

သည်။

မျက်နှာပျက်သွားတာ အနော်မာ မမ။

"အိုကွယ် ... လုဒီရယ် ... ကိုယ့်ကြောင့် မင်းစိတ်တွေ

အနှောင့်အယှက်ဖြစ်နေရလို့လားဟင် ... ကိုယ့်ကို ဘာဖြစ်

လို့ ဒီတောင်ပေါ်မှာ မင်းဆက်ပြီး မနေစေ  တာလဲ"

"ခင်ဗျားကို မုန်းတယ် ..."

"အို ... အို"

"ခင်ဗျားကြောင့် သေရွာပါမဲ့ ဒဏ်ရာတွေ ရခဲ့ပြီးပြီလေ"

လုဒီ ကိုယ်ပေါ်က ဒဏ်ရာတွေ။

အနာမကျက်သေးတော့ နီရဲနေဆဲ။

လုဒီက ...

အပေါ်ကအင်္ကျီကြယ်သီးတွေကို ဖြုတ်ထားတော့

...ဘ်ရာတွေကို သူမ ကောင်းစွာ မြင်နေရသည်။

စိတ်မကောင်းဖြစ်သွားတာ အနော်မာ။

ရင်ထဲ နင့်သွားတာ အနော်မာ။

"အဲဒီအတွက်လည်း ကိုယ်အိပ်လို့ မပျော်ခဲ့ပါဘူး ..."

"ကဲ ... ခင်ဗျားဘယ်ကို သွားမှာလဲ ... တောင်ပေါ်တက်

မှာလား ... တောင်ဆောက်ဆင်းမှာလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖွဲ့သားတွေ ရောက်လာရင် ... တောင်ပေါ်ပြ
တက်တော့မှာ ... "

"ဟင် ... "

နေနီ ပြန်ရောက်လာပြီ။

အနော်မာဆိုတဲ့ မိန်းမကို မထင်မှတ်ဘဲ လှုဒိနဲ့အ
တူ တွေ့လိုက်ရတော့ နေနီ မျက်လုံးဝိုင်းသွားသည်။

"ရှင် ... ရှင်"

"ဩော် ... နေနီ"

အနော်မာသည် တစ်ချက်ကလေးမှ အမူအရာပျ
မသွား။

နေနီကိုတောင် အပြုံးမပျက် နှုတ်ဆက်လိုက်သေး
၏။

"နေနီ ရေသွားချိုးနေတာလား ... "

မျက်နှာလေးဝင်းပြီး သန့်ရှင်းတောက်ပြောင်လာ
နေနီ။

လန်းဆန်းတက်ကြွလာပုံပင်။

"ဟုတ်တယ် ... "

မဖြေချင် ဖြေချင်နဲ့ ဖြေလိုက်တာ နေနီ။

အနော်မာ မသိဘဲ နေပါ့မလား။





"မမတို့ အတွက်ကိုများ တွေ့မလားလို့ ဒီဘက်အထိ ဆင်း
ပြီးလာကြည့်တာကွ ... မင်းတို့ ရောက်နေတာ မသိပါဘူး၊
ဒီမှာ လှုဒိနဲ့ ကြုံကြုံဖန်ဖန် လာဆုံနေတာနဲ့ ... "

"ဟင်း ... ဟင်း"

နေနီအပြုံးက အသက်မပါ။

အေးတိ အေးစက်။

မလှုပ်တလှုပ်။

ကော်ပတ်ရုပ်လို ဖြစ်နေသည်။

"မမလေးရေ ... "

"မမလေး"

"မမလေးရေ ... "

"ဟော ... အဖွဲ့သားတွေ မမကိုလိုက်ရှာနေကြပြီနေနီ၊ မမ
သွားတော့မယ်နော် ... "

"ကောင်းပါပြီရှင် ... "

ကြွကြွ မြန်မြန်ကြွ။

နေနီ စိတ်ထဲက ပြောပစ်လိုက်သည်။

"သွားမယ်နော် လှုဒိ ... တောင်ပေါ်မှာ ပြန်ဆုံကြသေးတာ
ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ရှုးရဲ့တဲ့ မျက်လုံးကြီးတွေနဲ့ လုဒိကို စိုက်ကြည့်ရင်း ချာခနဲ လှည့်ထွက်သွားတဲ့ အနော်မာ မမ။

လုဒိ ခေါင်းလည်း မညိတ်မိ။

လှည့်လည်း မကြည့်မိ။

ကိုယ့်အလုပ်ကိုပဲ ဆက်လုပ်နေလိုက်သည်။

ဝက်ဝံကြီးဆီက ရတဲ့ ပစ္စည်းတွေ။

တဲကို အရောက် ဘယ်သွားနိုင်ဖို့ပဲ အရေးကြီးသည်။

"လုဒိ ..."

"ပြော နေနီ"

"ဟိုမိန်းမ ဘာတွေလာပြောနေတာလဲ ..."

"ထုံးစံအတိုင်းပဲ ..."

"ဟင်း ... ကြည့်လို့ကို မရဘူး ..."

နေနီသည် အနော်မာမမ ထွက်သွားတဲ့ဘက်ကို ကြည့်ပြီး မျက်စောင်းကြီး လှမ်းထိုးလိုက်မိသေး၏။

သွားပြီ ...

ချောင်းကိုကျော်ပြီး တောင်ပေါ်ကို သူတို့ပြန်တက် သွားကြပြီ။

နေနီနဲ့လုဒိ ...





သူတို့တဲကိုပြန်ရောက်တော့ ဦးဖုန်းရမ်တစ်ယောက် ည။ ညစာအတွက် စီစဉ်နေသည်။

ဝက်ဝံကြီးရလာခဲ့၍ ဦးဖုန်းရမ် ပျော်လို့မဆုံး။

ဒါ ဈေးဦးပေါက်ရတာပဲ။

လုဒိကို ဂုဏ်ပြုရမယ်။

လုဒိ တော်တယ်။

ဦးဖုန်းရမ် တက်ကြွနေသည်။

နေနီသည် ရေချိုးထားခဲ့၍ သူ့မျက်နှာကို သနပ်ခါး ရှိ စဉ်းစားနေသည်။

သနပ်ခါးမလိမ်းရတာကြာပြီ။

လမ်းမှာတွေ့တဲ့ တောပန်းလေးတစ်ပွင့်ကိုလည်း လာခဲ့သည်။

သည်တစ်ခါ နေနီသည် ကျွားရိုင်းမလေး မဖြစ်ချင် ။

သမင်ပျို့မလေး ဖြစ်ချင်နေသည်။

မုဆိုးတစ်ယောက်နဲ့ တောကစားချင်နေသည်။

မမလေး အနော်မာဆိုတဲ့ မိန်းမကို မကျေနပ်လို့ လှချင်လာတာပါ။ ဟိုက လှတာတော့ သေချာသည်။ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများသည် စူးရှတောက်ပ၍ ညို့ဓာတ်အပြည့်ပါသော မျက်လုံးမျိုး။

အဲလိုအကြည့်မျိုးနဲ့ ဘယ်သူ့ကိုမှ နေနီမကြည့်တတ်တာ ခက်နေသည်။

လုဒီ တဲမှာ မနေ။

ပြန်ထွက်သွားသည်။

တဲအပြင်ဘက်က ကျောက်တုံးကြီးပေါ်မှာ သွား ထိုင်နေသည်။

ညနေစောင်းပြီ။

အလင်းရောင်တွေ ပျောက်တော့မည်။

အအေးဓာတ်က တဖြည်းဖြည်းနဲ့ ပိုများလာနေသည်။

"လုဒီ ..."

"ဟင် ..."

သနပ်ခါးလိမ်း ပန်းပန်ပြီး လုဒီရှိနေတဲ့ ကျောက်တုံး ကြီးဘက်ကို ထွက်လာခဲ့တဲ့ နေနီ။

"ငါ မလှဘူးလားဟင် ..."

"ဘာ ..."

"ငါနဲ့ ဟိုမိန်းမ ဘယ်သူပိုလှသလဲ ..."



လုဒီ မကြည့်တတ်ပါ။

"ငါ မသိဘူး ..."

လုဒီ အဖြေကို နေနီ မကျေနပ်။

နှုတ်ခမ်းလေးတွေကို စူတင်းပစ်လိုက်သည်။

"နင်ကလည်းဟာ ..."

"ဘာလဲနေနီ ... ဟိုမိန်းမလှသလို နင်ကလိုက်လှချင်နေတာလား ... နင်ဘယ်တုန်းက အဲလိုလှအောင် နေခဲ့ဖူးလို့လဲ ... ငါ့ကိုပြောစမ်း ..."

"လုဒီနော် ..."

မရှက်တတ်တဲ့ နေနီ။

အခုတော့ ရှက်တတ်နေသည်။

မညုတတ်တဲ့ နေနီ။

အခုတော့ ညုတတ်နေသည်။

နေနီတစ်မျိုးပဲ ...

လုဒီ လက်မောင်းတွေကို ကိုင်တွယ်ပွတ်သပ်နေ သည်။

လုဒီ ရင်ခွင်ထဲကို နေနီ ခေါင်းတိုးဝင်ချင်နေသည်။

ငုံနေတဲ့ ပန်းဖူးကလေး ...

နေရောင်ခြည်နုနုလေးနဲ့တွေ့မှ ပွင့်အာလာရှာ ...

www.burmeseclassic.com

www.burmeseclassic.com



ပန်းဖူးလေးမှာ ပွင့်အာချင်ပေမဲ့ ... နေရောင်ခြည်နုနုလေး မရှိတာက ခက်နေသည်။

သည်တော့ ...

ပွင့်ချင်တိုင်းလည်း ပွင့်လို့မရ။

စွင့်ချင်တိုင်းလည်း စွင့်လို့မရ။

ခက်နေသည်။

နေနီ ရှက်နေသည်။

စကားမပြောတော့ဘဲ နေနီ ခေါင်းငုံ့ထား၏။

"ဟေး ... "

"ဟေး ... "

"တွေ့ပြီကွ ... "

"မင်းကို လိုက်ရှာနေတာ ကြာပြီကွ ... "

"ဟင် ... "

အနောက်ဘက်တောထဲက ရုတ်တရက်ပေါ်လာတဲ့အသံတော်။

တွေ့ပြီတဲ့ ...

ဘယ်သူတွေလဲ ...

အတ္တကိုလိုက်ရှာတဲ့ အဖွဲ့တွေလား။

လူတွေက များနေသည်။





အသံတွေက ဆူညံနေသည်။

ဆဲသံတွေ အော်သံတွေ။

"သူ့ကို ခေါ်ခဲ့ဟေ့ ... "

သေချာတယ်။

ဒါ လေပွေဆိုတဲ့ လူရဲ့အသံ။

လုဒီတို့ ဓာဘက်ကို ဖြတ်တက်လာတဲ့အသံတွေ။ တဖြည်းဖြည်းနဲ့ နီးကပ်လာနေ၏။

သေချာသွားပြီ။

လေပွေ၊ မုန်တိုင်းနဲ့ လေရိုင်း။

အတ္တကို ခေါ်လာသည်။

အတ္တသည် ခေါင်းငိုက်စိုက်ချပြီး လိုက်လာသည်။

"ဘာဖြစ်လာတာလဲ ... "

လုဒီ လှမ်းမေးလိုက်သည်။

"အတ္တကို မသက်ာလို့ စောင့်ဖမ်းတာ ... ခုတော့ ကွက်တိပဲ ... "

အတ္တ ဘာမှမပြော။

သူ့နှုတ်ခမ်းတွေကို သူဘာသာသူ ပြန်ကိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းရမ် သိရင် ဘယ်လောက် စိတ်ဆင်းရဲလိုက်မလဲ။

သူ့ တကူးတက ခက်ခက်ခဲခဲ ကယ်ထားရတဲ့ အဌ္ဌအတွက် သူဘယ်လောက် တုန်လှုပ်ခြောက်ခြားလိုက်မလဲ။

အဌ္ဌကို သတ်မဲ့အဖွဲ့။

အရှင်လတ်လတ် ငရဲပြည်ကို ပို့ပစ်မဲ့အဖွဲ့။

လက်နက်တွေ ကိုယ်စီနဲ့။

အဌ္ဌကို သူတို့ သခင်မလေးဆီ ပို့ဖို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်လာသည်။

"ဘယ်မှာ တွေ့တာလဲ ..."

"မြေကျင်းထဲမှာ ..."

လေပွေ ဗျော်နေသည်။

အသံက တက်တက်ကြွကြွ ဖြစ်နေသည်။

မမလေး အနော်မာ့ကို မျက်နှာလှပ်ဖို့။

"ဦးဖုန်းရမ်ကို ပြောလိုက် ..."

မုန်တိုင်းက လှမ်းအော်သွားသေး၏။

"အဌ္ဌကို ဖွက်ထားပေးတဲ့အတွက် နောက်မှတစ်ခေါက် ပြန်လာပြီး ကောင်းကောင်းကြီး ဆုချမယ်လို့ ဟား ဟား"

"ဟား ... ဟား"





ရယ်သံတွေ ဝေါခနဲညံသွားသည်။

ထွက်သွားကြပြီ။

အမှောင်ထဲကို တိုးဝင်ပျောက်ကွယ်သွားကြပြီ။

အဌ္ဌ ...

ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲ။

ခင်ဗျားကိုမှ ကယ်လို့မရတော့တဲ့ဟာ။

ဦးဖုန်းရမ် သိတော့ ...

မျက်လုံးပြူးသွား၏။

သူတို့ ...

အဌ္ဌကို သတ်ကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"နင် တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ အတ္တ ... နင့် နောက်ကို လိုက်ခဲ့ရတဲ့အတွက် ... ငါတို့ ဘယ်လောက်ဒုက္ခရောက်ခဲ့ရတယ်မှတ်လဲ ... "

"ဘယ်သူက လိုက်ခိုင်းလို့လဲ ... "

"ဘာ ... "

ဂျစ်ကန်ကန် ပြန်ဖြေနေတဲ့ အတ္တ။

သူ့ကို သစ်ပင်မှာ ကြိုးနဲ့ချည်ထားသည်။

"ဟေ့ကောင် ... မင်း စကားပြောတာ ကောင်းကောင်းပြောစမ်း ... "

လေပွေ။

မမလေးအနော်မာ ရှေ့မှာ မျက်နှာလိုမျက်နှာရလုပ်





ပြီး အတ္တကို ခြေထောက်နဲ့ပိတ်ကန်ဖို့ ရွယ်နေသည်။

သူတို့ ...

ကျောက်ဖျာချပ်ကြီးရှေ့က မြေကွက်လပ်ကျယ်မှာ မီးပုံကြီးတစ်ခုကို ဖိုထား၏။ သူတို့ရှိနေတဲ့ နေရာတစ်ဝိုက်မှာ ထိန်နေသည်။ အတ္တကို ရှာတွေ့လာတဲ့အတွက် သောက်ပွဲစားပွဲကျင်းပနေသည်။

ကျီတစ်ကောင်။

သံချိတ်နဲ့ တွဲလောင်းချိန်ပြီး မီးကင်ထား၏။

ကျီသားက ခုတော့ ခဏလေးနဲ့ အနံ့ထွက်လာသည်။

လူတွေအားလုံး ဆာလောင်နေကြပြီ။

"ဒီမှာ အတ္တ ... "

"ပြောဗျာ ... "

"နင့်ကို ငါမယုံဘူး ... ဒီတောင်ပေါ်အထိ နင်ဘာကြောင့် တက်ပြေးလာသလဲဆိုတာ ငါသိချင်တယ် ... "

"ခင်ဗျားတို့လူတွေ သတ်မှာကြောက်လို့ ... "

"ဘာ ... "

"အဲဒါကြောင့် ကျွန်တော်ထွက်ပြေးလာတာ ... "

"ဟဲ့ ... နင့်ကို သတ်ချင်ရင် ဓါယာခင်းမှာကတည်းက သတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မှာပေါ့ပဲ ... မသတ်ချင်လို့ ဒီလောက်ကြာနေတဲ့ ဟာကို ... ”

**ဇီယာခင်း ...** ။

တောင်ခြေမှာ ရှိတဲ့ ရွာတစ်ရွာ။

အဲဒီမှာ အတ္တကို တွေ့ခဲ့သေးတာပဲ။

မသတ်ချင်လို့ သူ သွားတဲ့နောက်ကို တကောက်ကောက် လိုက်လာခဲ့တဲ့ဟာကို။

အတ္တသည် အကွက်များသည်။

သူ့နောက်မှာ ဦးမိတ္တတို့အဖွဲ့ရှိသည်။

ဦးမိတ္တသည် အနော်နဲ့ ပြိုင်ဘက်။

သူတို့အားလုံး ဒုစရိုက်အဖွဲ့တွေ။

စားခွက်လုဖော်လုဖက်တွေ။

တစ်ဖွဲ့ရဲ့ လှုပ်ရှားမှုကို တစ်ဖွဲ့က အမြဲစောင့်ကြည့်နေတတ်ကြတဲ့လူတွေ။

အတ္တ။

ဦးမိတ္တရဲ့ တကယ့်ညာလက်ရုံး။

သူတို့ အဆက်အသွယ်ရှိမှာ သေချာသည်။

အနော်မာတို့အဖွဲ့ လိုက်သတ်လို့ ထွက်ပြေးရတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်။



ခါကာဘိုရာဇီတောင်ပေါ်ကို ရည်ရွယ်ချက်တစ်ခုခုနဲ့ ...ွှာကို ဦးမိတ္တကိုယ်တိုင်စီစဉ်ပြီး လွှတ်လိုက်တာပဲ ဖြစ်ရမည်။

“အတ္တ ... ”

အနော်မာ့အသံ မာသွားပြီ။

ပျော့နေလို့ မဖြစ်တော့။

အတ္တကို ခပ်ကြမ်းကြမ်းကိုင်သင့်ရင် ကိုင်ပစ်ရတော့ ...ည်။

“နင် ဒီတောင်ပေါ်ကို ဘာလာလုပ်တာလဲ ... ငါ့ကို အမှန်အတိုင်း ပြောစမ်း ... ”

အနော်မာ လက်ထဲမှာ ...

ပြောင်လက်နေတဲ့ ခြောက်လုံးပြူးတစ်လက်။

အတ္တနှုတ်ခမ်းကို ကိုက်ထားသည်။

အနော်မာသည် အတ္တနားထင်မှာ ခြောက်လုံးပြူး ...ည် ထောက်ထားလိုက်ပြီ။

အတ္တမျက်နှာပျက်သွားပေမဲ့ မဖြေ။

အနော်မာ့မျက်လုံးတွေကို ပြန်စိုက်ကြည့်နေသည်။

“ပြောလေ ... ငါ မေးတာပြောလေအတ္တ ... ”

“ခင်ဗျားလူတွေ လိုက်လို့ ပြေးလာတာပါလို့ ... ခင်ဗျားကို ဘယ်နှစ်ခါ ဖြေရမလဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



အတ္တသည် တင်းမာတဲ့ သူ့ လေသံကို ခုထိ မလျှော့သေး။

"ဖြန်း ... "

"ဖြန်း ... "

ဆော်ပြီ။

အနော်မာသည် သူ့လက်စွမ်းကို စ,ပြန်ပြီ။

အဖွဲ့သားတွေအားလုံး မျက်လုံးတွေ ပြူးကုန်ကြသည်။ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြသည်။

"နင် ... ငါ့စိတ်ကို စမ်းနေတာလား အတ္တ ... ငါ့ကို ဒေါသဖြစ်လာအောင် နင်မလုပ်နဲ့ ... "

လူတွေ လှုပ်သွားသည်။

မမလေး အနော်မာလည်း လှုပ်သွားသည်။

မလှုပ်တာ အတ္တ။

မီးတောက်နေတဲ့ မျက်လုံးတွေနဲ့ ... မမလေးကို တောင် ဒင်းက ပြန်စိုက်ကြည့်နေလိုက်သေး။

"နင် ... နင်"

"မမလေးရာ ဒီကောင်ကို အပင်ပန်းခံပြီး မေးမနေစမ်းပါနဲ့ ကျွန်တော့်လက်ထဲကို အပ်လိုက်စမ်းပါ ... ဒီကောင်ပြောသွားစေရမယ် ... ပြီးပြီးတန်သွားစေရမယ် ... "



လေပွေ ...

ဘလိုင်းကြီး ဝင်ဖားနေသည်။

အသားလွတ်ကြီး မျက်နှာဝင်လုပ်နေသည်။

အဲဒါကို ...

မှန်တိုင်းလည်း ကြည့်လို့မရ။

တခြားကောင်တွေကလည်း အမြင်ကတ်ကြသည်။

မမလေး အနော်မာ့ကို ထိကြည့်ချင်နေတဲ့ကောင်

သူ့ထက်ငါ အပြိုင် အစွမ်းပြချင်နေကြသည်။

"အတ္တ ... "

"ဘာလဲဗျာ ... "

"နင် ... ဒီတောင်ပေါ်ကိုလာတာ ဘာရည်ရွယ်ချက်နဲ့ လာတာလဲ ... နင် အကြောင်းတစ်ခုခုရှိလို့ လာတယ်ဆိုတာ ငါသိနေတယ် ... အဲဒါတွေအားလုံး ဦးမိတ္တကိုယ်တိုင် စီစဉ်ပြီး လွှတ်လိုက်တယ်ဆိုတာ ငါနားလည်နေတယ် ... ကဲ ... နင် ဘာပြောမလဲ ... "

"ခင်ဗျား ထင်ချင်သလို ထင်လိုက်လေ ... "

"ငါထင်တာမဟုတ်ဘူး အတ္တ ... နင်တို့အဖွဲ့ရဲ့ ခြေလှမ်းတွေအားလုံးကို ငါသဘောပေါက်တယ် ... ဦးမိတ္တသုံးလွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အကွက်တွေအားလုံးကို ငါမြင်ပြီးသား ဒီတောင်ဆ
တစ်နေရာမှာ တွေ့ထားတဲ့ ရွှေသတ္တုသိုက်ကြီးတစ်ခု နောင်
နင်တို့အနံ့ခံလိုက်နေတာ ငါမသိဘူးများ အောက်မေ့နေလား
အတ္တ ...”

“ဟင် ...”

အတ္တ ...

သည်တစ်ခါတော့ သိသိသာသာ မျက်နှာပျက်သွား
ရပြီ။ မျက်လုံးတွေပါ ဖြူဆုတ်သွားရပြီ။

ခါကာဘိုရာဇီ ...

တောင်ပေါ်တစ်နေရာက ရွှေသတ္တုသိုက်ကြီး။

သည်သတင်းကို ဦးမိတ္တအဖွဲ့ကလူတွေ စတင် ဖြ
ရာခံမိသွားခဲ့ကြသည်။

သည့်အတွက် ...

သည်သတင်းနောက်ကို လိုက်ဖို့ အတ္တကို အထူးရွေး
ချယ် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

“နင် ... နင် ဝန်ခံလိုက်စမ်းပါ အတ္တရယ် ... ငါ့ကို ခပ်တည်
တည်နဲ့ ဆက်ညာဖို့ နင်မကြိုးစားချင်စမ်းပါနဲ့ ... နင့်အသက်
က ငါ့လက်ထဲမှာဆိုတာ နင်သတိရစမ်းပါ ... ဒီမှာ ... နင့်ကို
ငါ တစ်ခုပြောမယ် ...”



“ပြော ...”

“နင် အမှန်အတိုင်းဝန်ခံရင် ဟိုမှုဆိုးတဲမှာ နေတဲ့ နေနီဆိုတဲ့
ကောင်မလေးကို ငါရအောင်ဖမ်းပြီး နင့်လက်ထဲကို အပ်
မယ် ...”

“ဘယ်လို ...”

သည်တစ်ခါတော့ အတ္တကိုယ်ကြီး လှုပ်သွားသည်။

အကြောအချဉ်တွေ တောင့်တင်းသွားသည်။

“ကောင်မလေးကို နင့်အတွက် ဆုချမယ်လို့ ပြောတာ
လေ ... ဟောဒီ ရေခဲတောင်ကြီးပေါ်မှာ အိပ်မက်လှလှ
လေးတွေ နင်မက်လို့ရသွားတာပေါ့ ... မကောင်းဘူးလား
အတ္တ ...”

“ခင်ဗျား တကယ်ပြောတာလား ...”

နှစ်ခါတောင် မစည်းရုံးလိုက်ရ။

ယောကျ်ားတွေကို အနော်မာ စိတ်ညစ်တာ အဲဒါ။

နှုတ်မြောနေတာ ...

လေပွေ၊ မုန်တိုင်းနဲ့ ရေလှိုင်း။

“ငါ့နာမည် အနော်မာ ပြောထားရင် ပြောထားတဲ့အတိုင်း
ပဲ လုပ်တတ်တယ် ... နင်သဘောပေါက် ...”

“ကောင်းပြီလေ ... အဲဒါဆို ကျွန်တော်ပြောမယ် ...”

www.burmeseclassic.com

www.burmeseclassic.com



အတ္တ ...

သည်တစ်ခါတော့ ... သိသိသာသာမျက်နှာ
သွားရပြီ။

မျက်လုံးတွေပါ ဖြူဆုတ်သွားရပြီ။

ချက်ချင်းကိုပဲ ... ကောက်ကာငင်ကာ ဆုံးဖြ
ချက်ချလိုက်ပြီ။

အတ္တကလည်း အကွက်ရွှေ့တဲ့နေရာမှာ ...

ကမ္ဘာ့စစ်တုရင်ချန်ပီယံ ကက်စပါရော့နဲ့ နှင်
ငါလား ... ။

"ဒါဆို ပြောလေ ... "

"ခင်ဗျား ပြောတာမှန်တယ် ... ဒီကာခါဘိုရာဇီတောင်
တစ်နေရာမှာ ရွှေသတ္တုသိုက်ကြီးတစ်ခု ရှိတယ်ဆိုတဲ့
သတင်းကိုကြားလို့ ဦးမိတ္တက လွှတ်လိုက်တာ ... "

"ဟင်း ... ဟင်း ... အတ္တရယ် ... အဲဒါများ စောစော
တည်းက ဝန်ခံလိုက်လည်းပြီးနေတဲ့ဟာကို ... ကိုယ့်အသား
တွေ အနာခံရတယ်လို့ ... အခု ... အဲဒီရွှေသတ္တုသိုက်ကြီး
ရှိတဲ့နေရာကို ... နင် ရှာလို့တွေ့ပြီလားဟင် ... "

"မတွေ့သေးဘူး ... "

"ဟုတ်ရဲ့လား အတ္တ ... နင် ငါ့ကို မလိမ်နဲ့နော် ... "





"မလိမ်ပါဘူးဗျာ ... "

အနော်မာသည်လောက်ဆို ကျေနပ်သွားပြီ။

ဦးမိတ္တဘာလုပ်တော့မယ်ဆိုတာကို ခြေရာကောက်
သွားပြီ။

"ခင်ဗျား ကတိတည်နော် ... "

အတ္တသည် မရိုးမရွဖြစ်သွားသည်။

"စိတ်ချ အတ္တ ... ငါ့ဖယားကါက်ထဲမှာ အဲ့ဒီအကောင်
တစ်ကောင် လိုက်ရှုပ်နေလို့ ... နင့်ကို ထိုးကျွေးတာ ...
စစ်တုရင်စကားနဲ့ပြောရင် ... ယွန်းကို ထိုးကြွေးပြီး ကင်းကို
ချက်လုပ်ချင်လို့ ... "

တစ်ဝိုင်းလုံးတိတ်သွားပြီ။

ကျိသားကင်ထားတဲ့ မီးဖိုကြီးဆီကလည်း ညှော်နံ့
တွေထွက်လာပြီ။

"စားလို့ရပြီဟေ့ ... "

"စားမယ် ... "

"ဝါးမယ် ... "

"အရမ်း ... စားချင်နေပြီကွာ ... "

စားလို့ရပြီဆိုတော့မှ တစ်ယောက်တစ်ပေါက် အသံ
တွေ ဆူညံသွားပြီး၊ အားလုံးလှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျီသားကင်ရှူရှူလေး ...

ကျီသားကင်မွှမွှလေး ...

"ဟော့ကောင် အဏ္ဏ ..."

"ဘာလဲ ..."

"ရော့ မင့်အတွက် ... ကျီသားတစ်ဖဲ့ ..."

"ဘယ်လိုလုပ်စားလို့ရမလဲကွ ..."

ဟုတ်သားပဲ ... ။

အဏ္ဏ လက်တွေကိုပါ သစ်ပင်မှာ ကြိုးနဲ့လှုပ်မ
အောင် ကြိုးနဲ့စုချည်ထားတာ။

"ပါးစပ်ဟ ..."

အဏ္ဏ ... အဟုတ်မှတ်ပြီး ပါးစပ်ဟာသည်။

"ရော့ ..."

လေပွေ ထိုးထည့်လိုက်တာ လက်သီးဆုပ်လောက်
ရှိတဲ့ ငှက်ပျောဖူးကြီး ... ။

"အင့် ..."

"ဖူး ..."

"ဖရူး ..."

"ဟား ... ဟား ... ဟား ..."

အဏ္ဏမျက်နှာကြီး တစ်ချက်တည်းနဲ့ ရှုံ့မဲ့သွားသည်။





"ကောင်းတယ် ... အဲဒါ နေရာတကာစားချင်ဦး ... ငတ်
ကြီးကျဦး ... ဘာကျွေးကျွေး မျိုချင်ဦး ... ဆိုချင်ဦး ..."

"ထိ ..."

လေပွေ မျက်နှာတံတွေးတွေ စဉ်သွားရပြီ။

အဏ္ဏ ...

ညစ်ပတ်လွန်းတဲ့ကောင် ... ။

"ဝေါ့ ..."

လေပွေ ... အော်ဂလီဆန်သွားသည်။

လုပ်ပစ်ချင်လိုက်တာ လက်ကိုယားသွားတာပဲ။

မမလေးအနော်မာ ကြည့်နေလို့ စိတ်ကိုထိန်းလိုက်
တာ ... ။

"ဖျပ် ..."

"ဖျပ် ..."

သူတို့ပြောနေတာတွေကို ကျောက်တုံးကြီးအကွယ်
အနေ ချောင်းနားထောင်နေတာ လုဒီ ... ။

သူတို့အကြံအစည်တွေကြောင့် အံ့ဩသွားရသည်။

ညာဏ်များလွန်းတဲ့အဏ္ဏ ... ။

ကျေးရွာတရားကို မထောက်ထားတတ်တဲ့ အဏ္ဏ။

နေနီကိုရဖို့ အမှန်တွေကို ထုတ်ပြောနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အကြံအစည်တွေက လောဘတွေ ဖုံးနေ
အကြံအစည်တွေ။

ရွှေသတ္တုသိုက်ကြီးရှိတဲ့နေရာကို လိုက်ရှာနေ
တဲ့။

လုဒီ ကျောချမ်းသွားသည်။

**အသူရာဓာတ်ငွေ့ချောက်ကြီး**

သည်တောင်ပေါ်မှာ ရှိနေတာ ဘယ်သူမှမသိ

လုဒီကတော့ သိထားသည်။

ဘယ်သူမှ သွားလို့မရတဲ့နေရာ။

သွားမိရင်လည်း ပြန်လမ်းမရှိတဲ့နေရာ။

အဖေ ရှိစဉ်ကတည်းက လုဒီ ရောက်ဖူးခဲ့တာ
ကြာခဲ့ပြီ။

လေးနှစ်တောင်ကြာခဲ့ပြီ။

လုဒီ ...

အသက်ရှူမှားနေသည်။

အကြောအချဉ်တွေ တင်းမာလာသည်။

သွေးတွေပူနွေးလာသည်။

"သား ... လုဒီ ..."

"ဗျာ ..."





အဖေမှာခဲ့တဲ့စကားတွေ နားထဲမှာ ပြန်ကြားလာခဲ့
ပြီ ... ။

"အဲဒီနေရာကို သား နောက်တစ်ခါ ဘယ်တော့မှ မသွား
ချင်နဲ့တော့ ... အဲဒီနေရာမှာ ဘာတွေရှိတယ် ... ဘယ်လို
တွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာကိုလည်း သား တစ်သက်လုံး
မေ့ပစ်လိုက်တော့ ... အဖေပြောတာ ကြားလား ..."

အဖေ မသေခင်က အကြောင်းတိုက်ဆိုင်လာတိုင်း
ထပ်ဖွဖွသတိပေးခဲ့တဲ့စကား။

လုဒီ မေ့ထားတာ ကြာခဲ့ပြီ။

သို့သော် သည်ကိစ္စတွေကို အဖေနဲ့အတူ မသေလို့
ပြန်ရောက်လာခဲ့သည့် မုဆိုးကြီး **ဦးကျောက်ဖားစည်** က သိထားခဲ့
လေသည်။

ခုတော့ ...

လူ့လောကကြီးထဲမှာ အဖေလည်းသေပြီ။

မုဆိုးကြီးဦးကျောက်ဖားစည်လည်း သေပြီ။

ကျန်နေတာ လုဒီ ... ။

သည်သတင်းပေါက်ကြားခဲ့တာ လုဒီဆီက မဟုတ်
ဦးကျောက်ဖားစည်ဘက်က ဆိုတာ သေချာသွား
ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"စားကြပော့ ..."

"စားဟာ ..."

"ဒီညတော့ ... အားလုံးပျော်ပျော်ပါးပါးပဲ ..."

"ဟေး ..."

"ဟေး ..."

အနော်မာမမရဲ့လူတွေ ... ။

မီးလင်းဖိုကြီးဘေးမှာ ပွဲဆူနေသည်။

အနော်မာမမသည် မီးဖိုကြီးအလယ်မှာရောက်နေသည်။

ကိုယ်ကျပ်ဂျင်းဘောင်းဘီအတိုကို ဝတ်ထားသည်။

ဖွေးဥနေတဲ့ ခြေသလုံးသားတွေ၊ မီးအဝါရောင်က ဟပ်လိုက်တော့၊ သူမရဲ့ ခြေသလုံးအား အိအိဖောင်းဖောင်းလေးတွေက ရွှေရောင်တဖျပ်ဖျပ် တောက်သွားသည်။

သူတို့ ... ကျွဲသားကင်နဲ့ မြည်းနေသည်။

သူတို့မျက်လုံးတွေက အနော်မာမမဆီမှာ ရောက်နေသည်။

သူတို့မျက်လုံးတွေက အနော်မာမမရဲ့ ခြေသလုံး ဖွေးဖွေးဥဥလေးတွေဆီမှာ တိုင်ပင်မထားဘဲ တစ်ပြိုင်တည်း သွားစုနေသည်။





တောင့်ဖြောင့်ပြီး နေတာထိုင်တာ သွားတာ လာတာ စမတ်ကျလွန်းတဲ့ အနော်မာမမ။

သူမ မျက်လုံးထဲမှာ မြင်နေရတာ လုဒီ။

ရေရေလည်လည်ပဲ။

မျက်လုံးထဲကတောင် မထွက်တော့ဘူး။

သန်မာကျစ်လျစ်တဲ့ ကိုယ်ခန္ဓာအချိုးအဆက်။

ယောကျာ်းတန်မဲ့ စိုရဲနေတဲ့နှုတ်ခမ်း။

ရှည်လျားတုတ်ခိုင်တဲ့ ပေါင်တံတွေ ... ။

ကြွက်သား အဖုအထစ်တွေ ...

တောက်ပတဲ့ မျက်လုံးတွေနဲ့ ထူထဲညိုမှောင်တဲ့ ဆံနွယ်ခုံးတန်းကြီးတွေ ... ။

ရန်ခုန်စရာပဲ။

သူမ ...

လုဒီဆိုတဲ့ မုဆိုးကိုပဲ မြင်နေသည်။

လုဒီဆိုတဲ့ မုဆိုးကိုပဲ တမ်းတနေသည်။

သူမ အိပ်မပျော်တာ သုံးရက်ရှိပြီ။

သည်တောင်ပေါ်ကို စရောက်လာကတည်းက။

အတိအကျသဖြင့်

လုဒီကို စတွေ့ပြီးကတည်းက ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ... "

"ဟင် ... "

"ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ် ... "

လေပွေသည် ဟိုလိုလိုသည်လိုလိုနဲ့ မမလေးအနော်မှာနားကို ရောက်သွား၏။

"ပြောလေကွာ ... "

"ဒီရွှေသတ္တုသိုက်ဟာ ဟိုမုဆိုးလုဒိတို့အဖွဲ့နဲ့ ပတ်သက်နေမလားဘဲ ... "

"ဘာ ... "

"အတ္တဆိုတဲ့ကောင်က သူတစ်ယောက်တည်း တောင်ပေါ်ကိုတက်လာပြီ ... ရွှေသတ္တုသိုက်သတင်းကို မုဆိုးလုဒိဆီမှာ စုံစမ်းဖို့ကြိုးစားတာ ဆိုရင်ရော ... "

"အေးနော် ... "

"ဒါကြောင့် ... ကျွန်တော်တို့လိုက်လာမှန်း သိရဲ့သားနဲ့ ... ရှောင်ထွက်မသွားဘဲ ... ဦးဖုန်းရမ်ဆိုတဲ့လူကြီးနဲ့ ဝင်ရောနေတာလေ ... အဲဒီတော့ ကျွန်တော် သတ်မှာကိုကြောက်လို့ ထွက်ပြေးလာတာထက်စာရင် ... ရွှေသတ္တုသိုက်ကြီး ဘယ်မှာရှိတယ်ဆိုတာ သေသေချာချာသိဖို့ ... မုဆိုးလုဒိတို့



နောက်ကို တကူးတက အပင်ပန်းခံပြီးလိုက်လာခဲ့တာပဲ ဖြစ်ရမယ်လို့ ကျွန်တော် ယူဆတယ် ... "

"ဖျောက် ... "

မမလေးအနော်မှာ ဖျောက်ခနဲ လက်ဖျောက်တစ်ချက်ကိုတီးလိုက်ပြီး ... ။

"တော်လိုက်တာ လေပွေရယ် ... ဒါကြောင့် ... မင်းကို ... မမလေး အားကိုးတာ ... ဆုချမယ် ... ဆုချမယ် ... မင်းကို မမလေး ဆုချမယ် ... ဟင်း ... ဟင်း"

လေပွေ ...

မျက်နှာမထားတတ်တော့။

မမလေးရှေ့မှာ ဘယ်လိုနေရမှန်းလဲမသိတော့။

ကင်းမြီးကောက်ထထောင်လိုက်ရင်ကောင်းမလား။

ဒါမှမဟုတ် ... ဟိုခပ်လှမ်းလှမ်းက ထင်းရှူးပင်ကြီးပေါ်ပဲ မျောက်တစ်ကောင်လို ပြေးဖက်တက်ပစ်လိုက်ရင် ကောင်းမလား။

မမလေးရာ ...

ဆုကတော့ မမလေး ကြိုက်သလိုချပါ။

ကျွန်တော် မငြင်းပါဘူး။

အင်း ... ဟင်း ... ။

လေပွေသည် သဘောခွေ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုန်ပလုံတုံစွ ဖြစ်နေသည်။

မှန်တိုင်း မျက်စောင်းထိုးနေတာကိုလည်း လေမှေ့မသိ။

ကျောက်တုံးကြားမှာရောက်နေတဲ့ လုဒိကတော့ တဲကို အမြန်ဆုံးရောက်သွားဖို့ပဲ စိတ်အားထက်သန်နေသည်။

လက်နက်အပြည့်အစုံနဲ့လူတွေ ... ။

သူတို့သုံးယောက်ကို မကြာခင် ... ဒုက္ခပေးဖို့ရောက်လာကြတော့မည်။

နေနီနဲ့ ဦးဖုန်းရမ်ကိုခေါ်ပြီး ... ဒီတောင်ပေါ်က အမြန်ဆုံးစွန့်ခွာမှာဖြစ်တော့မည်။

ည ...

ပိန်းပိတ်အောင် မှောင်နေတဲ့ည။

ရေခဲတောင်ကြီးပေါ်မှာတော့ အေးစက်ထုံကျင်နေတဲ့လေတွေ၊ တဝေါဝေါစတိုက်လာနေပြီ ... ။

---- ❀ ----





## အခန်း (၁၂)

"ဟိတ် ... တစ်ယောက်မှမလှုပ်နဲ့ ... "

လုဒိ နောက်ကျသွားသည်။

လက်မတင်ကလေး ပိုင်းမိသွားသည်။

သွက်လိုက်တဲ့ အနော်မာမမ ...

မှဆိုးတဲကို သူ့လူတွေနဲ့ လက်နက်အပြည့်အစုံကိုင်ပြီး ဝိုင်းထားလိုက်ကြပြီ။

"လုဒိ ... "

အနော်မာသည် သူမလက်ထဲက ပစ္စတိုသေနတ်နဲ့ ဆိုဒ်ရှိန်ရင်း ရှေ့ကိုတစ်လှမ်းချင်းတက်လာသည်။ သူမမျက်လုံးများသည် ရမ္မက်နဲ့ လောဘနှစ်ခုစလုံးကို ထင်ဟပ်နေကြသည်။

"မင်း ... ကိုယ့်ကို မှန်မှန်ပြောစမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ခင်ဗျား ဒီကို ဘာလာရှုပ်တာလဲ ..."

"မင်း ... မင်း ပြေးတော့မယ်ပေါ့လေ ... ဟုတ်လား ဒီတောင်ပေါ်ကနေ ညတွင်းချင်း ဆင်းပြေးဖို့ မင်းဆုံးဖြတ်လိုက်ပြီပေါ့ ..."

အထုပ်အပိုးတွေ ပြင်ဆင်နေတာကို သူမတွေ့သွားပြီ။

ဦးဖုန်းရမ် တက်ခေါက်နေသည်။

နေနီ အံကြိတ်ထားသည်။

လုဒိကတော့ အေးအေးပဲ။

တကယ့်ကို တည်တည်ငြိမ်ငြိမ်ပဲ။

"ခင်ဗျားကြိုက်သလို ယူဆနိုင်တယ် ... ကဲ ... ခင်ဗျား ဘာဖြစ်ချင်သလဲဆိုတာပဲ ပြော ..."

"ကြားတယ်ဗျာ ... မမလေး လုပ်စရာရှိတာကို မြန်မြန်လုပ်လိုက်ရင် ကောင်းမယ် ..."

လေပွေ စိတ်မရှည်။

ဖမ်းစရာရှိရင် ... တစ်ချက်တည်း ဖမ်းပစ်လိုက်ချင်သည်။

"ဟေ့ ... လုဒိကို ဖမ်းလိုက်စမ်း ..."

အမိန့် ... ။





သခင်မလေး အနော်မာရဲ့ အမိန့်။

လေပွေက လောသည်။

မျက်နှာလုပ်ချင်တာက များတော့ သူ့ကိုယ်သူ မှားသွားတာ မသိလိုက်။

"ဟေ့ကောင် လက်မြှောက်စမ်း ..."

"ဟင် ..."

ရှေ့ကိုမည်းပြီး အတင်းစွတ်ဝင်လာသည်။

"ဟိတ် ..."

လုဒိကိုယ်သည် လေထဲကိုမြောက်တက်သွားပြီ။

"ဖောင်း ..."

"ဖြောင်း ..."

လေထဲမှာတင် လေပွေသွားတွေ အတောင့်လိုက် ချွတ်ထွက်သွားအောင် ကန်ထည့်လိုက်သည်။ ကျောက်တုံးကြီး ပေါ်ကို ခုန်တက်သွားသည်။

"ဟာ ..."

လူတွေအားလုံး ကြောင်နေသည်။

လူတွေအားလုံး ငုတ်တုတ်မေ့နေကြသည်။

မမေ့တာ တစ်ယောက်တည်း ...

အဲဒါ ... ကျားသစ်နက်မလေး အနော်မာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

ခြောက်လုံးပြူးသေနတ်ထိပ်မှာ ... ဒိုင်းခနဲ မီးနီး တစ်ပွင့်ပွင့်သွားသည်။

တစ်ချက်တည်း ...

တစ်တောင့်တည်း ...

"အား ..."

ညာဘက်ခြေထောက် ကျောက်တုံးပေါ်အကျမှာ ဘယ်ဘက်ခြေထောက်ကိုပြန်သိမ်းလိုက်တာ နောက်ကျသွားသည်။

ပူခနဲ ဖြစ်သွားတဲ့ အထိအတွေ့နဲ့အတူ ကျောက်တုံးကြီးပေါ်ကနေ ခွေခနဲ ပြုတ်ကျသွားတဲ့ လုဒီ။

"ထိသွားပြီ ..."

"ထိသွားပြီ ..."

"ဟေး ..."

"ဟေး ..."

လက်နက်တွေအပြည့်အစုံနဲ့ ထိုးချိန်ထားတဲ့လူတွေရဲ့အလည်မှာ လုဒီ ခွေခွေကလေး လဲကျနေသည်။

"ဟော့ အားလုံးဖယ်စမ်း ..."

အသည်းအသန်ပြေးလာတာ အနော်မာ။

သူမ မလွှဲသာလို့ ခြေထောက်ကိုပစ်လိုက်ရတာပါ။





"အား ..."

"အင်း ..."

လုဒီ ခြေထောက်ကို လက်နဲ့ဖိထားသည်။

သွေးတွေ ဒလဟော ထွက်နေသည်။

"သူ့ကို တို့စခန်းရောက်အောင် ပုခက်လုပ်ပြီး အမြန်ထမ်းခေါ်ခဲ့စမ်း ... ပြီးတော့ ဦးဖုန်းရမ်နဲ့ နေနီကိုလည်း ခေါ်ခဲ့ ငါပြောတာ ကြားလား ..."

"ကြားပါတယ် မမလေး ..."

သည်တစ်ခါတော့ မမလေးအနားကို ကပ်နေတာ လေပွေမဟုတ်။

မုန်တိုင်း ... ။

လေပွေက မထနိုင်။

ပြောလိုက်ရင် ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့။

ခံရရင် သူ့ထိပ်ဆုံးက ...

ကျောက်ဖျာစခန်း ...

မီးတွေ ထိန်နေသည်။

ဆီမီးတိုင်တွေ နေရာအနှံ့မှာ ထွန်းထားသည်။

လုဒီခြေထောက်က ဒဏ်ရာကို အနော်မာကိုယ်တိုင် ခွဲစိတ်ပြီး ဆေးထည့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ...

ကြင်နာစွာ လုဒီကို ပတ်တီးစည်းပေးနေသည်။

သူမကိုယ်တိုင် အနာကျက်ဆေးတွေကို တိုက်နေသည်။

"တောက် ... "

တောက်ခေါက်နေတာ လုဒီ ...

ဒေါသပုန်ထနေတာ လုဒီ ...

ကျောက်ခုတင်ဖြစ်နေတဲ့ ကျောက်ဖျာချပ်တစ်ခုပေါ်မှာ လှဲအိပ်ထားရင်း ခြေထောက်နဲ့ လက်တွေကိုပါ ကြိုးနဲ့ တုပ်ထားရသည်။

လုဒီရယ် ...

ကိုယ် ... မင်းကို အဲဒီလောက် မရက်စက်ချင်ပါဘူးကွယ် ... ။

စိတ်ကြွမ်းကိုယ်ကြွမ်းဖြစ်နေတဲ့မင်းကို မလွှဲသာလို့ ကိုယ်ဒီလောက်အထိ လုပ်ထားလိုက်ရတာပါ။

ကျောက်ဖျာချပ်ကြီးနဲ့တွဲပြီး ကြိုးတွေကို ခပ်တင်းတင်းတွဲချည်ထားလိုက်တော့ လုဒီ ဘယ်လိုမှ လှုပ်လို့မရတော့။

အဲ ... လှုပ်လို့ရတာ တစ်ခုရှိသည်။

ပါးစပ် ... ။





ပြီးတော့ နှုတ်ခမ်း။

"သွား ... သွား ... ကျုပ်အနားကနေ အခုချက်ချင်း ခင်ဗျားထွက်သွား ... "

အော်နေသည်။

လှုပ်လို့မရနိုင်တဲ့ကြားက လှုပ်ရှားရုန်းကန်နိုင်ဖို့ [illegible]ကျအောင် လုဒီကြိုးစားနေသည်။

"လုဒီ ... မအော်နဲ့လေ ... "

အနော်မာသည် လုဒီမျက်လုံးတွေကို စိုက်ကြည့်ရင်း [illegible]တုအသံနဲ့ ပြောနေသည်။

ပြီးတော့ ...

လုဒီ ကိုယ်ပေါ်က အကျီကြယ်သီးတွေကိုလည်း ... [illegible]လုံးချင်း ရွရွလေး ဖြုတ်ပေးနေမိ၏။

ချွေးတွေနဲ့ ရွှဲနစ်နေသော လုဒီကို သက်သာစေလို [illegible]နမှုံးတွေနဲ့ ဖြုတ်ပေးနေမိတာပါ။

"နေနီ ... နေနီ ဘယ်မှာလဲ ... နေနီကို လက်ဖျားနဲ့တို့ဖို့တောင် ခင်ဗျားတို့ မကြိုးစားနဲ့နော် ... နေနီကို စော်ကားဖို့ ခင်ဗျားလုံးဝမစဉ်းစားနဲ့ ... "

"ဟင်း ... ဟင်း ... လုဒီရယ် ... နေနီ ဟိုဘက်မှာရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နေနို့အတွက် မစိုးရိမ်စမ်းပါနဲ့ ... အရေးကြီးတာ ကိုယ့်

ကြောင့် ရခဲ့တဲ့ သေနတ်ဒဏ်ရာသက်သာသွားဖို့လေ

အနော်မာ့လက်တွေက လုဒီရင်ညွှန့်နေရာပေါ်

ခပ်ရွရွလေး ပွတ်သပ်ပေးရင်း အထက်အောက်ပြေးနေသည်။

မွေးညင်းစိမ်းကလေးတွေ ...

ကျစ်လျစ်တဲ့ အသားစိုင်တွေ ...

အနားမှာ ဘယ်သူမှမရှိ ...

သူ့လူတွေအားလုံးကို အထဲကနေ မောင်းထုတ်ထား

သည်။

အပြင်မှာ အေးနေသည်။

ကျောက်ဖျာချပ်ကြီးအောက်မှာ ပူနွေးနေသည်။

"အိပ်လိုက်ပါ လုဒီရယ် ... ဒီညတော့ မင်းအိပ်ပျော်အောင်

အိပ်လိုက်ပါနော် ... မင်းအနားမှာ ကိုယ်တစ်ညလုံး စောင့်

ပေးမယ် သိလား ..."

"မလိုပါဘူးဟာ ..."

"မင်းကိုယ့်ကို အဲလိုမပြောနဲ့လေ ... လုဒီ မင်းကြောင့်

ကိုယ် ..."

အနော်မာ ခေါင်းကလေး ငုံ့သွားသည်။

ပြီးတော့ ...





လုဒီရဲ့ နှုတ်ခမ်းတွေကို ပွတ်သပ်နေသည်။

လည်ပင်းတွေကို ပွတ်သပ်နေသည်။

လုဒီ ...

အိပ်ပျော်ပါစေကွယ် ...

"မထင်မှတ်ဘဲ ခုလို လုပ်လိုက်ရတဲ့အတွက် ... တို့ စိတ်

မကောင်းပါဘူး ... လုဒီက ကြမ်းကြမ်းရမ်းရမ်း ကြီးပြင်းခဲ့

သလို ... တို့ကလည်း ဒုစရိုက်လောကထဲက ယောကျ်ား

တွေကြားထဲမှာ မိုက်မိုက်ကန်းကန်းကြီးပြင်းလာခဲ့ရတဲ့ မိန်း

ကလေးတစ်ယောက်မို့ပါကွယ် ..."

မကြာလိုက်။

အိပ်ဆေးအရှိန်နဲ့ လုဒီ အိပ်ပျော်သွားသည်။

သို့သော် ...

လုဒီကို ပွတ်သပ်ပေးနေတဲ့ ကျားသစ်နက်မလေး

အနော်မာရဲ့လက်တွေက မရပ်သေး။

အပြင်မှာ ...

မည်းနက်နေတဲ့ တောအုပ်ကြီးတစ်ခုက အမှောင်

ထဲမှာ ထင်းထင်းကြီးရောက်နေသည်။

ထိုတောအုပ်ကြီးဆီကို အနော်မာသည် စိုက်ကြည့်

နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်ကနေ ဆက်သွားလျှင် ...

အတက်လွယ်ပြီး အဆင်းရခက်တဲ့ ချောက်ကမ်းပါး မတ်စောက်ကြီးတွေ။

လျှို့မြောင်ချိုင့်ဝှမ်းတွေ။

နိမ့်လိုက်မြင့်လိုက်ဖြစ်နေမဲ့ တောင်ကုန်းတွေ။

တသိမ့်သိမ့် တငြိမ့်ငြိမ့်တွေးရင်း သူမမောလာသည်။ သူမ ရေငတ်လာသည်။

ရေ ... ။

သူမ နှုတ်ခမ်းဝကနေ စီးဆင်းသွားမဲ့ရေ။

သူမအတွက် အာသာငမ်းငမ်းလိုအပ်ပါသည်။

"ဟင်း ... ဟင်း ..."

သူမ ထရပ်လိုက်သည်။

ပြီးတော့ ကွက်လပ်ကျယ်ကို ဖြတ်ပြီး နေနီကို ချုပ်ထားတဲ့နေရာကို ရောက်သွားသည်။

နေနီ့အနားမှာ တစ်ဖဝါးမှမခွာဘဲ စောင့်နေတာ လေပွေ၊ မုန်တိုင်းနဲ့ ရေလှိုင်း။

"ဟော့ကောင် ရေလှိုင်း ... မင်းအိပ်ချင် အိပ်တော့ ... ငါ ဆက်စောင့်လိုက်မယ် ..."

"မင်းအိပ်ပါ ... ငါ မအိပ်ချင်သေးလို့ ..."





"ဟော့ကောင်တွေ ဘာဖြစ်နေတာလဲ ... မင်းတို့နှစ်ယောက်စလုံး အိပ်လို့ရပြီ ... ငါရှိတယ် ဘာမှမပူနဲ့ ..."

သုံးယောက်စလုံး ...

အရမ်းစောင့်ပေးချင်နေကြ၏။

သူတို့မျက်လုံးတွေ ပြူးကျယ်နေသည်။

နေနီကို အလယ်မှာထားပြီး သူစောင့်မယ်၊ ငါစောင့် လုပ်နေကြသည်။

"ဟော ... ဘာတွေဆူညံနေတာလဲ ..."

"ဟင် ... မမလေး ..."

လာပြီ။

မမလေး ထွက်လာပြီ။

မျက်နှာက မကြည်လင်။

နှမ်းဖတ်နေသလို ဖြစ်နေသည်။

"မအိပ်သေးဘူးလား မမလေး ..."

"အိပ်လို့ မပျော်သေးပါဘူးကွယ် ..."

"ဘာလို့လဲ မမလေး ... ကျွန်တော့်ကို ခိုင်းလေ ..."

မမလေးအရိပ်အကဲကို အမြဲစောင့်ကြည့်နေတတ်တဲ့

မမလေးအနားကို ချက်ချင်းပြေးကပ်သွားပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... မမလေး အနှိပ်ခံချင်လို့ ... "

"မှာ ... "

လေပွေ့ရင်ထဲမှာ ကုလားဘုရားလှည့်သွား... ဘယ်သူမှ မသိလိုက်၊ ဝမ်းသာလုံးကြီး အင့်ခနဲ ဆို့တက်သွား... လည်း ဘယ်သူမှ မမြင်လိုက်။

"အေး ... ဒါပေမဲ့ ဒီည လေပွေ့နှိပ်တာကို မမလေး မကြိုက်... ဘူး ... မင်းမနှိပ်နဲ့ ... ရေလှိုင်း ... နှိပ် ... "

"ရက်စ် ... ရက်စ် ... "

လေပွေ ...

ချောက်ထဲကို ပြုတ်ကျသွားသည်။

လူလိုကျတာတောင် မဟုတ်။

ခွေးလို ဝက်လို ပြုတ်ကျသွားတာ။

ကံပေါ်သွားတာ ရေလှိုင်း။

သူတို့သုံးယောက်ထဲမှာ ရေလှိုင်းကရုပ်ရည်အချော... ဆုံးနှင့် အငယ်ဆုံး။

"ဘယ်မှာနှိပ်မလဲ မမလေး ... "

ရေလှိုင်းတက်ကြွနေသည်။

လက်တပြင်ပြင်ဖြစ်နေသည်။





"လာကွာ ... အထဲကိုပဲ သွားမယ် ... အထဲမှာ နွေးတယ် ကွ ... "

ကျောက်ဖျာချပ်ကြီးအောက်က ...

လှဒီ အိပ်ပျော်နေတဲ့အနားမှာ ...

"ရေလှိုင်း ... "

"ဗျာ ... "

"မမလေးကို ဇက်ကြောလေးတွေ အရင်ဆွဲပေးစမ်းကွာ"

"ဟုတ်ကဲ့ ... "

မမလေးက သူ့တင်ပါးတွေကို ပစ်ချထိုင်လိုက်ရင်း ...ဇက်ကြောကို အရင်ဆွဲခိုင်းသည်။

ရုတ်တရက် ရေလှိုင်းမထိရဲ။

မမလေးအနော်မာရဲ့ပခုံးသားလေးတွေက အိစက် ...နေသည်။

"အား ... အရမ်းမလုပ်နဲ့လေ ... ဖြည်းဖြည်း ... ဖြည်းဖြည်း ကျွတ်ကျွတ် ... ဇက်ကြောတွေက အရမ်းတက်နေတာပဲ ကွာ ... "

အနှိပ်ခံနေတဲ့အချိန်မှာ မမလေးရဲ့ခါးကလေးတွေ... ဆတ်ခနဲ ဆတ်ခနဲ ကော့ကော့သွားသည်။ မျက်တောင်လေး... တွေကလည်း ဖျတ်ခနဲ ဖျတ်ခနဲ စင်းစင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မမလေးသည် အိပ်ပျော်နေတဲ့ လုဒိဘက်ကို ထွေး ထားရင်း အနှိပ်ခံနေခြင်းဖြစ်သည်။

"ရေလှိုင်း ..."

"ဗျာ ..."

"မင်းကို မမလေး တစ်ခုလောက်မေးချင်လို့ ..."

"မေးလေ ..."

"နေနီနဲ့ မမလေး ဘယ်သူပိုလှသလဲ ..."

"ဗျာ ..."

မထင်မှတ်ထားတဲ့ မေးခွန်း။

"ဖြေလေကွာ ..."

"ဟာ ... မမလေးကလည်း သူနဲ့ မမလေး ဘာဆိုင်လို့ မမလေးက ပိုလှတာပေါ့ ... ပြီးတော့ မမလေးက သူ့ထက် ပိုပြီး ..."

ရေလှိုင်း ဆက်မပြောရဲ။

"ဟဲ့ကောင် ... ဆက်ပြောလေ ..."

"မမလေး စိတ်မဆိုးနဲ့နော် ..."

"မဆိုးဘူး ..."

"တောင့်တယ် ..."

"ဘာ ..."





ခွေးကောင် ... ။

ပြောမဲ့ပြောတော့လည်း တဲ့တိုးကြီး။

အနော်မာသည် ရေလှိုင်းစကားကြောင့် ရှက်ကိုး ရှက်ကန်းဖြစ်သွားသည်။

ပါးပြင်နှစ်ဖက်စလုံးမှာ သွေးရောင်ကလေးတွေ ရဲ သက်သွားသည်။

"ဟင်း ... ဟင်း ..."

"ဟင်း ... ဟင်း ..."

လုဒိဆီက တဟင်းဟင်းနဲ့ ညည်းညူလိုက်တဲ့အသံ။

"ရေလှိုင်း ... တော်ပြီ ... ကိုယ့်နေရာ ကိုယ်ပြန်သွားတော့"

လုဒိကို စိတ်မချ။

ရေလှိုင်းကို မောင်းထုတ်လိုက်သည်။

"ဟင်း ... ဟင်း ..."

"လုဒိ ..."

အနော်မာသည် လုဒိနားကို တိုးကပ်သွားသည်။ လုဒိ ဘက်ဖဝါးတွေကို သူမရဲ့ လက်ချောင်းတွေနဲ့ ဖျစ်ညှစ်ဆုပ်ကိုင်လိုက် သည်။ လုဒိနှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်လှုပ်ချင်နေ သည်။ တစ်ခုခုကို ပြောနိုင်ဖို့ အားယူနေသလိုပဲ။

"လုဒိ ..."



www.burmeseclassic.com

www.burmeseclassic.com



"လုဒီ ..."

သူမအသံပေးလိုက်ပေမဲ့ လုဒီ နိုးမလာပါ။

လုဒီ ယောင်နေတာပဲ။

လုဒီ အိပ်ပျော်နေတာပဲ။

လုဒီဘေးမှာပဲ သူမ ကွေးကွေးလေး အိပ်ပစ်လိုက်သည်။

တကယ်တမ်းကျတော့ အိပ်ချင်ယောင်ဆောင်နေတာ လုဒီ။

မျက်လုံးတွေကို ပိတ်ထားပေမဲ့ နားတွေကို စွင့်ထားတာ၊ အနော်မာမသိလိုက်၊ လုဒီဘေးမှာ တရှူးရှူးနဲ့ အိပ်ပျော်သွားပြီ။

မျက်နှာလေးကို လုဒီဘက် လှည့်ထားသည်။

ကိုယ်အောက်ပိုင်းကို ပုစွန်ထုပ်ကွေး ကွေးသလိုကွေးထားသည်။

လုဒီသည် မျက်လုံးတွေကို ဖွင့်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံး လှုပ်လို့မရ။ သေနတ်ဒဏ်ရာရှိနေတဲ့ ခြေထောက်တွေ နာကျင်ကိုက်ခဲနေသည်။

"ဟင် ..."





အနော်မာခါးမှာ ဓား။

ဓားတစ်ချောင်း ချိတ်ထားသည်။

ဒါပေမဲ့ ...

လှုလို့မရ။

လုဒီတစ်ကိုယ်လုံး ကြိုးတွေနဲ့ ချည်နှောင်ထားခြင်းကို ခံထားရသည်။

လုဒီ ...

အကြံထုတ်ရပြီ။

သူမခါးမှာချိတ်ထားတဲ့ ဓားကိုရအောင်ယူဖို့။

ဒဏ်ရာရနေတဲ့ ခြေထောက်။

ကြိုးမချည်ထားပေ။

ကြိုးစားပြီး လှုပ်ကြည့်တော့ လှုပ်လို့ရနေသည်။

လုဒီ ဝမ်းသာသွားသည်။

အတော်ပဲ ...

အနော်မာသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်။

ခြေထောက်ကို ဖြည်းဖြည်းချင်း ရွှေ့ယူလိုက်သည်။

ရောက်သွားပြီ။

အနော်မာ့ခါးပေါ်မှာ ...

"အင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ..."

အနော်မာသည် တစ်ချက်တော့ ဆတ်ခနဲ လှုပ်သွားသည်။

သို့သော် ...

သူမသည် မနိုး။

အိပ်ပျော်နေဆဲ ...

လုဒီသည် သူ့ခြေချောင်းလေးတွေနဲ့ညှပ်ပြီး ဓားကို ဖြုတ်ယူလိုက်သည်။

ဓားသည် ...

ကံကောင်းထောက်မစွာနဲ့ လုဒီ ခြေဖျားထိပ်မှာ အလွယ်တကူ ပါလာခဲ့ပြီ။

ဆယ်မိနစ်မကြာလိုက်။

လုဒီကိုယ်ပေါ်က ကြိုးတွေကို ဓားနဲ့ ဖြတ်ချလိုက်သွားသည်။

အရေးကြီးတာ ...

နေနီတို့ သားအဖနှစ်ယောက်။

သူတို့ကို လိုက်ရှာရမည်။

သည်အုပ်စုတွေလက်ထဲက ကယ်ထုတ်သွားနိုင်ဖို့ အရေးကြီးနေသည်။





"အား ..."

ခြေထောက်တစ်ဖက်က ကောင်းကောင်းထောက်လို့ မရ။

အကြောတွေကို တစ်ခုခုနဲ့ ဆွဲတင်းထားသလို နာကျင်နေသည်။

အပြင်မှာ မှောင်မည်းလို့။

သစ်ရွက်တွေက တဖြောဖြောကြွေနေသည်။

လေတွေက တဝေါဝေါတိုက်ခိုက်နေသည်။

လေထဲမှာပါလာတဲ့ အငွေ့

မိုးငွေ့ ...

မိုးရွာတော့မည်။

အပြင်ကို ထော့နဲ့ထော့နဲ့နဲ့ပဲ လုဒီ တစ်လှမ်းချင်း လှမ်းလိုက်သည်။

---- ✿ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"အိုင်း ... "
"အိုင်း ... "
"ဟာ ... "

လုခ်ခြေလှမ်းတွေ ကြားလိုက်ရတဲ့ သေနတ်သံ[illegible] ကြောင့် ဆတ်ခနဲ တုန်သွားသည်။

ထင်းရှူးတောထဲက လာတဲ့ သေနတ်သံ ...

"ဟော ... သေနတ်သံကြားတယ်ကွ ... "

"ဟုတ်တယ် ... "

"ဟောကောင်တွေ ထစမ်း ... "

စခန်းတစ်ခုလုံး လက်နဲ့ပုတ်နှိုးသလို ရုတ်ရုတ်[illegible] ဖြစ်သွားရပြီ။





အမှောင်ထဲက ကျောက်တုံးကြီးခေါ်တဲ့ အသာဝင် [illegible]သ်နေလိုက်တာ လုဒီ။

"မမလေး ... "
"မမလေး ... "
"ဟင် ... "

သေနတ်သံနဲ့ စခန်းထဲကလူတွေ အော်လိုက်တဲ့ [illegible]သံတွေကြောင့် အနော်မာ လန့်နိုးသွားသည်။

နိုးနိုးချင်း လုဒီကို ကြည့်လိုက်တော့ ...

သိပ်ထားတဲ့ ကျောက်ချပ်ကြီးပေါ်မှာ မရှိတော့။

"သေစမ်း ... "

ကိုယ့်ကိုယ်ကို ကြိမ်ဆဲပစ်လိုက်တာ အနော်မာ။

"လုဒီ ထွက်ပြေးပြီ ... "

ဓားနဲ့ ပစ္စတို ပျောက်နေသည်။

လုဒီ ယူသွားနဲ့ပုံရသည်။

"သေနတ်သံတွေကြားတယ် မမလေး ... ဟိုဘက်ထင်းရှူး တောထဲက ... "

"ဘယ်အဖွဲ့ကလဲ ... "

"မသိဘူး ... လှသံတွေကတော့ ဆူညံနေတာပဲ ... မီးတုတ် တွေလည်း ကိုင်ထားတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းသည် မမလေးကို သတင်းလာပို့နေသည်

အခြေအနေ မကောင်းတော့။

"ဟိုသားအဖနှစ်ယောက်ရော ..."

"ရှိတယ် ... ကျွန်တော်တို့အဖွဲ့ ထိန်းထားတယ် ..."

"လုဒ် ပျောက်နေတယ် ..."

"ခွေးမသား ... ခြေထောက်ဒဏ်ရာကြီးနဲ့ ထွက်ပြေးပြီ

တူတယ် ..."

သည်တစ်ခါတော့ ...

မုန်တိုင်း မအောင့်နိုင်တော့ ...

မမလေးရှေ့မှာတင် ခွေးနဲ့နှိုင်းပြီး ဆဲပစ်လိုက်သည်

"ကိုယ့်အဖွဲ့သားတွေအားလုံးကို အဆင်သင့်လုပ်ခိုင်းထား

စမ်း မုန်တိုင်း ... အခု တောင်ပေါ်ကိုတက်လာတဲ့ အဖွဲ့

ဦးမိတ္တအဖွဲ့ဖြစ်နိုင်တယ် ... အဗ္ဗနောက်မှာ တောနင်း

လိုက်လာတာပဲ ဖြစ်ရမယ် ..."

"သေချာတယ် မမလေး ..."

မုန်တိုင်းနောက်ကို ခပ်သွက်သွက်ပြန်လှည့်သွားပြီ

သူ့လူတွေကို ထိန်းချုပ်ကွပ်ကဲနိုင်ဖို့ဖြစ်သည်။

ထိုအချိန်မှာ ...



လုဒ်မျက်လုံးတွေက စွန်ရဲတစ်ကောင်ရဲ့မျက်လုံး

တွေလို ဖျတ်ခနဲ လှုပ်ရှားသွားသည်။

ကိုယ်ကို ဆတ်ခနဲ လှုပ်ပစ်လိုက်၏။

လုဒ်အနားက ဖြတ်လျှောက်သွားတဲ့ အနော်မာ။

"ဟိတ် ..."

"အင် ..."

လျှပ်တစ်ပြက် လှုပ်ရှားမှု ...

သန်မာတဲ့ လုဒ်လက်တွေက အနော်မာကို ချုပ်ကိုင်

ပြီးသား။

လုဒ်လက်ထဲက သေနတ်ပြောင်းလည်း အနော်မာ့

သည်ပင်းကို တစ်ချက်တည်းနဲ့ ထောက်ပြီးသားဖြစ်သွားသည်။

"ခင်ဗျား မလှုပ်နဲ့နော် ..."

"အို ..."

အနော်မာသည် တအံ့တဩ ထိတ်လန့်သွားသည်။

"နေနီ ဘယ်မှာလဲ ..."

တင်းမာတဲ့ လုဒ်အသံ။

သူတို့သခင်မလေး အနော်မာအဖြစ်ကို မုန်တိုင်းသိ

သွားပြီ။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



မုန့်တိုင်းလည်း ဘာမှမတတ်နိုင်။

"နေ ... နေနီကို ... ခေါ်ခဲ့ ..."

မမလေး အနော်မာနိုင်းတာကို လုပ်လိုက်ရုံပဲ။

ဦးဖုန်းရမ်နဲ့ နေနီ ...

လုဒီနားကို ချက်ချင်းရောက်လာသည်။

"ခင်ဗျားပါ လိုက်ခဲ့ရမယ် ..."

အခြေအနေက လျှပ်တစ်ပြက်ပြောင်းလွဲသွားသည်။

"ဘယ်ကိုလိုက်ခဲ့ရမှာလဲ ..."

"မမေးနဲ့ အရေးကြီးတာ ခင်ဗျားလူတွေ မလိုက်ဖို့ဘဲ — လိုက်လာရင် ခင်ဗျားကို မညှာဘူး ... ကျုပ်နာမည် လု[illegible] ခင်ဗျားလူတွေကို အမိန့်ပေးလိုက် ..."

"ဟေ့ ... မင်းတို့အားလုံး ကြည့်ရှောင်ကြ ... ငါနောက်ကို မလိုက်ခဲ့နဲ့ ..."

မုန့်တိုင်း တက်တခေါက်ခေါက်နဲ့ ကျန်ခဲ့သည်။

"လုဒီ ..."

နေနီသည် ကျားရိုင်းမလေးတစ်ကောင်လို ပေါ်[illegible] သွက်လက်နေသည်။ ဖြစ်လာသမျှအရာတွေအားလုံးကို ရင်ဆိုင်[illegible] အဆင်သင့်ဖြစ်နေပြီ။

"အခု ဘယ်ကိုသွားမလဲ ..."





"လက်နက်အပြည့်အစုံနဲ့ အဖွဲ့တစ်ဖွဲ့ တောင်ပေါ်ကို ထပ်တက်လာနေတယ် ... အားလုံးကို ရှောင်မယ် ..."

"ဒါဆို ... ဘယ်လမ်းကို ရွေးမလဲ ..."

"အဝီစိမာယာလမ်း ..."

မသိ ...

ထိုလမ်းကို နေနီမသိ။

ထိုလမ်းကို ဦးဖုန်းရမ်လည်း မသိ။

ထိုလမ်းကို အနော်မာလည်း မသိ။

အဝီစိမာယာလမ်း။

နာမည်ကိုက ကြောက်စရာကြီး။

"အင် ..."

အနော်မာသည် လုဒီလက်ထဲမှာ အစ်နေသည်။

အသက်ရှုကျပ်နေသည်။

လုဒီသည် အနော်မာ့ကို လှုပ်လို့မရအောင် ခပ်ကြမ်းကြမ်း ချုပ်ကိုင်ထားသည်။ ကျောက်ဖလူးလွှင်ပြင်ဘက်ကို အတင်းဆွဲခေါ်လာသည်။

မုန့်တိုင်းတို့အဖွဲ့ မျက်နှာငယ်လေးတွေနဲ့ အမှောင်ထဲမှာ ကျန်ခဲ့ပြီ။ ကျောက်တုံးကြီးတွေကြားထဲကနေ ကွေ့ပ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားနေရတဲ့လမ်း။ လမ်းက ကြမ်းနေသည်။ ဆွေးချုတွေ၊ ဆွေးခင်တွေက များနေသည်။

"လုဒီ ..."

"ဘာလဲ နေနီ ..."

"သူ့ကို ဝါးရုံပင်မှာ ကြိုးနဲ့ချည်ထားခဲ့ရင် ကောင်းမယ်"

"ဟုတ်တယ်ကွ ..."

ဦးဖုန်းရမ်ကလည်း ထောက်ခံသည်။

ဆက်ခေါ်သွားလို့ မဖြစ် ...

လုဒီခြေထောက်မှာ ဒဏ်ရာရှိနေသည်။

နဂိုကမှ ခရီးမတွင်ဖြစ်နေရတဲ့ ကြားထဲ။

"ဒိုင်း ..."

"ဒိုင်း ..."

"ဒက် ..."

"ဒက် ..."

"ဟာ ... ဆော်ကုန်ကြပြီ ..."

မုန်တိုင်းတို့အဖွဲ့နဲ့ ဦးမိတ္တအဖွဲ့ ... ။

ထင်းရှူးတောထဲမှာ မီးကုန်ယမ်းကုန် ဆော်ကုန်ကြသည်။

သေနတ်သံတွေ ဆူညံသွားသည်။





လုဒီတို့တက်လာတာ အပေါ်ဘက် ...

ထင်းရှူးတောသည် အောက်ဘက် ...

မီးရောင်တွေ တွေ့နေသည်။

ပြေးသံလွှားသံ ... အော်သံဟစ်သံတွေနဲ့ ထင်းရှူးတောအောက်ဘက်သည် ဧရာပွက်သလို ဆူညံသွားသည်။

"ဒိုင်း ..."

"ဒက် ..."

"ဟေး ..."

"ဝေး ..."

ဒုစရိုက်အဖွဲ့နှစ်ဖွဲ့ ...

တုံ့ငြိုးရန်စရှိခဲ့တဲ့ အဖွဲ့နှစ်ခု။

နှစ်ဖွဲ့စလုံးက အင်အားခြင်းမျှသည်။

ဘယ်ဘက်ကမှ ဒူးထောက်အညံ့ခံမှာ မဟုတ်။

သူသေကိုယ်သေ အပြတ်ရှင်းကြမဲ့ အဖွဲ့တွေ။

"အစ် ..."

"အင့် ..."

အနော်မာသည် လုဒီလက်တွေကြောင့် အသက်ရှူကျပ်နေသည်။ လုဒီဆွဲခေါ်ရာနောက်ကို လိုက်နေရသည်။

"လွှတ် ..."

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါ ... လုဒိ ဒီလောက်ဆို ... မင်းကို ဘယ်သူမှ နှောင့်ယှက်လို့ မရတော့ပါဘူး ... ကိုယ်အသက်ရှူကျပ် ... ကျပ်နေပြီ ... "

လုဒိ လွှတ်ပေးလိုက်သည်။

"ဟား ... "

အနော်မာသည် ခုမှလွတ်လပ်သွားသည်။

ခုမှ ကောင်းကောင်းမွန်မွန် လှုပ်ရှားနိုင်သွားသည်။

ရေခဲချောက်တွေရှိတဲ့ အစပ်ကို ရောက်နေပြီ။

"ဟင် ... "

မိုးစက်တွေ။

သူတို့ကိုယ်ပေါ်ကို ရုတ်တရက် ဝေါခနဲ ရွာချလိုက်သည်။ သူတို့အားလုံး ပုန်းခိုစရာမရှိတဲ့နေရာမို့ အားလုံးစိုရွဲသွားသည်။

"ဟိတ် ... "

အငိုက်ပြန်ဖမ်းလိုက်တာက အနော်မာ ...

"ဖြောင်း ... "

သေနတ်ကိုင်ထားတဲ့ လုဒိရဲ့လက်ကို ကိုယ်တစ်ပတ်လှည့်ပြီး ဖြောင်းခနဲ ရိုက်ချလိုက်ခြင်းဖြစ်သည်။

"ဒိုင်း ... "





"ဒိုင်း ... "

သခင်မလေး အနော်မာနောက်ကို လှို့ဝှက်လိုက်ပါအုံ့ လေမွှေ ... ။

သူ့လှုပ်ရှားမှုကို စတင်လိုက်သည်။

"ဟင် ... "

လုဒိလက်ထဲမှာ သေနတ်မရှိတော့။

"ဖောင်း ... "

"ဒုတ် ... "

"အင့် ... "

ခြေထောက်က ဒဏ်ရာကြောင့် ကောင်းစွာမလှုပ်ရှားနိုင်သေးတဲ့ လုဒိ။ သို့သော် လက်တွေက လှုပ်ရှားလို့ ရနေဆဲ။

အနော်မာရဲ့ရိုက်ချက်ကို ခံတိုက်ကွက်နဲ့ ပြန်တားလိုက်ပြီး ညာဘက်ကွက်လပ်ကို ခုန်အထွက် ...

"အွတ် ... "

အနော်မာသည် ကရာတေးသမားတစ်ဦးမှန်း ထိုအခါမှ လုဒိသိလိုက်ရသည်။

လုဒိအရှိက်ကို ဆိုက်ကစ်တစ်ခု ဝင်လာသည်။

ပြီးတော့ ... ဘက်ကစ်တစ်ခုက လုဒိခါးဆီ တည့်တည့်ထပ်ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆင့်ကန် ပတ်လည်တိုက်ကွက်။

"ဖြောင်း ..."

"ဖောင်း ..."

"အင့် ..."

"အစ် ..."

လုဒီ လဲကျသွားပြီ။

ပြေးတက်လာတဲ့ လေပွေလက်က သေနတ်သည် အနော်မှာလက်ထဲကို ဖျတ်ခနဲ ရောက်သွားပြီ။

"ပြေးပြီ ... ဟိုသားအဖနှစ်ယောက် ပြေးပြီ ..."

နေနီနဲ့ ဦးဖုန်းရမ် ...

သူတို့နှစ်ယောက် အသည်းအသန် တိုက်နေတုန်း ကျောက်တုံးကြီးတွေကြားထဲကို ပြေးဝင်ပျောက်ကွယ်သွားသည်။

မြန်လိုက်တဲ့ သားအဖနှစ်ယောက် ...

"ဝေါ ..."

"ဝေါ ..."

မိုးတွေက ပိုလို့တောင် သည်းကြီးမည်းကြီး ရွာ လာသည်။

"ဒိုင်း ..."

"ဒိုင်း ..."





နောက်ကအဖွဲ့တွေလည်း လိုက်လာပြီ။

ဦးမိတ္တလူတွေလား။

မုန်တိုင်းတို့အဖွဲ့တွေလား။

သေနတ်သံတွေကတော့ ခေါစကာလော်က် ပွဲ ကြမ်းမနေတော့၊ အသံတွေ ကျဲသွားသည်။

နှစ်ဘက်စလုံး ခြေကုန်လက်ပမ်းကျသွားခဲ့ကြပုံရ သည်။

"လေပွေ ..."

"ဗျာ ... မမလေး ..."

"နောက်ကို ပြန်လှည့်ပြီး မုန်တိုင်းတို့အဖွဲ့ကို သွားကူစမ်း"

"ဟင် ... မမလေးက ..."

"ပြဿနာမရှိဘူး ... လုဒီက ဒဏ်ရာနဲ့ ... သိပ်မလှုပ်ရှားနိုင် ဘူး ... ငါထိန်းထားနိုင်တယ် ..."

လေပွေ စိတ်မချ။

ဒါပေမဲ့ ... ဒါ မမလေးအနော်မာရဲ့ အမိန့်။

မုန်တိုင်းတို့ဘက်ကို လေပွေ ပြန်ဆင်းသွားသည်။

"ဟော ..."

မိုးက ရုတ်တရက် တိတ်သွား၏။

တောင်ပေါ်မိုးသည် အစိုးမရ။



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးရှာပြီး ချက်ချင်းပြန်တိတ်သွားတတ်တ[illegible]
မျိုး။

"လုဒီ ..."

လုဒီ တစ်ကိုယ်လုံး စိုရွှဲနေသည်။

"မင်း ဘာဖြစ်လို့ ကိုယ့်ကို ယှဉ်ပြိုင်ချင်ရတာလဲ ..."

အနော်မာသည် တိုးတိုးကလေးကပ်မေးလိုက်သည်။

လုဒီ ကျောက်တုံးကြီးတွေကိုမှီပြီး ထိုင်နေသည်။

အဆိုးဆုံးက ကျည်ဆန်ထိထားတဲ့ ခြေထောက်[illegible]
ထောက်လို့တောင် မရဲတော့။

အနော်မာသည် ... မိုးရေတွေနဲ့ စိုကပ်နေတဲ့ [illegible]
တစ်ကိုယ်လုံးကို လုဒီနဲ့ ပခုံးချင်းထိပြီး ပူးကပ်ဝင်ထိုင်ပစ်လို[illegible]
သည်။

ပြီးတော့ လုဒီပခုံးပေါ် တမင် ကိုယ်ကိုနွဲ့ပြီး မှီ[illegible]
လိုက်သည်။

"မင်း မကျေနပ်ရင် ကိုယ့်ကိုလည်းပင်းညှစ်ပြီး သတ်ချင်သ[illegible]
ပစ်လိုက်လို့ရတယ် လုဒီ ... မင်းခြေထောက်တစ်ဖက်[illegible]
လှုပ်လို့မရပေမဲ့ မင်းလက်တွေက လှုပ်လို့ရတာပဲ ဥစ္စာ [illegible]
မင်းသတ်ရင် ကိုယ်သေရဲပါတယ် လုဒီရယ် ... ကိုယ်[illegible]
မင်းကို ..."





ကိုယ်ကလေးနွဲ့မှီရင်း လုဒီလက်မောင်းအိုးကြီးကို
[illegible] ဆုပ်ဖက်ပစ်လိုက်ပြီ။

လုဒီ စိတ်ပြောင်းသွားသည်။

အခြေအနေက ကောင်းစွာမလှုပ်နိုင်သေးတဲ့ အခြေ
[illegible]

အနော်မာဆိုတဲ့ မိန်းမကြမ်းမကို အချိုသတ်ထားမှ။
ဟန်ဆောင်ဆက်ဆံထားမှ ဖြစ်တော့မည်။

"ဟင်း ... ဟင်း ... လုဒီရယ် ... ချမ်းလိုက်တာ ..."

"ဟာ ..."

လေတစ်ချက် ဝေ့တိုက်လိုက်တော့ အသည်းနိုက်
[illegible] အေးစိမ့်သွားရသည်။

"ကျွန်တော် ..."

"ဟင် ... ဘာပြောမလို့လဲ လုဒီ ... ပြောလေ ..."

"အရမ်း ... အရမ်းလှတဲ့ မိန်းမတွေကို ကြောက်လို့ ..."

"ဘာ ..."

"ခင်ဗျား အရမ်းလှတယ် ..."

"ဘုရားရေ ..."

အနော်မာ တစ်ချက်တည်းနဲ့ ကြွေသွားပြီ။

"ကျွန်တော်က မုဆိုးပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ် ... "

အနော်မာအသည်းထဲကို အဆိပ်ပြင်းတဲ့ မြား

တစ်စင်းပြီးတစ်စင်း စိုက်ဝင်နေသည်။

"လုဒိရယ် ... မင်းဆီက အဲဒီစကားတွေကြားရတာ ကို

ဝမ်းသာလိုက်တာ ... ကိုယ့်ရင်ကို မင်းလက်နဲ့ စမ်း

စမ်း လုဒိ ... ကိုယ့်ရင်တွေ အရမ်းခုန်နေတယ်သိလား

စမ်း ... စမ်းကြည့်စမ်းပါကွယ် ... "

လုဒိလက်ကို အတင်းဆွဲပြီး စမ်းခိုင်းနေသည်။

"အင်း ... ဟင်း ... ဟင်း ... "

လုဒိလက်တွေကို ဆုပ်ကိုင် စမ်းခိုင်းထားရင်း

အသက်ရှူသံတွေ ကြမ်းတမ်းလာတာ အနော်မာ။

"ကိုယ့် ... ကို ... ကိုယ့်ကို ... နမ်းစမ်းကွယ် ... "

အနော်မာသည် လုဒိဟန်ဆောင်နေတာကို

ရှေ့မှာ ...

တောကြီးတစ်ခုက နက်မှောင်နေသည်။

ထူထဲတဲ့ ချုံတွေနဲ့ ရှုပ်ထွေးနေသည်။

တောကြီးက တိတ်ဆိတ်သွားခဲ့ပြီ။

အနော်မာ ...

လုဒိဆီက လိုချင်တာ နှစ်ခု ...





တစ်ခုက ရမ္မက် ...

တစ်ခုက ရွှေသတ္တုသိုက်အချက်အလက်။

"ဟင် ... ဟင် ... "

"လုဒိ ... "

"ဟင် ... "

"ကိုယ့်ကို ယုံပြီလားဟင် ... ကိုယ့်မှာရှိသမျှတွေ အားလုံး

ယောဒိမုဆိုးလေးကို အပိုင်ပေးလိုက်ပြီနော် ... "

"အား ... "

"ဟင် ... လုဒိ ခြေထောက်က အရမ်းနာနေလို့လား ... "

"နာတယ် ... "

"လုဒိရယ် ... ကိုယ့်ကြောင့်ဖြစ်ရတာ ... ကိုယ်စိတ်မကောင်း

လိုက်တာ ... "

ခြေထောက်ကို မ,အရွေ့မှာ နာသွား၍ လုဒိကြိတ်

အော်လိုက်ခြင်းဖြစ်သည်။

"ရပါတယ် ... "

"ချမ်းလိုက်တာကွယ် ... "

အချမ်းဒဏ်ကို အနော်မာ မခံနိုင်။

"ဒိုင်း ... "

"ဒိုင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

သေနတ်သံနှစ်ချက် ကြားလိုက်ရပြန်ပြီ။

"သေနတ်သံတွေ အရမ်းနီးနေတယ် လုဒီ ..."

"ဘယ်လိုလုပ်မလဲ ..."

"လေပွေတို့ ... မုန်တိုင်းတို့ဆိုရင် ချက်ချင်းရောက်လာမှာပဲ သူတို့မဟုတ်ဘူးနဲ့တူတယ် ..."

"ဒါဆို ... ဘယ်သူတွေလဲ ..."

"ဦးမိစ္ဆာတို့အဖွဲ့ ..."

"ဟင် ..."

လုဒီ မသိတဲ့အကြောင်း ခေါင်းယမ်းပြလိုက်သည်။

"အစ္စရဲ့ဘော့စ်လေ လုဒီရဲ့ ... အစ္စက ဦးမိစ္ဆာကသေ[illegible] ရင်သေ ... ရှင်ဆိုရင် ရှင်ရတဲ့ကောင် ... သိပြီလား ဒီတောင် ပေါ်မှာ ရွှေသတ္တုသိုက်ကြီးတွေ့ထားတယ်ဆိုလို့ ... သူတို့ လိုက်နေကြတာ ..."

အနော်မာသည် အရမ်းလျင်သော အနော်မာဖြ[illegible] သည်။

လုဒီမျက်လုံးတွေကို ဖျတ်ခနဲ လှမ်းကြည့်ပြီးသား

လုဒီမျက်နှာကို ဖျတ်ခနဲ အကဲခတ်ပြီးသား ...

"အဲဒါ ... ရွှေသတ္တုသိုက်ကြီးရှိတယ်ဆိုတာ ဟုတ်လားဟင်"



"ဘယ်သူပြောတာလဲ ..."

"မုဆိုးတွေ ပြောလို့သိတာပဲ ..."

"အလကား ကောလဟာလတွေ ... ဒီတောင်ပေါ်မှာ ဘာမှ မရှိဘူး ..."

"လုဒီ မသိဘူးလား ..."

"မသိဘူး ... ရှိလည်း မရှိဘူး ..."

"ဒါဆို ... စောစောက နေနီတို့ကို ပြောလိုက်တဲ့ အဝီစိမာ ယာလမ်းဆိုတာ ဘယ်မှာရှိတာလဲ ..."

"ဘာ ..."

လုဒီ အငိုက်မိသွားပြီ။

အနော်မာသည် ထိုအချက်ကို ခေါင်းထဲစွဲအောင် [illegible]ထည့်ထားလိုက်တာ လုဒီ မသိလိုက်။

"အလကားပါ ..."

လုဒီ စကားကို ပေါ့ပစ်လိုက်ဖို့ ကြိုးစားလိုက်သည်။

အနော်မာသည် နောက်မဆုတ်တော့။

ရှေ့သို့တက်လာပြီ။

လုဒီ မပြောချင်တာကို ထပ်မေးနေပြန်ပြီ။

"လုဒီ ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို မညာခဲ့တော့ ... ကိုယ်လည်း မင်းကို မညာ
တော့ဘူး ..."

"ဘာလဲ ..."

"ရွှေသတ္တုသိုက်ကြီးရှိတယ်ဆိုတဲ့ သတင်းကြောင့် ကိုယ်တို့
အားလုံး တောင်ပေါ်ကို တက်လာခဲ့ကြတာ ... အဲဒီနေရာ
ကို မင်းသိတယ်မို့လား လုဒီ ... မင်း ကိုယ့်ကို အမှန်အတိုင်း
ပြောရမယ် ..."

"မသိဘူး ... လာမမေးနဲ့ ..."

"လုဒီ ..."

အနော်မာအသံ ကျယ်လောင်သွားပြီ။

လုဒီဘေးကနေ အနော်မာ ခွာလိုက်ပြီ။

"မင်းသိတယ် ... မင်းပြောကို ပြောရမယ် ..."

"ခင်ဗျား ... ခင်ဗျားတို့အားလုံး ရူးနေပြီ ..."

အနော်မာသည် နောက်ဆုတ်သွားသည်။

ကျောက်တုံးကြီးတစ်ခုရဲ့ဘေးကိုရောက်သွားသည်။

ပြန်ထွက်လာတော့ ...

သူ့မလက်ထဲမှာ သေနတ်။

လေပွေမျက်နှာရိပ် မျက်နှာကဲပြပြီး ဝှက်ထားခဲ့

တဲ့ သေနတ်။



"ဖြောင်း ..."

"ဖြောင်း ..."

သေနတ်မောင်းကို ဆွဲတင်ပစ်လိုက်သည်။

"မင်း ... ကိုယ့်ကို အမှန်အတိုင်းပြောမလား မပြောဘူးလား
လုဒီ ..."

ထိုးချိန်ထားလိုက်ပြီ။

"မင်းဆီကနေ လိုချင်တာ နှစ်ခုရှိလို့ ... မင်းကို အလိုလိုက်
နေတာ ... တစ်ခုက ရပြီးသွားပြီ ... ကဲ ... နောက်တစ်ခု
အဲဒီတစ်ခုက မရလို့ မဖြစ်ဘူး ... အဲဒါတွေ ကိုယ်လိုချင်
တယ် ... အဲဒီသတ္တုသိုက်ကို ကိုယ်ပိုင်ချင်တယ် ... အဲဒီ
ရွှေသတ္တုသိုက်ကို ဘယ်လမ်းက သွားရသလဲ ... မင်းပြော
တဲ့ အဝိစိမာယာလမ်းက သွားရတာလား ... ပြောလေကွာ"

"ဖြောက် ..."

"ချောက် ..."

"ဟာ ..."

မထင်မှတ်ထားတဲ့ အဖြစ်အပျက်။

အနော်မာ့နောက်ကို ရုတ်တရက် ရောက်လာတဲ့
ဘုံကြီး။

"ဝူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ရူး ..."

ကြောင်နေတဲ့ အနော်မာ့ကိုယ်ပေါ်ကို တအား
အုပ်ပစ်လိုက်သည်။

"ဒိုင်း ..."

"ရူး ..."

လူဝံကြီးနဲ့ အနော်မာ မြေပြင်ပေါ်ကို ဝုန်းခနဲလဲ
သွားသည်။

"ဂရား ..."

"ဂရား ..."

"ဒိုင်း ..."

"ဒိုင်း ..."

ထိုအချိန်မှာ ကျောက်တုံးကြီးတွေကြားထဲကို
ဝင်သွားခဲ့တဲ့ လုဒီ။

မသိတော့။

နောက်မှာ ဘာဆက်ဖြစ်သလဲဆိုတာ လုဒီမစဉ်း
ချင်တော့။

လောဘသမားတွေ ...

တောင်ပေါ်မှာ ပြန့်ကျဲရောက်နေသည်။

လူတွေက များ ...



လက်နက်တွေကများ ...

လုဒီအတွက် ထွက်လမ်းက တစ်လမ်းပဲရှိတော့
သည်။

သူတို့သတ်လို့ အသေခံမလား။

အဝီစိမာယာလမ်းက ဖောက်ထွက်ရင်း အသေခံ
မလား။

တစ်လမ်းကိုပဲ လုဒီ ရွေးရတော့မည်။

"ဟော ..."

"ခဝး ..."

"မမလေးရေ ..."

"မမလေး ..."

မုန်တိုင်းတို့အဖွဲ့ ...

လူတို့မမလေးနောက်ကို တောနင်းလိုက်လာရနေ
သည်။

အမှောင်ထုကို အကာအကွယ်ယူရင်း ...

အဝီစိမာယာလမ်းဘက်ကို ရောက်လာခဲ့တဲ့ လုဒီ

"လုဒီ ..."

"လုဒီ ..."

"ဟာ ..."

www.burmeseclassic.com

www.burmeseclassic.com



နေနီနဲ့ ဦးဖုန်းရမ် ...

လုဒ်ကို သေချာပေါက် အပိုင်စောင့်နေသည်။

"စိတ် ... စိတ်ပူလိုက်ရတာ လုဒ်ရယ် ... နင် ဘာမှမဖြစ်ဘူးနော် ..."

နေနီ လုဒ်ကို ဝမ်းသာအားရ ပြေးဖက်သည်။

"အချိန်မရှိတော့ဘူး နေနီ ... လမ်းဟောင်းကနေ တို့ဆင်းလို့ မရတော့ဘူး ... တို့ကိုတွေ့ရင် သူတို့သတ်ကြလိမ့်မယ်"

"ငါတို့ ဘာဆက်လုပ်မလဲ ..."

"အဝိဇ္ဇာလမ်းကို ရအောင်ဖြတ်ဆင်းမယ် ..."

"အဝိဇ္ဇာလမ်း ..."

ဦးဖုန်းရမ်သည် အဝိဇ္ဇာလမ်းဆိုတဲ့ နာမည်လေးက သူ့နှုတ်ကနေ တိုးတိုးကလေး ရွတ်ဆိုကြည့်နေလိုက်သည်။

ပြီးတော့ ...

ကျောထဲမှာ စိမ့်သွားသည်။

ခြေဖျားလက်ဖျားတွေ ပိုပြီးအေးစက်သွားသည်။

"တဲကိုပြန်ပြီး ကြိုးတွေ ငါသယ်လာခဲ့တယ် လုဒ် ... လိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေလည်း ငါယူလာတယ် ..."

"ခင်ဗျား သယ်နိုင်လား ..."

"သယ်နိုင်တယ် ..."



"ဒါဆို ... လိုက်ခဲ့ကြတော့ ... အချိန်မရှိတော့ဘူး ... ဘုန်းတော်တို့နောက်ကို မုန်တိုင်းတို့အဖွဲ့ သေချာပေါက် တောနင်းလိုက်လာလိမ့်မယ် ..."

"လုဒ် ..."

"ဘာလဲ ..."

"နင် ... ငါကို တွဲလေ ..."

ကြင်နာနေတဲ့ နေနီ ...

သူ့ဟာသူပြောပြီး သူ့ဟာသူ ပါးကလေးတွေရဲလို့။

---- ✿ ----

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ရှေ့မှာ ဆယ်ပေလောက်ဝေးတဲ့ ...

ရေခဲချောက်ကြီး ...

မှောင်နေသည်။

အက်ကွဲကြောင်းကြီးလည်း အဆုံးအစမရှိဝေးသွားသလိုဖြစ်နေသည်။

အောက်ကိုငုံ့ကြည့်လိုက်တော့ ...

ဘာမှ မမြင်ရ။

အောက်အက်ကွဲကြောင်းကြားထဲက တိုက်လာတဲ့လေတွေ အပေါ်ကို ပြန်တက်နေသည်။

"မြန်မြန်လာပါ ... နေနီရဲ့ ..."

"လုဒီ ..."





"ဘာလဲဟ ..."

"နင် ... နင် ... ရေခဲချောက်ထဲကို ကြိုးနဲ့ ဆင်းမလို့လား နင်အစုသွားနေတာ ရေခဲချောက်တွေ အများကြီးရှိတဲ့ဘက်ကို ရောက်နေပြီ ..."

"လိုက်မှာသာ လိုက်ခဲ့စမ်းပါဟာ ... သူတို့သတ်လို့ သေတာထက်စာရင် ... ကိုယ့်ဘာသာကိုယ် ရေခဲချောက်ထဲကျသေတာက ပိုတော်ဖိကောင်းသေးတယ် ..."

"ငါ ... ငါ ... မဆင်းရဲဘူး လုဒီ ..."

နေနီသည် မိန်းမသား။

ဒီလောက်နက်တဲ့ ရေခဲချောက်ကြီးထဲကို ... ခုနီအယ်လိုဆင်းရမလဲ။

ဦးဖုန်းရှမ်လည်း မျက်နှာပျက်နေသည်။

ခြေတုန်လက်တုန်ဖြစ်နေသည်။

"ဟင် ..."

ရှေ့ကအမှောင်ထဲမှာ ...

ခနော်ခနဲ့ ဝါးတံတားလေးတစ်ခု ...

မိုးခက် လေခက် ရာသီဥတုခက်တွေကြောင့် ခင်းထားတဲ့ အခင်းဝါးတွေက ဆွေးမြည့်ပြတ်ကျနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောက်ကြီးရဲ့ ဟိုဘက်သည်ဘက်ကို ဖြတ်ကူးလို့ရအောင် ထိုးထားတဲ့ ဝါးတံတား။

"ဟိုမှာ တွေ့လား ..."

"ဘာလဲ ..."

"ဝါးတံတား ..."

လုဒီသည် ဝါးတံတားလေးရှိရာဘက်ကို ဦးတည်ပြီး သွားနေသည်။

"ဟာ ... ရေခဲချောက်ကြီးက အနက်ကြီး ..."

နေနီ ထိတ်လန့်သွားသည်။

လုဒီရဲ့လက်မောင်းအိုးကြီးကိုလည်း အတင်းကျစ်ဆုံး ဆုပ်ဖက်ထားလိုက်သည်။

နေနီ လန့်နေသည်။

"အဲဒီဝါးတံတားကနေ ဟိုဘက်ကို ရောက်အောင် ဖြတ်ရမယ် ..."

"အမလေး ..."

အခုမှ သွေးနေနေတဲ့ နေနီ ...

အရင်က ကြွမ်းကြွမ်းတမ်းတမ်း နေခဲ့သလောက် အခုတစ်လော မိန်းကလေးစိတ်ဝင်ပြီး နွဲ့နွဲ့လေးဖြစ်ချင်နေ၏။

အဲဒါ ... လုဒီကြောင့် ...





လုဒီကို နေနီ ချစ်နေပြီ။

အနော်မှာ မမနောက်ကို လုဒီပါသွားမှာကိုလည်း နေနီသည်သေမလောက် စိုးရိမ်နေခဲ့သည်။

"အဲဒီတံတားပေါ်ကနေ ဖြတ်ရမယ် ... ဟုတ်လား လုဒီ"

"ဟုတ်တယ် နေနီ ... တို့ဖြတ်ပြီးတာနဲ့ အဲဒီတံတားကို ဖျက်ဆီးပစ်ခဲ့ရမှာပဲ ..."

လုဒီ ဦးဖုန်းရမ်ဘက်ကို မျက်နှာလှည့်[illegible]သည်။

"ဦးဖုန်းရမ် ..."

"ပြော ... လုဒီ ..."

"ဒီတံတားပေါ်ကနေ ခင်ဗျားအရင်ဖြတ် ..."

"ဘာ ..."

ဦးဖုန်းရမ် အသံတိတ်သွားသည်။

တံတားအခြေအနေကိုကြည့်ပြီး မျက်နှာတစ်ခုလုံး သွေးဆုပ်ဖြူရော်သွားသည်။

"ဟောကောင် လုဒီ ... ငါမဖြတ်ရဲဘူး ... တံတား ... တံတားက ဆွေးနေပြီကွ ..."

"ဟင် ..."

လုဒီ စိတ်ပျက်သွားသည်။

"မဆွေးပါဘူးဗျ ..."



www.burmeseclassic.com

www.burmeseclassic.com



လုဒီ တံတားဆီကို တိုးကပ်သွားသည်။

တံတားကို တစ်ချက်နင်းကြည့်သည်။

"ကျွန်တော် အရင်ဖြတ်မယ် ...! "

"လု ... လုဒီ ... "

နေနီ ...

လုဒီကို လွှတ်ပေးလိုက်ရပြီ။

လုဒီ ဖြတ်နေပြီ။

နောက်ဆုံးလမ်း။

"ဖွတ် ... "

"ဖြီ ... "

"အို ... "

"ဟာ ... "

တံတားအခြေအနေက ဆိုးနေသည်။

ကျိုးကျိုးဖျတ်ဖျတ်အသံတွေက မြည်နေသည်။

"လုဒီ ... သတိထား ... "

နေနီ အော်နေသည်။

လုဒီအတွက် စိုးရိမ်ပူပန်စိတ်တွေကြောင့် နေနီ့ရင်သည် တလှပ်လှပ်တုန်ခါအေးစက်သွားခဲ့သည်။

"ဟယ် ... "





လုဒီ ...

ဟိုဘက်ကို ရောက်သွားပြီ။

"ကူးလို့ရတယ် ... ကူး ကူး ... ဘာမှ မကြောက်နဲ့ ... "

လုဒီသည် ဝမ်းသာအားရပြန်အော်နေသည်။

အောက်ကိုပြုတ်ကျလိုက်ရင် မသက်သာ။

လုဒီ ကူးရဲပေမဲ့ နေနီက မကူးရဲ။

"သမီး ... နေနီ ... "

"အဖေ ... "

"ကူးလိုက်တော့ ... မကြောက်နဲ့တော့ ... "

ဦးဖုန်းရှမ်သည် သမီးလုပ်သူကို အားပေးနေသည်။

နေနီ ဖြတ်ကူးမဲ့ ဝါးတံတားထိပ်အစပ်ကနေ ဦးဖုန်းရှမ်စောင့်နေသည်။

မထူးတော့ ...

သေတစ်နေ့ မွေးတစ်နေ့ပင် ...

လုဒီကို နေနီမခွဲနိုင်၊ တွယ်တာနေမိပြီ။ လုဒီနောက်ကိုလိုက်ရမဲ့လမ်းက သည်တစ်လမ်းပဲရှိသည်။

"နေနီ ... ဖြည်းဖြည်းချင်း ဖြတ် ... အတောင်ဆုံးဝါးကို ထိန်းနင်း ... ကဲ ... ဖြတ်တော့ ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးဖုန်းရှိမ် ရင်တထိတ်ထိတ်နဲ့ပဲ နေနီကို လှမ်းကြည့်လိုက်သည်။

"ဟား ..."

နေနီ အသည်းအေးနေသည်။

ရင်ထဲမှာ တလှပ်လှပ်တုန်နေသည်။

တစ်လှမ်းပြီး တစ်လှမ်း ...

အောက်ကို ငုံ့မကြည့်ရဲ။

လေကပင့်တိုက်နေတော့ တစ်ကိုယ်လုံး ပို၍အေးစက်နေသည်။

"ဂွတ် ..."

"နေနီ သတိထား ..."

လုဒီကလည်း အော်နေသည်။

လုဒီ ကမ်းပေးထားတဲ့လက်ကို ဆွဲကိုင်နိုင်ဖို့ နေနီ ကရွေ့ရွေ့ လှမ်းလာနေသည်။

"လုဒီ ..."

"နေနီ ... မကြောက်နဲ့ ... ရပြီ ... ရပြီ ..."

"ဟား ..."

လက်နှစ်ခု တင်းကျပ်အောင် ဆုပ်ကိုင်မိသွားပြီ။

လုဒီနဲ့ နေနီကိုယ်လုံးဖလေး ...





နီးကပ်စွာ ပွေ့ဖက်လိုက်မိကြပြီ။

ဦးဖုန်းရှိမ်လည်း ကူးလာသည်။

သုံးယောက် ...

သေက်မရောက် သက်မပျောက်ကြသေး။

"ဟူး ... တော်ပါသေးရဲ့ကွာ ..."

ဦးဖုန်းရှိမ်လည်း အစုမှ အသက်ရှူပြောင်သွားသည်။ နေနီမျက်နှာလေးကလည်း အစုမှ ကြည်လင်တောက်ပလာသည်။

"ကြောက်လိုက်တာ လုဒီရယ် ... အသည်းတောင်အေးသွားတယ် ... ဟင်း ... ဟင်း ..."

လုဒီတို့နှစ်ယောက်ကို ဦးဖုန်းရှိမ်သည် မကြည့်။

မျက်နှာလွှဲထားသည်။

"ဒိုင်း ..."

"ဒိုင်း ..."

"ဟာ ..."

ကျည်ဆန်တွေ လုဒီတို့နားက နှိုးခနဲ ဝိုးခနဲ ဖြတ်သွားသည်။

ပစ်ပြီ။

လုဒီတို့သုံးယောက်ကို လှမ်းတွေ့သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောက်ထိပ်စပ်ကနေ ဝပ်ချပြီး လှိမ့်ထွက်လိုက်ရသည်။

လုဒ္ဒိလက်ထဲမှာ ဓား ...

တံတားကြိုးတွေကို ဖြတ်ချလိုက်ရှသည်။

"ဝုန်း ... "

"ဖြောင်း ... "

"ဖောင်း ... "

ကြောက်မက်ဖွယ်ရာ အသံကြီးတစ်ခု မြည်ဟည်းသွားသည်။

ရေခဲချောက်နှုတ်ခမ်းနဲ့ ဝါးတံတားကြီး ပစ်ရိုက်သွားတဲ့ အသံ။

"လိုက် ... "

"လိုက် ... "

"ပြေးပြီဟေ့ ... "

"ပြေးပြီ ... "

လက်နှိပ်ဓာတ်မီးရောင်တွေ တဝင်းဝင်းနဲ့ အုပ်လိုက်ကြီး ဝိုင်းလိုက်လာတဲ့လူတွေ ... ။

ရေခဲချော်ကကြီးရဲ့ဟိုမှာဘက်ကမ်း။

သစ်ပင်မရှိ။





ကျောက်တုံးကျောက်ဆောင်ကြီးတွေပဲရှိသည်။

သူတို့သေနတ်နဲ့ ဘယ်လိုမှ လှမ်းပစ်လို့မရတော့။

ကျောက်တုံးကြီးတွေနဲ့ ကွယ်သွားပြီ။

အနီမှိုင်းလမ်းကို ရောက်သွားပြီ။

ဦးဖုန်းရှမ်သည် သူတို့ရောက်နေတဲ့နေရာကို ထအံ့သြနဲ့ ငေးကြည့်နေသည်။

သူတစ်သက်နဲ့ တစ်ကိုယ် ဘယ်တုန်းကမှ မရောက်ဖူးတဲ့ နေရာ။

ကျောက်လွှာချပ်ကြီးတွေက အထပ်လိုက်ဖြစ်နေသည်။

အဲသည့်အပေါ်မှာ ရေခဲသားဖွဖွဖြူဖြူကြီးတွေက ဖုံးသားသည်။

သူတို့ဖြတ်နင်းလာခဲ့သော နေရာတွေအားလုံးမှာ ရေခဲတွေနဲ့ ပြန့်ကျဲနေသည်။

"ဒါ အဝီစိမာယာလမ်းရဲ့အစပ်ရှိသေးတယ် ... ဦးဖုန်းရှမ် ဒီလမ်းကို ဖြတ်ဖို့ ကျွန်တော်မရွေးချင်ဘဲ ရွေးလိုက်ရတာ ဟိုဘက်လမ်းက ဖြတ်ဆင်းပြီး သေရတာချင်းအတူတူ ဒီဘက်လမ်းက ဖြတ်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်တာပဲ —

www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းကလည်း သေဖို့နဲ့ ရှင်ဖို့ ... သေဖို့က ရာခိုင်နှုန်းကိုးဆယ် ... ရှင်ဖို့က ဆယ်ရာခိုင်နှုန်းပဲ ရှိတယ် ... ”

“ဘာ ... ”

“ကျွန်တော် ဟကယ်ပြောနေတာ ... ရှေ့မှာ အခက်အခဲတွေ အများကြီးတွေ့ရလိမ့်မယ် ... အရေးကြီးတာက မကြောက်နဲ့ သတ္တိရှိရမယ် ... စွန့်စားရမယ် ... ကျွန်တော်တို့ အခုရောက်နေတဲ့နေရာကနေ ဘယ်မှဆိုးမှ ရှေ့ကိုရောက်အောင် မသွားနိုင်ခဲ့ဘူး ... ကျွန်တော်ပြောတာ ... ခင်ဗျားယုံထား ... ”

ရှေ့မှာ မြေညီမဟုတ်။

ချောက်ကြီးတွေ ...

အောက်ကိုနိမ့်ဆင်းသွားတဲ့ ကျောက်ထပ်လွှာကြီးတွေ။

“ဟာ ... လုဒီ ... ”

“ဘာလဲ ဦးဖုန်းရမ် ... ”

“အနံ့ရတယ် ... ဘာနံ့လဲ ... ”

“အဲဒါ အဆိပ်ငွေ့တွေ ... ကျောက်ပတ်ကြားအက်တွေကြားထဲကနေ ထွက်လာတဲ့ အနံ့ ... ”

“ရှူ ... ရှူမိရင် ဘာဖြစ်မလဲ ... ”



“သေနိုင်တယ် ... ”

“ဟာ ... ”

“ဟိုးမှာ ကျောက်သုံးလုံးဆင့်ထားသလို ဖြစ်နေတဲ့ နေရာတစ်ခုကိုတွေ့လိမ့်မယ် ... အဲဒါ သေမင်းတမန်တောင်ကြားအစပဲ ... ”

“သေမင်းတမန်တောင်ကြား ... ”

ဦးဖုန်းရမ်သည် နှုတ်ခမ်းတွေပါ ဝိုင်းဟသွားပြီး သူ့ခံကိုယ်လုံး တောင့်တင်းအေးစက်သွားသလိုပါ ခံစားလိုက်ရသည်။

“ကဲ ... ကြာတယ် ... အဲဒီကိုရောက်အောင် အမြန်ဆင်းမယ် ... ”

အနံ့အသက်တွေ ...

ဆိုးဝါးတဲ့ အနံ့ပြင်းပြင်းတွေ ...။

လေထဲမှာ မျောပါနေသည်။

သည်အနံ့တွေကြောင့် မျက်လုံးတွေ ကြိမ်းစပ်သွားသည်။

အာခေါင်တွေ ခြောက်ကပ်သွားသည်။

“တဖြည်းဖြည်းနဲ့ ပိုဆိုးလာပြီကွ ... ”

“ဆင်း ... ဆင်း ... မြန်မြန်ဆင်း ... ”

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ကနေ အနိမ့်ကို ခက်ခက်ခဲခဲဆင်းနေရတဲ့ လမ်း။

ဝါးဆစ်တုတ်တစ်ချောင်းကို ဓားနဲ့ခုတ်ပြီး လှဒိုက်ထားရသည်။ ခြေထောက်က နာနေသည်။ ဝါးဆစ်တုတ်နဲ့ထောက်ပြီး သွားနေရသည်။

သည့်တော့ ...

ခရီးက သိပ်မတွင် ...

နောက်ကလိုက်လာနေတဲ့ အဖွဲ့တွေ ...

ဝါးတံတားအသစ်တစ်ခုကို ချက်ချင်းထိုးပြီး သေမင်းတမန်တောင်ကြားဘက်ကို ဒရောသောပါး ဆင်းလိုက်လာမှာ သေချာသည်။

သို့သော် ...

သည်တောင်ကြားရဲ့သဘာဝလျှို့ဝှက်ချက်တွေကို သူတို့ ဘယ်လိုမှသိမှာ မဟုတ်။

စောစောက မိုးရွာချလိုက်တာ ...

သူတို့ကံကောင်းသွားသည်။

ကျောက်ခွက်တွေ၊ ကျောက်အိုင်တွေထဲမှာ ရေတွေရှိနေသည်။





သည့်ရေသည် သူတို့အသက်တွေကို ကယ်ပေးမဲ့ ရေတွေဖြစ်နေ၏။

ဝါးရုံတောကြီး ... ။

သူတို့ရှေ့မှာ ထူထပ်ပိတ်ကျပ်နေသည်။

ရှေ့မှာလည်း ဘာမှမမြင်ရ။

မှောင်မည်းနေသည်။

"နေနီ သတိထား ..."

"အနံ့တွေက ပိုဆိုးလာပြီ လှဒိ ..."

"အသက်ကို ပြင်းပြင်းမရှူနဲ့ ... မှန်မှန်လေး ရှူ ... ရှေ့မှာ ကျောက်သုံးလုံးစခန်းကို ရောက်ပြီ ..."

သဘာဝဖြစ်ပေါ်နေတဲ့ အဆိပ်ငွေ့။

သည်အငွေ့ဓာတ်ကို ဘယ်သတ်ပင်မှ မခံနိုင်။

ခံနိုင်တာ ဝါးရုံတောကြီး။

"ဦးဖုန်းရမ် ..."

"ပြောကွာ ..."

"ဝါးရွက်တွေကို ရသလောက်ခူးပြီး ရေစိမ်ထောင်းရလိမ့်မယ် ..."

"အေး ..."

"အဲဒါ ခင်ဗျားအမြန်လုပ် ..."



www.burmeseclassic.com

www.burmeseclassic.com



သဘာဝရဲ့အဆိပ်ကို ဖြေမဲ့သဘာဝရဲ့ဆေး ... ။

"ရပြီ လုဒီ ... "

"နေနီ ... ရေယူခဲ့ ... "

ကျောက်ခွက်ထဲကဲ့ မိုးရေ။

"ပါးရွက်ထောင်းတာကို ရေနဲ့ တစ်ဝကြီး ဖျော်သောက် ... "

နေနီနဲ့ ဦးဖုန်းရှမ် သဘောပေါက်သွားပြီ။

သုံးယောက်စလုံး သောက်လိုက်ကြသည်။

"ဖြတ်မယ် ... သေမင်းတမန်တောင်ကြားကို အခုအချိန်က စပြီး ဖြတ်မယ် ... "

အလင်းရောင်တွေ မရှိ ...

ကြယ်ရောင် လရောင်တွေ မရှိ။

အနံ့တွေက ဆိုးပါဘိ။

လမ်းတွေက ဆိုးပါဘိ။

"အနံ့တွေ အရမ်းပြင်းလာပြီ လုဒီ ... "

"အဲဒါ ... အဆိပ်ငွေ့တွေဗျ ... "

"တခြားလမ်းမရှိဘူးလား ... "

"မရှိဘူး ... "

"ဝေါ ... "

ဦးဖုန်းရှမ် ... ။





ဒဝေါ့ခနဲ ထိုးအန်ချလိုက်သည်။

သည်အနံ့ဆိုးဒဏ်ကို သူဘယ်လိုမှ မခံနိုင်။

"မကြောက်နဲ့ ဘာမှမဖြစ်ဘူး ... "

နေနီသည် ...

သည်တစ်ခါတော့ ဦးဖုန်းရှမ်ကို တွဲခေါ်နေရ၏။

သူ့အဖေကို စိတ်မချ။ အသက်က ကြီးပြီ။

ပင်ပန်းဆင်းရဲတဲ့ဒဏ်နဲ့ အဆိပ်ငွေ့တွေရဲ့ဒဏ်တွေ ကို အသက်ကြီးတော့ ဘယ်လိုမှ မခံနိုင်။

လုဒီက ရှေ့ကနေ ဦးဆောင်ပြီးသွားနေသည်။

နေနီနဲ့ ဦးဖုန်းရှမ်သည် လုဒီနောက်ကနေ ဟိုကြည့် သည်ကြည့်နဲ့ ထိတ်လန့်တကြား လိုက်နေသည်။

"ဝေါ ... "

"ဝေါ ... "

ရှေ့မှာ ... ရေတွေအဆက်မပြတ် စီးနေတဲ့ချောင်း အလေး ... ။

စောစောက ရှာချလိုက်တဲ့ မိုးကြောင့် ရေစီးအား ကောင်းနေသည်။

"မြန်မြန်လာ နေနီ ... ဒီတစ်ကွေ့ကျော်ရင် သေမင်းတမန် တောင်ကြားလမ်းကို ကျော်ပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



"အဖေ မောနေပြီ လုဒီ ... "

ဦးဖုန်းရမ် ...

အသက်ရှူသံ ပြင်းနေသည်။

သူ့ကို ဒုက္ခပေးလိုက်တာ အဆိပ်ခတ်ငွေ့ ...

"အား ... ပူတယ် ... အရမ်းပူတယ် ... "

တစ်ကိုယ်လုံး အရေပြားတွေ ပူနေသည်။ စပ်ဖျင်းဖျင်းဖြစ်နေသည်။ မျက်လုံးတွေထဲကလည်း မျက်ရည်ပူတွေ စီးကျသည်။

"လုဒီ ... အဖေ့ကို ကြည့်ပါဦး ... "

လုဒီ သဘောပေါက်သွားသည်။

စောစောက သောက်ထားတဲ့ ဝါးရွက်ထောင်းရေတွေ ထိုးအန်ချလိုက်တော့ စံနိုင်ရည်နည်းသွားခဲ့ပုံရသည်။

"အား ... "

လုဒီ မျက်လုံးပြူးသွားသည်။

နေနီ့ဆီက အော်လိုက်တဲ့ အသံ။

နေနီနဲ့ ဦးဖုန်းရမ် ... ဘာမှမပြောမဆိုဘဲ ကျောက်ချပ်ကြီးတစ်ခုပေါ်ကို မောမောနဲ့ ထိုင်ချလိုက်ရင်းမှ အားခနဲ အော်သံထွက်ပေါ်လာခြင်းဖြစ်သည်။

"ပူတယ် ... ပူတယ် ... အား ... အား ... "





ဦးဖုန်းရမ် မထိုင်ရသေး။

နေနီ ခုန်ဆွခုန်ဆွဖြစ်နေသည်။

စုတ်သပ်အော်ရင်း သူမ တင်ပါးတွေကို လက်နဲ့ဖိထွတ်နေသည်။

"အဲဒါ ကျောက်မီးစုန်းပိုးကောင် ကိုက်တာ ... "

"အား ... အိုး ... ကျွတ်ကျွတ် ... "

"အား ... ဟင် ... "

"နေနီ ... ငါ့နောက်လိုက်ခဲ့ ... "

လုဒီ နေနီ့လက်ကို ဆွဲခေါ်သွားပြီ။

ဦးဖုန်းရမ်သည် နေရာမှာတင် ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ရပ်ကျန်ခဲ့သည်။

ရှေ့မှာ ချောင်း ...

နေနီ့ကို ဆွဲခေါ်သွားသည့်နေရာသည် ကျောက်တုံးခဲကြီးတွေနဲ့ ပြည့်နေတဲ့ ချောင်း ...

"နေနီ ... မကြောက်နဲ့ ... "

ချောင်းရေထဲမှာ နေနီ့ကို ဆွဲနှစ်ပစ်လိုက်သည်။

"ဗွမ်း ... "

"ဗွမ်း ... "

ချောင်းရေထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



နေနီနဲ့ လုဒီ ...

ချောင်းရေက နက်တော့ ချောင်းရေထဲမှာ နေ
ယက်ကန်ယက်ကန်ဖြစ်နေသည်။ ခြေထောက်လည်း ထောက်လို့
မရ၊ ရေက အသည်းခိုက်အောင် အေးနေသည်။

လုဒီသည် ချောင်းရေထဲကို ကျနေသည့် ရှည်မျော
မျော သစ်ကိုင်းကြီးတစ်ကိုင်းကို ဆွဲထားသည်။ လက်တစ်ဖက်က
နေနီကုတ်ပိုးက အင်္ကျီစကို စုကိုင်ထားရင်း ထိန်းချုပ်ထားသည်။

"နေနီ ... ဘယ်လိုနေလဲ ..."

"တို ... ထုံသွားသလိုပဲ ..."

ကြောက်ကြောက်နဲ့ နေနီ ဖြေနေသည်။

လုဒီ လုပ်ရပ်ကိုချက်ချင်းကြီးသဘောမပေါက်။

"ရပ်ပြီ ပြန်တက်မယ် ..."

ကျောက်တုံးကြီးတွေပေါ်ကတစ်ဆင့် ကမ်းပေါ်ကို
ပြန်ရောက်သွား၏။

"နေနီ ..."

"ဟင် ... လုဒီ ..."

"အဲဒီ ကျောက်မီးစုန်းပိုးက ကြောက်ဖို့အရမ်းကောင်းတယ်
ချောင်းရေထဲကို ရောက်တာမြန်လို့ ..."

လုဒီ မောနေသည်။





ကမ်းစပ်က ကျောက်တုံးကြီးကို ကျောမှီထားရင်း
အသက်ကို ဝအောင် ရှူနေသည်။

"ချောင်းရေက ရိုးရိုးရေမဟုတ်ဘူး ... သောက်လို့လည်း
မရဘူး ... တုံးခေတ်နဲ့ ကျောက်ချဥ်ခေတ် ရောစပ်ထားတဲ့
ရေ... ကျောက်မီးစုန်းပိုးကောင်ရဲ့အဆိပ်ကိုနိုင်အောင် အခု
ဘယ်လိုနေလဲ ..."

"ငါ့တင်ပါးတွေ ထုံနေတယ် ..."

"လာ ... သဲနဲ့ပွတ်လိုက် ..."

"ဟာ ..."

"ငါ ဟိုဘက်လှည့်နေမယ် ..."

ဖြစ်ချင်တော့ အဲလို။

တခြားနေရာဆို အကြောင်းမဟုတ်။

ခုတော့ ... တင်ပါး ...

"နင် လှည့်မကြည့်နဲ့ ..."

လုဒီ ဆန့်ကျင်ဘက်ကို မျက်နှာလှည့်ထားသည်။
နောက်ဘက်က ချွီးချွီးချွတ်ချွတ်အသံတွေ ကြားလိုက်ရသည်။

ပြီးတော့ ချောင်းစပ်က သဲနဲ့ပွတ်တိုက်နေတဲ့အသံး

ထိုအချိန်မှာ ...

တစ်ယောက်တည်းကျန်ခဲ့တဲ့ ဦးဖုန်းရှမ် ...



www.burmeseclassic.com

www.burmeseclassic.com



သူရပ်နေတဲ့ မလှမ်းမကမ်းတစ်နေရာကို စိုက်ကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

တောကြီး ...

ကျောက်ကမ်းပါးယံကြီးတစ်ခုက ဦးဖုန်းရမ်ရဲ့ဘေးမှာ ... ။

"ဒိုး ..."

"ဒိုး ..."

ကျောက်မီးစုန်းကောင်တွေ။

တဒိုးဒိုးနဲ့ ဖြတ်ပျံနေသည်။

အရောင်တွေက တလက်လက်တောက်နေသည်။ ကျောက်ကမ္ဘားယံကြီးဘေးမှာ အုံဖွဲ့ပြီး စွဲနေသည်။

ငြိမ်နေရင် အရောင်မထွက်။

ဒိုးခနဲ ပျံလိုက်မှ အရောင်ထွက်သည်။

"ဟာ ..."

ဦးဖုန်းရမ် မျက်လုံးပြူးသွားရပြီ။

သူရပ်နေတဲ့နေရာ ...

ဖြည်းဖြည်းချင်း နိမ့်ဝင်သွားသည်။

ပျော့အိပြီး ချိုင့်ခွက်တစ်ခုလို နိမ့်ဆင်းသွားသည်။





သည်အချက်ကို ကြာကြာရပ်လိုက်တော့မှ ဦးဖုန်း သိသွားခဲ့ခြင်းဖြစ်သည်။

"ဘာလဲဟ ..."

အောက်ခင်းကြမ်းပြင်သည် ကျောက်သားမဟုတ်။

နွံတစ်ခုလို ဖြည်းဖြည်းချင်း အိနေတဲ့ နေရာ။

ဦးဖုန်းရမ် မနေနိုင်။

အောက်က မြေကို လက်နဲ့ထိုးဆွကြည့်လိုက်သည်။

"ဟို ... ဘုရားသခင် ..."

ထင်မှတ်မထားခဲ့ပါ။

ဦးဖုန်းရမ် ဘယ်လိုမှ ထင်မထားခဲ့တဲ့ အရာ။

ရွှေ ...

ရွှေကြောကြီး။

လှိုဒီသည် ...

နေနီကို စောင့်နေသည်။

ရေထဲက နေနီ တစ်ခေါက်ပြန်ဆင်းနေသည်။

ကံကောင်းချင်တော့ သည်ချောင်းရေထဲမှာ နေနီနဲ့အတူပြီး ရေစီးမိခွင့်ရလိုက်ခြင်းကြောင့် လှိုဒီခြေထောက်က ဒဏ်ရာ ယူပစ်သလို သက်သာသွားသည်။

"နေနီ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ကိုယ်လုံး ရေတွေစိုရွှဲနေသည်။

ရေတွေစိုရွှဲနေသော သူမရဲ့ကိုယ်လုံးအလှက ပိုပြီး
တင်းရင်းလာသည်။ အဖုအထစ်၊ အဝှေအဝိုက်၊ အမို့အမောက်တွေ
ပိုပြီး ပြတ်သားထင်ရှားလာသည်။

"လှဒီ ..."

လှဒီသည် သူဆီပြေးလာသည့် နေနီတစ်ကိုယ်လုံး
ကို သိမ်းကျုံးပွေ့ဖက်ထားလိုက်သည်။

အဆိပ်ငွေ့သည် လှုကိုတိုင်းမှိုင်းစေသည်။ အကြော
အချဉ်တွေကို တောင့်တင်းစေသည်။ ဝါးရွက်ထောင်းဖျော်ရည်
ကြောင့် လှုကို အန္တရာယ်မပေးခဲ့သော်လည်း ခေါင်းတွေကိုတော့
ယစ်မူးသွားစေခဲ့သည်။

"ဟင်း ... ဟင်း ..."

တဟင်းဟင်းနဲ့ ညည်းညူလူးလွန့်နေတဲ့ နေနီး

လှဒီနဲ့အတူတူ ...

ချောက်ကမ်းပါးကြီးတစ်ခုထဲကို ထိုးကျလုဆဲဆဲ

"ဟောကောင် လှဒီ ..."

"ဟင် ..."

"မင်း မလှုပ်နဲ့ ... လှုပ်တာနဲ့ မင်းကို အသေပစ်မှာနော်
ဟောဒီမှာ တွေ့လား ... ဒုသေနတ် ..."





"ဘာ ..."

လှဒီနောက်ကို ရောက်နေတာ ...

တခြားလူမဟုတ် ... ။

ဦးဖုန်းရမ် ...

ပစ္စတိုသေနတ်ကို ကိုင်ထားသည်။

လှဒီမျက်နှာကို ထိုးချိန်ထားသည်။

နေနီသည်

ရုတ်တရက်ဆိုသလို ဦးဖုန်းရမ်ဘက်ကို ပြေးကပ်
သွားလိုက်ပြီ။

ဦးဖုန်းရမ်၏မျက်နှာသည် ...

ရက်စက်တော့မည့် မျက်နှာ ...

ဦးဖုန်းရမ်၏မျက်လုံးများသည် ...

ရက်စက်တော့မဲ့ မျက်လုံးများ ... ။

---- ❀ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ခင်ဗျား ... ခင်ဗျား ... ဘာလုပ်တာလဲ ဦးဖုန်းရှမ် ... ခင်ဗျား သစ္စာမဲ့လှချည်လား ..."

"ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ..."

လုဒီကို သေနတ်နဲ့ထိုးချိန်ထားရင်း ဦးဖုန်းရှမ် ခွင်ထိုးခွက်လန် ရယ်နေသည်။

"ခင်ဗျား ... ခင်ဗျား ..."

လုဒီ မယုံနိုင်။

အံ့ဩနေသည်။ မှင်သက်သလိုဖြစ်နေသည်။

"ဟောကောင် လုဒီ ... မင်းဘာမှပြောမနေနဲ့ ... မင်းရှာထားတဲ့ ရွှေသင်္ဘောသိုက်ကို ငါရှာတွေ့ပြီ ... အဲဒါကိုလိုချင်လို့





မင်းကို အလစ်မပေးဘဲ ငါပေါင်းလာခဲ့တာ ကြာပြီလေကွာ မင်းရဲ့အန္တအတာတွေအားလုံးကို ငါခံလာခဲ့တာတွေလေကွာ ..."

"တောက် ..."

လုဒီ ခံလိုက်ရပြီ။

ဦးဖုန်းရှမ်နဲ့ နေနီက တစ်ကျိတ်တည်း တစ်ဉာဏ်တည်း။

နေနီ ...

မျက်နှာပျက်ပျက်နဲ့ ဦးဖုန်းရှမ်နောက်မှာ ရပ်နေသည်။

လုဒီကို မကြည့်ရဲ။

လုဒီမျက်လုံးတွေကို ရင်မဆိုင်ရဲ။

"ခင်ဗျားလက်ထဲကို ဘယ်လိုလုပ်ပြီး ဒီသေနတ်က ရောက်လာတာလဲ ..."

"အဲဒါ ... အနော်မာသေနတ် ... ချုံထဲလွှင့်ကျသွားတာတွေ့လို့ ငါ ကောက်သိမ်းထားတာ ..."

ဝိရိလိုက်တဲ့ ဦးဖုန်းရှမ် ...။

"အဲ့ဆိုတဲ့ကောင်ကို ငါကယ်ထားတာလဲ အဲဒီအတွက်ပဲ အရေးကြီးတာက မင်းနဲ့ မင်းအဖေတွေ့ထားတဲ့ ရွှေကျော



www.burmeseclassic.com

www.burmeseclassic.com



ကြီး ... ဘယ်မှာရှိသလဲဆိုတာ ... ငါသိချင်လို့ပဲ လုဒီ ... ခုတော့ ငါတွေ့ပြီ ... အဲ့ဒီအတွက် မင်းကို သတ်ထားခဲ့တော့မှာပဲ ...”

“ဦးဖုန်းရမ် ...”

“ဘာလဲ လုဒီ ...”

ဦးဖုန်းရမ်သည် မျက်တောင်ကိုပင် မခတ်။

လုဒီကို တစ်ချက်ကလေးမှ အလစ်မပေးရဲ။

“ကျုပ်ကို သတ်လိုက်ရင် ... ဒီတောထဲကနေ ခင်ဗျား ဘယ်လိုသွားမလဲ ... တောင်ခြေကို ရောက်အောင် ခင်ဗျားဘယ်လမ်းက ဆင်းမလဲ ... ကျုပ်ကိုသတ်လိုက်ရင် ခင်ဗျားလည်း သေမှာပဲ ... ဒီလမ်းမှာရှိတဲ့ သဘာဝရဲ့လှို့ဝှက်ချက်တွေကိုခင်ဗျားသိလို့လား ... ကျုပ်ကိုပြောစမ်းပါ ဦးဖုန်းရမ် ... အခုရောက်နေတာ သေမင်းတမန်တောင်ကြားအဆုံး အဲဒီ မာယာလမ်းအစ မှသွားတတ်ရင် ... ခင်ဗျားတစ်ကိုယ်လုံး ပြာဖြစ်သွားမယ် ... ခင်ဗျားတစ်ကိုယ်လုံး အရိုးတခြား အသားတခြားဖြစ်သွားမယ် ... အဲဒါ ခင်ဗျားနားလည်လား”

“ဟင် ...”

ဦးဖုန်းရမ် သွေးပျက်သွားသည်။

“ဟုတ်တယ် အဖေ ... အအဖေမှားနေပြီ ... အဖေ့ရဲ့အငြိ





အစည်တွေကို နေနီလက်မခံတော့ဘူး ... လုဒီကို အဖေ မသတ်ပါနဲ့ ...”

“သမီးနေနီ ... နင် နောက်ဆုတ်စမ်း ... ငါ့ကိစ္စထဲမှာ နင် ဝင်မပါနဲ့ ...”

ဦးဖုန်းရမ် ... ကယောင်ချောက်ချားအော်နေသည်။ သွေးရူးသွေးတန်းဖြစ်နေသည်။

နေနီ ပြောတာကို လက်မခံ။

“ဒီကောင့်ကို အရှင်ထားလို့ မဖြစ်ဘူး ... ဒီကောင့်ကို ငါ အသေသတ်မှ ဖြစ်တော့မယ် ... အဖေ့ကို ဟိုးတစ်ခါတုန်းက ချောက်ကြီးတစ်ခုထဲကျအောင် တွန်းချခဲ့တဲ့ တရားခံဟာ လုဒီရဲ့အဖေ ... ဒီရွှေကျောက်ကြီးရှိတဲ့နေရာကို အဖေမသိအောင် ကြိုးစားနေလို့ အဖေ့ကို အသေသတ်ခဲ့တာလေ သတ်မယ် ... လုဒီအဖေကို ပြန်မသတ်လိုက်ရတဲ့အတွက် ဒီကောင့်ကိုပဲ အခုပြန်သတ်မယ် ... ကဲ ...”

“ဟာ ... အဖေ မလုပ်နဲ့ ...”

“အိုင်း ...”

“အို ...”

နေနီ တွန်းပစ်လိုက်တဲ့အရှိန်နဲ့ ဦးဖုန်းရမ်ယိုင်သွား ကျည်ဆန်က လုဒီကို မထိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

တောကြီးက ခတ်ငွေ့အဆိပ်တွေနဲ့ ပျံ့နေတဲ့

"ဝုန်း ... "

"ဟာ ... "

ခတ်ဆီတိုင်ကီကြီး ထပေါက်သလို ဝုန်းခနဲ

သွားတဲ့ အသံကြီးတစ်ခု။

မီးတောက်တွေ ချက်ချင်းထတက်လာပြီ။

"အမေ ... "

"အမေ ... "

"ဟောကောင် လုဒီ ... မင်းမပြေးနဲ့ ... "

"ဒိုင်း ... "

"ဒိုင်း ... "

ပစ်လည်းပစ်၊ လုဒီနောက်ကိုလည်း ဦးဖုန်းရမ်

လိုက်သွားသည်။

ဦးဖုန်းရမ် ... လူစိတ်ပျောက်သွားပြီ။

လောဘဇောတွေက ဦးဖုန်းရမ်ကို ရူးသွပ်သွား

ခဲ့ပြီ။

မီးတွေဝိုင်းနေတဲ့ တောကြီးထဲကို ဦးဖုန်းရမ်

ဝင်သွားသည်။





နေနီ ကြောင်နေသည်။

နေနီ အသက်ရှူမှားနေသည်။

ကျည်ဆန်က ထွက်တဲ့မီးပွင့်ကြောင့် လေထဲမှာ
မျောနေတဲ့ ခတ်ငွေ့တွေ မီးထတောက်ပေါက်ကွဲသွားရတာကို
ဦးဖုန်းရမ်တစ်ယောက် သိမှသိသွားပါလေစ။

"နေနီ ... "

"ဟင် ... လုဒီ ... "

လုဒီသည် အုံ့ဩဖွယ်ရာပင် နေနီနောက်ကို ရောက်
နေသည်။

"လာ ... မြန်မြန် ... "

ငိုင်နေတဲ့ နေနီလက်မောင်းတွေကို ခပ်ကြမ်းကြမ်း
ဆုပ်ကိုင်ပစ်လိုက်သည်။

မီးတောက်ကြီးတွေရဲ့အရှိန်ကြောင့် ... ဝါးတွေ
တဖြောင်းဖြောင်း ပေါက်ကွဲနေသည်။

လေတွေ တဟူးဟူးတိုက်လာသည်။

"ဗွမ်း ... "

တစ်နေရာပဲ မီးမလောင်တာရှိသည်။

အဲဒါ ချောင်း ...



www.burmeseclassic.com

www.burmeseclassic.com



ရေထဲကို နှစ်ယောက်သား လုံးထွေးပစ်ကျသွားသည်။

ကမ်းနှစ်ဘက်စလုံးမှာ မီးတွေ။

"ဝေါ ..."

"ဝေါ ..."

အဖေရှိစဉ်ကပင် ... အဖေကိုယ်တိုင်မဆင်းခဲ့တဲ့ ချောင်း။

သည်ချောင်းသည် တစ်နေရာအရောက်မှာကျောက်လိုဏ်ဂူကြီးတစ်ခုရဲ့အောက်ကို ဝင်သွားသည်။

အဖေ ဘယ်လိုမှ ချောင်းအတိုင်း မလိုက်နိုင်ခဲ့။

အဖေ ဘယ်လိုမှ ချောင်းအတိုင်း မထွက်ရဲခဲ့။

ဝင်တာနဲ့ သေမှာပဲဟု အစိုင်တွက်ထားခဲ့တဲ့ ချောင်း

"နေနီ ..."

နေနီသည် လုဒီလက်ထဲမှ လွတ်ထွက်သွားပြီ။

"နေနီ ..."

"နေနီ ..."

"ဟာ ..."

လုဒီရေထဲကနေ ဘယ်လိုမှ ခေါင်းမဖော်နိုင်တော့။

ကြမ်းတမ်းလွန်းတဲ့ ရေစီး။





အနက်ရှိုင်းဆုံးတစ်နေရာကို တရကြမ်းဆွဲခေါ်သွားအလိုဖြစ်နေသည်။

"ဒုတ် ..."

"အင့် ..."

ရုတ်တရက် ... ခေါင်းမှာ နာကျင်သွားတဲ့အတွေ့တစ်ခု။

သစ်မြစ်ဆုံကြီးလား။

ကျောက်တုံးကြီးလား။

လုဒီ မသိလိုက် ...

လုဒီ နောက်ဆုံး သိလိုက်သောအချက်မှာ ဗလုံးထွေးဖြင့် နေနီနာမည်ကို ခေါ်ဖို့ကြိုးစားလိုက်ခြင်းပဲဖြစ်သည်။

"နေ ... နီ ..."

---- ❀ ----



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"နေ ... နီ ... "

အမှောင်ထုကြီးတစ်ခုသည် ဖြည်းဖြည်းချင်း လင်း
လင်းလာသည်ဟု လုဒီ ခံစားလိုက်ရသည်။

ပထမဆုံး သူ့နှုတ်ခမ်းတွေ စတင်လှုပ်ရှားလာတဲ့
အချိန်တွင် နေနီဆိုသည့် နာမည်လေးကို နှုတ်က ခေါ်မိလျက်သား
ဖြစ်နေသည်။

"မင်း ... မင်းဘယ်မှာလဲ နေနီ ... "

သူတစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။

တစ်ခုခုက အရှိန်ပြင်းစွာ ပစ်ရိုက်ခံထားရသလို ခံ
စားနေရသည်။ ပထမဆုံး နှုတ်ခမ်းတွေလှုပ်သွားပြီး ဒုတိယလှုပ်ရှား
လာတာ လုဒီရဲ့ မျက်တောင်တွေ ...





"ဟင် ... "

ကောင်းကင်ပြာကြီး ...

တိမ်ဖြူတွေ လွင့်မျောနေသည်။

ကောင်းကင်ကြီးတစ်ခုလုံး လင်းထိန်နေသည်။

"နေ ... နီ ... "

လုဒီ ကောင်းစွာ သတိရသွားခဲ့ပြီ။

"နေနီ ... "

"နေနီ ဘယ်မှာလဲ ... "

"နေနီ ဘယ်ရောက်သွားပြီလဲ ... "

"အို ... "

သဲသောင်ပြင်ကြီးတစ်ခု ... ။ အဲသည့်အပေါ်မှာ
သူ ရောက်နေခဲ့တာပါလား။ မီးတွေ ...

ကမ်းနစ်ဖက်မှာ ညှပ်ပြီးလောင်နေခဲ့တဲ့ မီးတွေ။

မရှိတော့။ သစ်ပင်တွေ စိမ်းစိုနေသည်။

သစ်ရွက်တွေ တဖားဖားဝေနေသည်။

တောပန်းရောင်စုံတွေတောင် ပွင့်လို့။

"ဟာ ... "

လုဒီ အလူးအလဲ ထကြည့်လိုက်တော့။

ချောင်းကမ်းစပ်တစ်ခုရဲ့ဘေးကိုရောက်နေတာ သိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီး လုဒီမျက်လုံးတွေပါ ဝိုင်းစက်သွားရသည်။

"နေနီ … "

နေနီကို ချောင်းတစ်လျှောက်မှာ အသည်းအသ…
လိုက်ရှာကြည့်မိသည်။

"အို … "

ကံကောင်းထောက်မစွာ တွေ့လိုက်ရတဲ့ နေနီး
သဲသောင်ပြင်ပေါ်မှာ မှေ့မှေ့လေး။

"နေနီ … "

"နေနီ … "

လုဒီ ပြေးသွားသည်။

ပြီးတော့ … နေနီကို ပွေ့ဖက်ထူမ ပစ်လိုက်သည်။

နေနီ ရယ်နှစ်နေသည်။

နှုတ်ခမ်းလေးတွေက သွေးရောင်ယှဲ့ယှဲ့လေး ပြေ…
နေဆဲ။

"နေနီ … "

"ဟင် … "

နှုတ်ခမ်းလေးတွေ ဖျော့စနဲ့ လှုပ်သွားသည်။

မျက်တောင်ကော့ကော့လေးတွေ ဆက်ခနဲ လှုပ်…
သွားသည်။





"ငါ … ငါ လုဒီလေ … ငါ … လုဒီလေ … "

"လု … ဒီ … "

"ဟာ … "

လုဒီ တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို
…အားလိုက်ရသည်။

နေနီ …

လုဒီရင်ခွင်ထဲမှာ သတိကောင်းစွာ ပြန်ရလာခဲ့ပြီ။

"နင် … နင် ဘာမှမဖြစ်ဘူးနော် လုဒီ … "

"မဖြစ်ဘူး … "

"အို … ဝမ်းသာလိုက်တာ လုဒီရယ် … အဟင့်ဟင့် … "

ဝမ်းသာလွန်းလို့ကျတဲ့ မျက်ရည်။

ချောင်းရေထဲကနေ တစ်ညလုံး မျောပါလာခဲ့ပြီး
…ည်သဲသောင်ပြင်ကွေ့မှာ နှစ်ယောက်သား လာတင်နေခဲ့ခြင်း
…သည်။ လုဒီသည် နေနီကို သိမ်းကျုံးပွေ့ဖက်ထားသည်။

နေနီ ရှိုက်ငိုနေသည်။

ကိုယ်ကလေး သိမ့်ခါနေအောင် ရှိုက်ငိုနေသည်။

နေနီကျောပြင်ကလေးကို ပွတ်သပ်ပေးနေမိတာက…
…ဦး

ကြောက်မက်ဖွယ်ရာ …



www.burmeseclassic.com

တုန်လှုပ်ချောက်ချားဖွယ်ရာ ...
အိပ်မက်ဆိုးကြီးက လွန်မြောက်ခဲ့ရတဲ့ ...
သူတို့နှစ်ယောက်ရဲ့အဖြစ် ...
အဲဒါတွေအားလုံး ...
လုဒီ ဘာမှပြန်မတွေးချင်တော့။
လုဒီသွားချင်တာ ...
ပိုင်ရှင်မဲ့နေတဲ့ ...
ချောင်းစပ်က သက်ကယ်မိုးတဲကလေး။
တိတ်ဆိတ်လို့ ...
အေးချမ်းလို့ ...
ခုတော့ ...

နေနီပါးပြင်လေးနှစ်ဖက်ပေါ်ကိုပဲ အနမ်းမိုးတွေ ရွာချပစ်လိုက်သည်။

စာဖလှယ်ကို ချစ်ခင်လေးစားစွာနဲ့
တာဝန်သိသယ်ဒီကျွန်တော်ချန်လှပ်ခဲ့ပြီလို့ ...
နိုက်ရှုးဇင်